# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း (၁၁) ရက်၊ သောကြာနေ့၊ (19-4-2024)၊ အတွဲ (၃၂)၊ အမှတ် (၃၄၉)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားပြောကြားစဉ်။

ယနေ့ကျရောက်တဲ့ မြန်မာနှစ်သစ်ကူးအခါသမယမှာ မြန်မာ နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူအားလုံးအပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာရှိကြတဲ့ ကမ္ဘာသူကမ္ဘာသားများအားလုံး ဘေးဘယာများကင်းဝေးပြီး စိတ္တသုခ၊ ကာယသုခတို့ဖြင့် ပြည့်စုံကြ ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ယခုကာလဟာ ကျွန်တော်တို့မြန်မာတွေရဲ့ အယူအဆအရ နှစ်ဟောင်းမှာ ပြုလုပ် မိတဲ့ မကောင်းတဲ့အတွေး၊ အပြုအမူနဲ့ လုပ်ရပ်များကို အတာ သင်္ကြန် ရေနဲ့ဆေးကြောပြီး နှစ်သစ်မှာ ကောင်းမွန်တဲ့အရာများနဲ့ ပြန်လည်စတင်ဖို့ ပြင်ဆင်ကြတဲ့ကာလဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့တဲ့နှစ်ဟောင်းကာလ အတွင်းမှာကြုံတွေ့ခဲ့ရတဲ့အခက်အခဲနှင့်စိန်ခေါ်မှုများကို ရင်ဆိုင် ကျော်လွှားနိုင်ခဲ့ကြပြီးဖြစ်ပါတယ်။ ယခုနှစ်သစ်မှာလည်း ကျွန်တော် တို့အစိုးရအနေနဲ့ ပြည်သူအားလုံးရဲ့ ဇွဲ၊ သတ္တိ၊ ခိုင်မာတဲ့ယုံကြည်ချက် တို့နဲ့အတူ

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

"စုပေါင်းညီညာ အောင်ကြောင်းဖြာ" "ကြိုးစား အားထုတ်မှုကောင်းမှ ရလဒ်ကောင်းမည်" ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး နှစ်ဟောင်းက တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်များကိုသုံးသပ်ပြီး လာမယ့်နှစ်သစ်မှာ နိုင်ငံတော် အတွင်း တည်ငြိမ်အေးချမ်းပြီး နိုင်ငံတော်က ဆက်လက် လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးစား ဆောင်ရွက်...


နှစ်သစ်မင်္ဂလာအခါသမယတွင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊
အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း၊ ပညာဥစ္စာနှစ်ဖြာ တိုးပွားကြွယ်ဝခြင်း မင်္ဂလာအပေါင်းနှင့်
ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အင်းဝဘဏ်လီမိတက်

ရတနာပုံ
၂၀၂၄ ခုနှစ် ဧပြီ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# နှစ်သစ်ချိန်ခါမင်္ဂလာ ပြောင်းလဲတိုးတက်ကုသိုလ်ဆက်နိုင်ပါစေ

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသောလူမျိုးတိုင်း နှစ်ဟောင်းကုန်၍ နှစ်သစ်ဆန်းလာသည်ကို အလေးအမြတ်ထားကာ နှစ်ဆန်းရက်မြတ်တွင် ရိုးရာဓလေ့ထုံးစံအလိုက် ပွဲတော်များကျင်းပကြလေ့ရှိသည်။ ယခုဆိုလျှင် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဦးတန်ခူးလဆန်းတွင် မြန်မာ့နှစ်ကူး နှစ်ဆန်းရက်မြတ်ကာလပင်ဖြစ်ပါသည်။ နှစ်သစ်သို့ကူးပြောင်းသည့် နှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာပြည်တစ်ဝန်း၌ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်နာယူခြင်း၊ သက်ကြီးရွယ်အိုများကို ပြုစုကန်တော့ခြင်း၊ ဇီဝိတဒါနဖြစ်သော ငါးလွှတ်ပွဲ၊ နွားလွှတ်ပွဲကျင်းပခြင်း စသည်တို့ကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ မင်္ဂလာနှစ်သစ်ဖြစ်အောင် ပြုလုပ်ကြလေ့ရှိပါသည်။

မင်္ဂလာဟူသည် မကောင်းမှုဟူသမျှကို ပယ်ဖျက်တတ်သောသဘောရှိခြင်းကြောင့် ယခုလို ၁၃၈၆ ခုနှစ် မြန်မာနှစ်သစ်ဦးတွင် ကောင်းမှုမင်္ဂလာများဖြင့် တန်ဆာဆင်ခြင်းသည် ကောင်းမှုကုသိုလ်တရားများတိုးတက်ထွန်းကားပြီး ဘဝလမ်းခရီးပြောင်းလဲတိုးတက်လာရေးအတွက် မွန်မြတ်သောလုပ်ဆောင်ချက်ပင်ဖြစ်ပါသည်။ နှစ်ဟောင်းကုန်ဆုံးပြီး ယခုနှစ်သစ်ခရီးအစတွင် လူသားတိုင်း လူသစ်၊ စိတ်သစ်၊ အားမာန်သစ်များမွေးမြူကြကာ မိမိဘဝကိုကောင်းကျိုးချမ်းသာပြည့်ဝအောင် ကြိုးပမ်းကြရေး များစွာလိုအပ်ပါသည်။

ယခုနှစ်သစ်အဦးအစ၌ နှစ်ဟောင်းကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သော ကုသိုလ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လောကီလောကုတ်ရေးရာအဖြာဖြာတွင် တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကိုလည်း ပြန်လည်သုံးသပ်ကြည့်ကြရမည်ဖြစ်ပါသည်။ သင်္ကြန်ဟူသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသော်လည်း သင်္ကြန်ပွဲတော်ပြီးစီးပြီးနောက် နှစ်သစ်ကူးတွင်လည်း မိမိ၏ဘဝတိုးတက်ရေး၊ အကျိုးရှိရေး၊ ကုသိုလ်တရားများတိုးပွားရေးတို့ကို ဆောင်ရွက်ရန် နှစ်ဦးချိန်ကစ၍ ခိုင်မာသောဆုံးဖြတ်ချက်များမရှိပါက သင်္ကြန်၏ပြောင်းလဲခြင်းအဓိပ္ပာယ်၊ နှစ်သစ်မင်္ဂလာ၏ အဓိပ္ပာယ်တို့သည် မိမိနှင့်မဆိုင်သကဲ့သို့ဖြစ်သွားနိုင်သည်ကို အထူးဂရုပြုကြရပါမည်။

ထို့ကြောင့် နှစ်ဟောင်းကာလတွင် ကြုံတွေ့ခဲ့ရသော ကောင်း၊ ဆိုး လောကဓံအတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ပြုပြင်ကာ ပိုကောင်းလာအောင်၊ ပို၍တန်ဖိုးရှိသူဖြစ်လာအောင် လှုံ့လပြုသင့်ပါသည်။ မိမိ၏ မိသားစု၊ လုပ်ငန်းခွင်၊ ရပ်ရွာ၊ နိုင်ငံတော်အထိ မိမိတတ်စွမ်းသမျှ အတ္တပရမျှတအောင်၊ ကောင်းကျိုးချမ်းသာပြည့်ဝအောင် ကျင့်ကြံကြိုးပမ်းအားထုတ်ကြပါက မိမိကိုယ်တိုင်အတွက်သာမက အများအတွက် ကောင်းကျိုးချမ်းသာများ ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပေသည်။

ယခုနှစ်သစ်မင်္ဂလာချိန်ကစပြီး မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍ စိတ်ကိုဖြူစင်အောင်ထားကာ လောကီရေး၊ လောကုတ္တရာရေးတို့၌ စိတ်သစ်၊ အားမာန်သစ်တို့ဖြင့် ရည်မှန်းချက်ထားကြိုးစားခြင်းဖြင့် မိမိတို့၏ဘဝသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြောင်းလဲတောက်ပြောင်ထင်ရှားနေမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုကဲ့သို့ နှစ်သစ်မင်္ဂလာချိန်ခါကစပြီး ကောင်းမှုမင်္ဂလာများလွှမ်းခြုံဆောင်ယူကြခြင်းဖြင့် ကျန်းမာချမ်းသာဘေးရန်ကွာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပြီးလျှင် အမျိုးဘာသာသာသနာအကျိုးကို တိုးတက်ထွန်းကားအောင်ရွက်ဆောင်၍ ယခင်နှစ်များထက် ဘဝခရီးလမ်း၌ ပြောင်းလဲတိုးတက်ကြီးပွားကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရေးသားလိုက်ရပါသည်။

# သင်္ကြန်ကာလအတွင်း တောင်သမန်တံတားနှင့်အင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၇၀၀၀၀ လာရောက်လည်ပတ်ခဲ့



**မန္တလေး ဧပြီ ၁၈**

သင်္ကြန်ကာလအတွင်း တောင်သမန်တံတားနှင့်အင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၇၀၀၀၀ လာရောက်လည်ပတ်ခဲ့ကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

သင်္ကြန်ပွဲတော်ကာလ အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့ထိ တောင်သမန်တံတားနှင့် အင်းသို့ အနားယူအပန်းဖြေရင်းလာရောက်လည်ပတ်သည့် မန္တလေးမြို့အပါအဝင် ရန်ကုန်၊ နေပြည်တော် စသည့်မြို့ကြီးများမှ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ များပြားခဲ့ကြောင်း သိရသည်။

"သင်္ကြန်ရက်တွေက ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်လဲဖြစ်တဲ့အပြင် မြန်မာတစ်နိုင်ငံလုံးက လုပ်ငန်းတွေလဲ ရပ်နားထားတာဆိုတော့ တောင်သမန်တံတားနဲ့အင်းကို ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှုက တော်တော်လေး များပြားခဲ့တယ်။ တချို့ကျတော့လဲ သင်္ကြန်ရက်တွေမှာ တောင်သမန်တံတားနဲ့အင်းကို မိသားစုလိုက်လာပြီး အပန်းဖြေကြတာများပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့်ကြည့်ရှုနိုင်ရန် ငှက်လှေ အစီးရေ ၅၀ ကျော်ဖြင့်ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဧပြီ ၁၈**

မန္တလေးကားဈေးကွက်တွင် သင်္ကြန်အပြီး အရောင်းအေးလျက်ရှိပြီး ဈေးကွက်အကြိုက်ညာမောင်းကားများ၊ ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေသေးကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပွိုင့်သရီးကား အမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗွစ်၍၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး အမြင့်ကားများမှ တိုယိုတာအယ်လ်ဖတ်၊ တိုယိုတာကလူဂါ၊ တိုယိုတာဘင်ဂတ်၊ တိုယိုတာကရောင်း၊ တိုယိုတာနိုအာကားများ အမေးများသော်လည်း အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း၊ အရောင်းအဝယ် ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြားကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ထို့ပြင် လျှပ်စစ်သုံးကားများ ငွေကျပ်သိန်း ၁၅၀၀ ခန့်ပေါက်ဈေးရှိကြောင်း၊ ပြည်တွင်းတပ်ဆင်ထုတ်လုပ်ထားသည့် SKD (Semi Knocked Down) ကားများလည်း ငွေကျပ်သိန်း ၁၀၀၀ အောက် ဈေးတန်းတွင်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများအရောင်းအဝယ်ဖြစ်နေပြီး တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇော်ချမ်း အမျိုးအစားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များကို လူငယ်အများစု စိတ်ဝင်စားပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ကာ တင်သွင်းသည့် ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ အနည်းဆုံးငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ်နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားစီးပွားရေးလုပ်ငန်း ၄၅၀ ကို လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးသွားမည်

**မန္တလေး ဧပြီ ၁၈**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစား စီးပွားရေးလုပ်ငန်း ၄၅၀ ကို လုပ်ငန်းမှတ်ပုံတင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သော အသေးစား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အသေးစား စီးပွားရေးလုပ်ငန်း ၄၅၀ ကို လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ဘဏ္ဍာနှစ်အလိုက်လည်း တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူလုပ်ငန်းရှင်များ တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် လာရောက်လျှောက်ထားသူများကို လုပ်ငန်းမှတ်ပုံတင်များ ထုတ်ပေးကြောင်း သိရသည်။

"အခု ဘဏ္ဍာနှစ်အတွင်းမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် လုပ်ငန်းမှတ်ပုံတင် ၄၅၀ ကိုထုတ်ပေးသွားမှာပါ။ လုပ်ငန်းမှတ်ပုံတင်တွေရရှိပြီးတော့ မိမိတို့ထုတ်လုပ်တဲ့ ထုတ်ကုန်တွေကို ဈေးကွက်သို့ တရားဝင်ဖြန့်ဖြူးရောင်းချနိုင်မှာပါ။ ဒါ့ပြင် ဌာနမှာမှတ်ပုံတင်ထားတဲ့ လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်လုပ်ငန်းတွေကို စားသုံးသူတွေ ဘေးအန္တရာယ်မဖြစ်ဖို့အတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ထုတ်ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်အောင် ဌာနကနေ သင်တန်းပေးတာတွေ၊ သက်ဆိုင်ရာ ထုတ်ကုန်တွေကို ဓာတ်ခွဲစမ်းသပ်ပေးတာတွေပြုလုပ်ပေးသွားမှာပါ"ဟု ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကူးမြို့နယ် အောင်ချမ်းသာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အောင်ချမ်းသာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များနှင့်အတူ အောင်ချမ်းသာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စီမံကိန်းစာရင်းဇယားများဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ချမ်းသာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၈ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



**မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ကျီးကွဲကျောင်းတိုက် အောင်ပင်လယ် ဝေပုလ္လကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးစင်မောင်နှင့် ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။**

# ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ သင်္ကြန်ကာလအတွင်း ခရီးသွားဧည့်သည်ဦးရေ ၅၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့



**ပဲခူး ဧပြီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ သင်္ကြန်ကာလအတွင်း ခရီးသွားဧည့်သည် ဦးရေ ၅၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့ကြောင်း မိုးယွန်းကြီးအင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောပြ၍ သိရသည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ဧပြီလမှစ၍ ဌာနေရေပျော်ငှက်များဖြစ်သော မယ်ညို၊ ငှက်စလူးရေဘဲ၊ ဗျိုင်း၊ အော်ရော်ငှက်အပါအဝင် ရေပျော်ငှက်များ အများဆုံး တွေ့ရှိရမည်ဖြစ်ပြီး တစ်နှစ်ပတ်လုံး ကျက်စားနေထိုင်လျက်ရှိကြောင်း၊ မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် ရေဝပ်ဧရိယာဖြစ်သောကြောင့် သစ်ပင်ကြီးများ မရှိဘဲ မြက်တောဒိုက်တောများ ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

"မိုးယွန်းကြီးအင်း ဘေးမဲ့တောမှာ လှေလှော်မှုအပြင် အပန်းဖြေလို့ရအောင် စီမံပေးထားပါတယ်။ လည်ပတ်သူ အများစုကတော့ ရန်ကုန်၊ ပဲခူးဝန်းကျင်က ပါပဲ။ သင်္ကြန်ကာလမှာ ခရီးသွားဧည့်သည် အယောက် ၅၀၀၀ လောက် လာရောက်ထားပါတယ်။ ဒီမှာတော့ ရေပျော်ငှက်နဲ့ ဆောင်းခိုငှက် မျိုးစိတ်ပေါင်း ၁၂ မျိုးကို မှတ်တမ်းတင်ထားပါတယ်။ ရှားပါးငှက်မျိုးစိတ်ဆိုရင် ကြိုးကြာခေါင်းနီ၊ ငှက်ကျား၊ ခရုစုတ်ခေါင်းမည်းနဲ့ ငှက်ကြီးဝန်ပို စတဲ့မျိုးသုဉ်းလုနီးပါး ငှက်မျိုးစိတ်တွေကို ကာကွယ်စောင့်ရှောက်ထားပါတယ်"ဟု အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောပြသည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် ဧက ၁၅၆၀၀၊ စတုရန်းမိုင် ၄၀ ကျယ်ဝန်းပြီး အပန်းဖြေစခန်း၊ ကြာမျိုးစုံနှင့် ရေပျော်ငှက်တို့ကို ကြည့်ရှုရန် စက်လှေဖြင့် ဝန်ဆောင်မှုပေးထားကြောင်း မိုးယွန်းကြီးအင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုထံမှ သိရသည်။

**ASH**

# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ကျွဲကျောင်းတောင်ကျေးရွာနှင့် ကျွဲကျောင်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွဲကျောင်းတောင်ကျေးရွာနှင့် ကျွဲကျောင်းမြောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ရရှိခဲ့

**နေပြည်တော် ဧပြီ ၁၈**

၂၀၂၃-၂၀၂၄ ဘဏ္ဍာတွင် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်များကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် လယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ကုန်များ၊ ရေထွက်ကုန်များ၊ သတ္တုတွင်းထွက်များ၊ သစ်တောထွက်ကုန်များ၊ စက်မှုကုန်ချောများနှင့် အခြားပို့ကုန်များဟူ၍ ပို့ကုန်အုပ်စု ခုနစ်ခုဖြင့် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၁၄ ဒသမ ၈၉၉ သန်း ရရှိခဲ့ပြီး ပြည်ပပို့ကုန်အုပ်စုများတွင် နိုင်ငံခြားဝင်ငွေ စတုတ္ထအများဆုံး ရှာဖွေပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပို့ကုန်များကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် စက်မှုကုန်ချောအုပ်စုမှ အမေရိကန်ဒေါ်လာ ၈၈၄၈ ဒသမ ၀၆၇ သန်းဖိုးဖြင့် အများဆုံး တင်ပို့ရောင်းချပေးခဲ့ပြီး လယ်ယာထွက်ကုန်အုပ်စုမှ အမေရိကန်ဒေါ်လာ ၃၈၃၁ ဒသမ ၃၁၂ သန်းဖြင့် ဒုတိယအများဆုံး၊ အခြားပို့ကုန်ပစ္စည်းအုပ်စုမှ အမေရိကန်ဒေါ်လာ ၈၇၇ ဒသမ ၀၆၁ သန်းဖြင့် တတိယအများဆုံးနှင့် ရေထွက်ကုန်များကို အမေရိကန်ဒေါ်လာ ၇၁၄ ဒသမ ၈၉၉ သန်းဖြင့် စတုတ္ထအများဆုံးတင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်အုပ်စု၏ အဓိကပို့ကုန်ကဏ္ဍတစ်ခုဖြစ်သည့် ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၁၈၅ သန်းရရှိခဲ့ပြီး ပုစွန်များကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၇၄ သန်းဖိုး၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၄၅ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။ SKL



# မြန်မာနှစ်သစ်ကူးလက်ဆောင်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

“သူငယ်ချင်းရေ နှစ်သစ်ကူးပြီးတဲ့အခါမှာ ပုရစ်ဖူးလေးတွေ ဝေစည်နေကြသလိုပဲ နားရက်၊ အားလပ်ရက်၊ အပန်းဖြေရက်တွေများများရခဲ့ကြရင် လူတိုင်းလူတိုင်းဟာ ရွှင်လန်းတက်ကြွနေကြလေ့ရှိတယ်ကွ”

“တစ်နှစ်မှတစ်ခါပဲ ဒီလောက်အားလပ်ရက် အပန်းဖြေချိန်လေးရကြတော့ လူငယ်လူရွယ်တချို့က သင်္ကြန်တွင်းမှာ ပျော်ပျော်ပါးပါး ရေကစားခဲ့ကြတယ်။ တချို့လူငယ်လူရွယ်တွေနဲ့ လူကြီးတွေ၊ သက်ကြီးရွယ်အိုတွေကတော့ တရားစခန်းဝင်ခဲ့ကြတယ်ကွ”

“အရွယ်အလိုက် ဝါသနာကိုယ်စီရှိကြတော့ ကိုယ်စိတ်အားထက်သန်ရာဘက်ကို ပါသွားကြလေ့ရှိတယ်ကွ”

“ဝါသနာဆိုတာကလဲ စိတ်သာအဓိကပါကွ။ အဲဒီစိတ်ကို ဦးဆောင်နေတာက အသိပဲကွ။ အသိဆိုတာက ပညာဗဟုသုတအပေါ်မှာ မူတည်နေတယ်။ ထင်ရှားတဲ့ သာဓကတစ်ရပ်ကို ပြရမယ်ဆိုရင် သင်္ကြန်ကာလရဲ့ အဓိကကျတဲ့ နေ့ထူးနေ့မြတ်ကို လူတိုင်းသတိမပြုမိကြတာပဲကွ။ တချို့ဆိုရင် သင်္ကြန်ကာလ အတာကူးကာလဆိုတာကိုပဲ ယေဘုယျသိထားကြတယ်။ အဓိကကျလှတဲ့ နေ့ထူးနေ့မြတ်ကို မသိကြဘူးကွ”

“ရှင်းပြစမ်းပါဦးကွာ။ ငါတောင် သိသလိုလိုနဲ့ မသိဘူးကွ။ ယောင်ဝါးဝါးလောက်ပဲ နားလည်နေတာကွ”

“တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေရဲ့ ၁၂ လရာသီမှာ ၁၂ လပွဲတော်၊ ၁၂ လရာသီပန်းတွေရှိကြသလို ရာသီအလိုက် **“အခါတော်နေ့”** တွေ ရှိကြတယ်။ မြန်မာလတချို့ရဲ့ လပြည့်နေ့တိုင်းကို **“အခါတော်နေ့”** အဖြစ် သတ်မှတ်ထားတယ်။ ဝါဆိုလပြည့်နေ့ကို **“ဓမ္မစကြာအခါတော်နေ့”**၊ ဝါခေါင်လပြည့်နေ့ကို **“မေတ္တာအခါတော်နေ့”**၊ တော်သလင်းလပြည့်နေ့ကို **“ဂရုဓမ္မမြတ်သီလနေ့”**၊ သီတင်းကျွတ်လပြည့်နေ့ကို **“အဘိဓမ္မာအခါတော်နေ့”**၊ တန်ဆောင်မုန်းလပြည့်နေ့ကို **“သာမညဖလသုတ်အခါတော်နေ့”**၊ တပို့တွဲလပြည့်နေ့ကို **“ဩဝါဒပါတိမောက်အခါတော်နေ့”**၊ နှစ်သစ်ကူးနှစ်ဆန်းတစ်ရက်နေ့ကို **“မင်္ဂလာအခါတော်နေ့”**လို့ သတ်မှတ်ထားတယ်”

“ဘာကြောင့် **“အခါတော်နေ့”** ရယ်လို့ သတ်မှတ်ထားတာလဲဆိုရင် (၁)လူငယ်တွေ ဘာသာယဉ်ကျေးမှုကို အမြဲတစေထိတွေ့နိုးစပ်စေဖို့၊ (၂)ဗုဒ္ဓသာသနာတော်ကို လေးစားကြည်ညိုတတ်စေဖို့၊ (၃)ဘာသာရေးစိတ်ဓာတ်ရင့်သန်တက်ကြွစေဖို့ဆိုတဲ့ ရည်ရွယ်ချက်သုံးရပ်နဲ့အညီ ဗုဒ္ဓသာသနာရှည်ကြာတိုးတက်ခိုင်မြဲစေဖို့ပဲကွ။ ဝါဆိုလပြည့်နေ့ဆိုပါတော့ကွာ **“သန္ဓေ၊ တောထွက်၊ ဓမ္မစကြာ၊ သုံးချက်စါညီ၊ ဤရာသီ”**လို့ အဆိုရှိသလို မြတ်ဗုဒ္ဓသန္ဓေတည်တဲ့ရက်၊ တောထွက်တဲ့ရက်၊ ပဉ္စဝဂ္ဂီငါးပါးကို ဓမ္မစကြာတရားဦးဟောကြားတဲ့ရက်ဟာ ဝါဆိုလပြည့်နေ့ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အဆက် နားလည်လိုက်နာကျင့်သုံးနေအောင် သတ်မှတ်ထားတာပဲကွ။ ကျန်တဲ့အခါတော်နေ့တွေမှာလဲ နေ့အလိုက်၊ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ တရားထူးတရားမြတ်တွေကို ကြည်ညိုပူဇော်ကြဖို့ သတ်မှတ်ထားတာပဲကွ။ ဒီနေရာမှာ နှစ်ဆန်းတစ်ရက်နေ့ **“မင်္ဂလာအခါတော်နေ့”**ကို ဘာကြောင့်သတ်မှတ်ကျင်းပနေကြသလဲဆိုတာကို ဆက်ရှင်းပြမယ်။ ရှင်းမပြခင် **“မင်္ဂလာ”**ဆိုတာ ဘာလဲဆိုတာကိုနားလည်ထားကြဖို့လိုတယ်။ လူတွေတော်တော်များများက **“မင်္ဂလာ”**လို့ လွယ်လွယ်ပဲ ပြောရိုးပြောစဉ် ပြောဆိုနေကြတယ်။ ကျောင်းတွေမှာလဲ **“မင်္ဂလာပါဆရာမ”**လို့ပဲ ကျောင်းသား၊ ကျောင်းသူတွေက အော်ဟစ်နှုတ်ဆက်နေကြတယ်။ ဝတ်ကျေတမ်းကျေ နှုတ်ထွက်လွယ်နေကြတယ်။ မင်္ဂလာရဲ့ လေးနက်ထိရောက်မှုကို အမှုမဲ့အမှတ်မဲ့ထားပြီး ထမင်းစားရေသောက်သဘောမျိုး ပြောဆိုနေကြတယ်။ မြန်မာအဘိဓာန်မှာ **“မင်္ဂလာဆိုတာ တိုးတက်ကြီးပွားကြောင်းတရား၊ ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်း”**လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်ကွ”

“လောကီလောကုတ် အကျိုးမယုတ်စေဘဲ စွဲမြဲကျင့်သုံးရမဲ့ မင်္ဂလာတရားကိုတော့ မြတ်ဗုဒ္ဓက ၃၈ ဖြာမင်္ဂလာလို့ ဟောကြားညွှန်ပြတရားလမ်းပြခဲ့တယ်။ တကယ်တော့ ၃၈ ဖြာမင်္ဂလာတရားမဟောကြားခင် ၁၂ နှစ်လောက်ကတည်းက မင်္ဂလာပြဿနာဟာ စတင်ပေါ်ပေါက်ခဲ့ကြတယ်။ တချို့က မျက်စိနဲ့မြင်ရတဲ့ နှစ်သက်စရာအဆင်းအာရုံတွေကို **“ဒိဋ္ဌမင်္ဂလာ”**လို့ ဆိုကြတယ်။ တချို့က လက်ခံကြသလို လက်မခံကြသူတွေလဲရှိကြတယ်။ တချို့ကလဲ နားနဲ့ကြားရတဲ့ နှစ်သက်စရာအာရုံကို **“သုတမင်္ဂလာ”**၊ နှာခေါင်းနဲ့ ထိတွေ့ရတဲ့ နှစ်သက်စရာ အနံ့အာရုံ၊ လျှာနဲ့ထိတွေ့ရတဲ့ နှစ်သက်စရာ အရသာအာရုံ၊ ကိုယ်နဲ့ထိတွေ့ရတဲ့ နှစ်သက်စရာ အထိအတွေ့အာရုံ၊ အဲဒီအာရုံတွေက **“မုတမင်္ဂလာ”**လို့ အမျိုးမျိုးဆိုခဲ့ကြတယ်။ အဲဒီလိုနဲ့ လူလောကထဲမှာ မင်္ဂလာအုပ်စုသုံးစု ကွဲပြားခြားနားပြီး ငြင်းခုံနေကြတဲ့ပြဿနာဟာ နတ်ဗြဟ္မာတွေထဲရောက်သွားပြီး ဆက်လက်ငြင်းခုံနေခဲ့ကြတယ်။ နောက်ဆုံးအဆင့် သိကြားမင်းဆီရောက်ရှိသွားခဲ့ကြပြီး သိကြားမင်းကလဲ လောကကြီးသုံးပါးကို သိမြင်နှံ့စပ်ကျွမ်းကျင်တတ်မြောက်အောင်မြင်မှုတံခွန်ကို လွှင့်ထူနိုင်တဲ့ အတုမရှိမြတ်ဗုဒ္ဓကိုလျှောက်ထားဖို့ နတ်သားတစ်ပါးကို တာဝန်ပေးအပ်ခဲ့တယ်။ နတ်သားဟာ သာဝတ္ထိမြို့တော် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းထားတဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေတဲ့ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး **“ရှင်တော်မြတ်စွာဘုရား၊ ယခုရောနှောင်ပါ ချမ်းသာရေးကို လိုလားတောင့်တနေကြတဲ့ ဗြဟ္မာနတ်လူ၊ အများသူတို့ မင်္ဂလာတွေကို ကြံစည်ခဉ်းစားလာခဲ့ကြပါတယ်။ ဒါပေမဲ့ ဒွိဟသံသယတွေနဲ့ မင်္ဂလာကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနေခဲ့ကြပါတယ်။ ဒါကြောင့် ရှင်တော်မြတ်ဗုဒ္ဓက ကောင်းမြတ်တဲ့ မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါဘုရား”**လို့ လျှောက်ထားခဲ့တယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက ၃၈ ဖြာမင်္ဂလာတရားတော်ကို ဟောကြားခဲ့တယ်ကွ”

“ဒီမှာ ငါပြောချင်တာက ၃၈ ဖြာမင်္ဂလာတရားတော်ကို ရှေးကလူကြီးလူရွယ်တွေပဲ သိရှိနားလည်နေခဲ့ကြလို့ ကလေးသူငယ်တွေပါ နားလည်လက်ခံကျင့်သုံးလာအောင် လင်္ကာသံပေါက်တွေနဲ့ ဆွဲဆောင်လှုံ့ဆော်လာခဲ့ကြရတယ်။ ဒါပေမဲ့ ကာလတစ်ခုကြာတော့ ကလေးသူငယ်တွေဟာ မင်္ဂလာတရားကို နားမလည်ကြတော့ဘူး။ ဆိုလိုတာကကွာ ဘုန်းတော်ကြီးကျောင်းတွေမှာ မူလတန်းပညာကို သင်ကြားကြရလို့ သိရှိနားလည်ခဲ့ကြပေမဲ့ မူလတန်းကျောင်းက ကျောင်းသူ၊ ကျောင်းသားတွေက မသိခဲ့ကြဘူး။ ဘုန်းတော်ကြီးကျောင်းနဲ့ အစိုးရမူလတန်းကျောင်းတွေရဲ့ သင်ကြားမှုကွာခြားချက်က ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ သိသင့်သိထိုက်တာတွေကို သင်ရိုးညွှန်းတန်းပြဋ္ဌာန်းချက်တွေအရ လုံးဝမသိခဲ့ကြတာပဲကွ။ ဒါကြောင့် နောက်ပိုင်းမှာ **“ယဉ်ကျေးလိမ္မာသင်ခန်းစာတွေ”**၊ **“မင်္ဂလာသင်ခန်းစာတွေ”**နဲ့ **“အာဘိဓမ္မာသင်ခန်းစာတွေ”**ကို နွေရာသီကျောင်းပိတ်ရက်တွေမှာ ဖွင့်လှစ်ပို့ချပေးနေကြတာပဲကွ”

“မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ ၃၈ ဖြာမင်္ဂလာမှာ (၁) ဆက်ဆံရေးမင်္ဂလာ သုံးပါး၊ (၂) နေထိုင်ရေးမင်္ဂလာ သုံးပါး၊ (၃) ပညာရေးမင်္ဂလာ လေးပါး၊ (၄) ပြုစုစောင့်ရှောက်ရေးမင်္ဂလာ သုံးပါး၊ (၅) လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါး၊ (၆) ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး၊ (၇) စိတ်နေစိတ်ထားရေးမင်္ဂလာ ငါးပါး၊ (၈) သည်းခံရေးမင်္ဂလာ လေးပါး၊ (၉) မြိုးခြံချွေတာရေးမင်္ဂလာ လေးပါး၊ (၁၀) စိတ်ဓာတ်ခိုင်ခံ့ရေးမင်္ဂလာ လေးပါးဆိုပြီး ၃၈ ဖြာမင်္ဂလာကို ခွဲခြားထားတယ်။ အားလုံးကိုခြုံငုံကြည့်ရင် လူနေမှုဘဝကြီးပွားတိုးတက်ရေးမင်္ဂလာတရားဖြစ်သလို လူနတ်ဗြဟ္မာတို့အတွက် အလွန်ကောင်းမြတ်ပြီး ကျက်သရေရှိတဲ့ မင်္ဂလာပဲကွ”

“ဒါကြောင့် ၃၈ ဖြာမင်္ဂလာကို လိုက်နာကျင့်သုံးကြမယ်ဆိုရင် **“သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံးပန်သူတွေ၊ စီးပွားချမ်းသာ၊ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့်၊ တဝေဝေ။ ဘေးရန်ကင်းကွာ၊ ချစ်သူပေါလို့၊ စိတ်ရောကိုယ်ရော၊ ချမ်းသာမလေး။ ပြောဆိုကြဆ၊ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ၊ အဲဒါကြောင့် ပန်ကြဆင်ကြ၊ မင်္ဂလာမန်းရိုင်တွေ”**လို့ အမွှမ်းတင်ဂုဏ်ပြုထားတယ်ကွ။ အဲဒီလို မင်္ဂလာကျက်သရေရှိလှတဲ့ ၃၈ ဖြာမင်္ဂလာကို ဗြဟ္မာနတ်လူအများသူတို့က **“မင်္ဂလာအစစ်”**အဖြစ် လက်ခံလိုက်နာကျင့်သုံးလာခဲ့ကြတာ နှစ်ပေါင်းရာချီ၊ ထောင်ချီ သက်တမ်းရှည်ကြာခဲ့ပါပြီကွာ”

**❖ မြန်မာနှစ်သစ်ကူးလက်ဆောင်အဖြစ် လူတိုင်းလက်ခံကျင့်ကြံကြဖို့ ဆရာတော်ကြီးတစ်ပါးက ဟောကြားတော်မူခဲ့တယ်။ အဲဒီနှစ်သစ်ကူးလက်ဆောင်ကတော့ “နှစ်ဟောင်းက လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေကို နှစ်ဟောင်းမှာထားခဲ့ကြပြီး နှစ်ဟောင်းက ဒါန၊ သီလ၊ ဘာဝနာ၊ စေတနာမေတ္တာတွေကို နှစ်သစ်ဆီကို ယူဆောင်သွားကြပါ” လို့ လိုရင်းအနှစ်ချုပ်ကို ဟောကြားခဲ့တာပဲကွ။ မှန်မြတ်တဲ့မြန်မာနှစ်သစ်ကူးလက်ဆောင်ကို လက်ခံကျင့်သုံးကြမယ်ဆိုရင် အစစအရာရာ မင်္ဂလာကျက်သရေရှိရှိ အောင်မြင်တိုးတက်မှုအပြည့်နဲ့ စိတ်သွားတိုင်း ကိုယ်ပါ လိုရာဆန္ဒပြည့်ဝကြမှာ သေချာပါတယ်ကွာ။ ❖**

“ဒီနေရာမှာ ၃၈ ဖြာမင်္ဂလာတရားနဲ့ ဘိသိက်ဆရာတွေ သုံးနှုန်းပြောဆိုနေကြတဲ့ လောကီမင်္ဂလာ ၁၂ ပါးကိုရောထွေးပြီး မမြင်ကြဖို့၊ မသတ်မှတ်ကြဖို့ လိုတယ်ကွ။ လောကီမင်္ဂလာ ၁၂ ပါးက ပဋိသန္ဓေနေတဲ့အချိန်ကစပြီး ရှင်ပြု၊ နားသ၊ မင်္ဂလာဆောင်တဲ့အဆင့်မှာသာ သုံးနှုန်းကြတဲ့မင်္ဂလာတွေကွ။ ကောင်းမြတ်တဲ့မင်္ဂလာတွေအဖြစ် သတ်မှတ်ထားကြတယ်ကွ။ ငါအဓိကထားပြောချင်တာက သင်္ကြန်ကာလနှစ်သစ်ကူးပွဲတော်နဲ့ဆက်စပ်နေတဲ့ **“နှစ်သစ်မင်္ဂလာ”**ကွ။ **“အတာ”**ဆိုတာ အဆုံးလို့အဓိပ္ပာယ်ရတယ်။ နှစ်ဟောင်းရဲ့အဆုံးနဲ့ နှစ်သစ်ရဲ့အစ ကြားကာလမှာ တစ်ဦးနဲ့တစ်ဦး ကြည်နူးရွှင်လန်းစိတ်နဲ့ ပက်ဖျန်းကြတဲ့ရေကို အတာရေလို့ခေါ်ဆိုခဲ့ကြတယ်။ အတာရေကြောင့် မိတ်ကောင်းဆွေကောင်းတွေကိုလဲ ချစ်ခင်ကြင်နာစိတ် ပိတ်ဆို့ရပ်တန့် မသွားကြရလေအောင်၊ မိတ်သစ်ဆွေသစ်တွေလဲ တိုးပွားများပြားချစ်ခင်လာအောင် အောင်အတိတ်၊ အောင်နိမိတ်နဲ့ အတာရေကို မင်္ဂလာရေစင်အဖြစ် ပက်ဖျန်းခဲ့ကြတာပါ။ ဒါကြောင့် အတာရေကို **“ရန်ပြေမာန်ပြေမေတ္တာရေ”**လို့လဲ အမွှမ်းတင်ဂုဏ်ပြုချီးမြှင့်နေခဲ့ကြတယ်ကွ”

“မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလမှာ သရုပ်ပျက်၊ ရုက်ကြောပြတ်၊ လူတော်သလင်းဇာတ်ခင်းနေကြသူတွေရှိနေကြပေမဲ့ ဗုဒ္ဓသာသနာအဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် သားစဉ်မြေးဆက် လက်ဆင့်ကမ်းနေကြတဲ့ ဗုဒ္ဓဘာသာစစ်စစ်တွေ သရဏဂုံတည်နေကြသူတွေကတော့ **“မင်္ဂလာအခါတော်နေ့”**ဖြစ်တဲ့ နှစ်ဆန်းတစ်ရက်နေ့အပါအဝင် သင်္ကြန်ကာလမှာ ဗုဒ္ဓရုပ်ပွားတော်တွေ၊ ဘုရားစေတီတော်တွေကို ရေသပ္ပာယ်ကုသိုလ်ယူပွဲ၊ ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပွဲ၊ တရားပွဲ၊ တရားစခန်းဖွင့်ပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူမှု၊ အဘိုးအဘွား၊ သက်ကြီးရွယ်အိုများကို ကန်တော့ပွဲ၊ ခြေသည်း၊ လက်သည်းလှီးဖြတ် မြတ်ဒါနခံယူပွဲ၊ အညစ်အကြေးတွေကို လျှော်ဖွပ်သန့်စင်ပေးတဲ့အနေနဲ့ ခေါင်းလျှော်ရည်လှူဒါန်းပွဲ၊ အသက်ခံကြရမဲ့ ကျွဲ၊ နွား၊ ဆိတ်၊ ငါး စတဲ့ တိရစ္ဆာန်မျိုးစုံကို ဝယ်ယူပြီး ဘေးမဲ့လွှတ်၊ အသက်လှူဒါန်းပွဲ၊ နှစ်ဆန်းတစ်ရက်နေ့တိုင်း နေရာဒေသအသီးသီးမှာ အန္တရာယ်ကင်းပရိတ်တရားတော်တွေ ရွတ်ဆိုနာယူလှူဒါန်းပွဲ စတဲ့ ကောင်းမှုကုသိုလ်အစုစုကို နတ်လူသာဓုခေါ်ဆိုကြရစေအောင် ကျင့်ကြံစွမ်းဆောင်နေကြလေ့ရှိကြတယ်ကွ”။

“နှစ်ဆန်းတစ်ရက်နေ့ကို **“မင်္ဂလာအခါတော်နေ့”** ကျင်းပတဲ့နေရာမှာ (၁) ကမ္ဘာသူကမ္ဘာသားများ၊ အနိဋ္ဌာရုံတွေပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနဲ့ပြည့်စုံကြစေဖို့၊ (၂) ဘေးဥပါဒ်အန္တရာယ်တွေ ကင်းဝေးကြစေဖို့၊ (၃) မကောင်းတဲ့စိတ်ဓာတ်တွေကိုဖယ်ရှားပြီး ကောင်းမြတ်တဲ့စိတ်ဓာတ်တွေ မွေးမြူပွားများစေကြဖို့၊ (၄) ဟိရိဩတ္တပ္ပဆိုတဲ့ အရှက်နဲ့အကြောက်တရား၊ လောကပါလတရားနှစ်ပါး ထွန်းကားကြစေဖို့၊ (၅) ဗြဟ္မဝိဟာရတရားလေးပါးဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတွေ ထွန်းကားပြန့်ပွားစေဖို့၊ (၆) မင်္ဂလာတရားများ ထွန်းကားပြန့်ပွားစေဖို့ဆိုတဲ့ ရည်ရွယ်ချက်ခြောက်ရပ်နဲ့ ဦးတည်ရှေးရှုကျင်းပနေခဲ့ကြတာပဲကွ။ လက်တွေ့မှာ အဲဒီရည်ရွယ်ချက်ခြောက်ရပ်ကို လိုက်နာကျင့်သုံးနေကြသူတွေရှိသလို အဲဒီရည်ရွယ်ချက် ခြောက်ရပ်ကို လုံးဝသိရှိနားလည်မှုမရှိကြဘဲ စိတ်အလိုကိုလိုက်ပါပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုကို ရိုင်းစိုင်းယုတ်မာကျက်သရေမဲ့စွာနဲ့ ဖျက်ဆီးနေကြသူတွေလဲ ရှိနေကြတယ်”

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက် လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာ စေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျ လေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေး ကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် ကန်ဒေါ်လာ ၁၄၆၄၁ ဒသမ ၄၈၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဧပြီ ၁၈**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကုန်သွယ်မှုကဏ္ဍ၌ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် အမေရိကန်ဒေါ်လာသန်း ၁၄၆၄၁ ဒသမ ၄၈၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။




၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကုန်သွယ်မှုကဏ္ဍအနေဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀၀၉၁ ဒသမ ၂၂၃ သန်း ဆောင်ရွက်နိုင်ခဲ့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂၂၃၆၆ ဒသမ ၃၅၂ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၇၇၂၄ ဒသမ ၈၇၁ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၄၆၄၁ ဒသမ ၄၈၁ သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ၂၀၂၄ ဘဏ္ဍာနှစ် အတွင်း ပို့ကုန်ကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက အမေရိကန်ဒေါ်လာ ၉၃၀၅ ဒသမ ၄၄၈ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၅၃၁၃ ဒသမ ၀၁၁ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက အမေရိကန်ဒေါ်လာ ၃၉၉၂ ဒသမ ၄၃၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ သွင်းကုန်ကဏ္ဍတွင်လည်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၃၀၆၀ ဒသမ ၉၀၄ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂၄၁၁ ဒသမ ၈၆ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၀၆၄၉ ဒသမ ၀၄၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် အမေရိကန်ဒေါ်လာ ၁၄၆၄၁ ဒသမ ၄၈၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL

➤ စာမျက်နှာ ၄ မှအဆက်

"အဲဒီလို ရှိုင်းစိုင်းယုတ်မာနေကြသူတွေကို ရှောင်ကြဉ်ဖယ်ရှား၊ နှိမ်နင်းကြပ်မတ်သွားရင် လျော့နည်းသွားမှာပါကွာ"

"အဲဒီပြဿနာက လူနေမှုဘဝ၊ ပတ်ဝန်းကျင်အုပ်ချုပ်ရေးယန္တရားတွေနဲ့ဆိုင်တယ်ကွ။ ရေရှည်လုပ်ကြရမဲ့လုပ်ငန်းစဉ်တွေမို့ ထားပါတော့။ အခုစဉ်းစားကြရမှာက နှစ်သစ်ကို ကူးခဲ့ကြပြီး **"မင်္ဂလာအစါတော်နေ့"** မှာ မင်္ဂလာရှိတာတွေကို ပြုမူကျင့်ကြံခဲ့ကြပြီ။ နေရစ်တော့ နှစ်ဟောင်းဆိုပြီး လက်ပြနှုတ်ဆက်ခဲ့ကြပြီး နှစ်သစ်မှာ လူသစ်စိတ်သစ်နဲ့ ပုရစ်ဖူးလေးတွေလို လန်းလန်းဆန်းဆန်းတက်တက်ကြွကြွနဲ့ ရှေ့သို့ ချီတက်နေကြပြီ။ ဘယ်လိုချီတက်ကြမလဲ၊ ဘယ်လိုလျှောက်လှမ်းကြမလဲ။ တွေးတောဆင်ခြင်မြော်မြင်သုံးသပ်ကြဖို့လိုပြီကွ"

"အေး မင်းပြောတာမှန်တယ်ကွ။ နှစ်ဟောင်းမှာ ဘာတွေကျဆုံးပြီး ဘာတွေ အောင်မြင်တိုးတက်ခဲ့ကြသလဲဆိုတာ ဆင်ခြင်သုံးသပ်ပြီး ပြင်သင့်တာပြင်၊ အားမွေးသင့်တာမွေးပြီး ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်ကြဖို့လိုတယ်ကွ"

"ရှင်းရှင်းလေးပါကွာ။ **"ငါ ဘာဖြစ်ချင်သလဲ၊ ငါ ဘာလုပ်နေသလဲ၊ ငါဖြစ်ချင်တာနဲ့ ငါလုပ်နေတာတွေဟာ ကိုက်ညီမှုရှိရဲ့လား။ ငါ ဘာလုပ်သင့်သလဲ"**လို့ ကိုယ့်ကိုယ်ကိုယ် မေးမြန်းသင့်ကြတယ်ကွ။ လူတိုင်းဟာ ကိုယ့်စိတ်ကိုနိုင်ကြဖို့လိုတယ်။ ကိုယ့်ကိုယ်ကိုယ် အနိုင်ယူနည်းတွေကတော့ (၁) မိမိရဲ့လောဘတွေကို ဒါနနဲ့အနိုင်ယူပါ၊ (၂) မိမိရဲ့ဒေါသတွေကို သီလတရားနဲ့အနိုင်ယူပါ၊ (၃) မိမိရဲ့မောဟတွေကို ဝိပဿနာတရားနဲ့ အနိုင်ယူပါ၊ (၄) မိမိတို့ရဲ့ သူတစ်ပါးအပေါ် ယှဉ်ပြိုင်လိုမှုတွေကို မေတ္တာတရားနဲ့ အနိုင်ယူပါ၊ (၅) မိမိတို့ရဲ့ သူတစ်ပါးအပေါ် အနိုင်ယူလိုမှုတွေကို ကရုဏာတရားနဲ့ အနိုင်ယူပါ၊ (၆) မိမိတို့ရဲ့ သူတစ်ပါးအပေါ် မနာလိုမှုတွေကို မုဒိတာတရားနဲ့ အနိုင်ယူပါ၊ (၇) မိမိတို့ရဲ့ သူတစ်ပါးအပေါ် ရန်လိုမှုတွေကို ဥပေက္ခာတရားနဲ့ အနိုင်ယူပါ၊ (၈) မိမိတို့ရဲ့ သူတစ်ပါးအပေါ် အပြစ်ပြောလိုမှုတွေကို ကိုယ်ချင်းစာတရားနဲ့ အနိုင်ယူပါ၊ (၉) မိမိတို့ရဲ့ မနောကံအကုသိုလ်တွေကို ဝစီကံကုသိုလ်တွေနဲ့ အနိုင်ယူပါ၊ (၁၀) မိမိတို့ရဲ့ နိမ့်ကျနေတဲ့စိတ်တွေကို မိမိတို့ကိုယ်တိုင်မြှင့်တင်ခြင်းနဲ့ အနိုင်ယူပါလို့ **"ချမ်းအေးဆရာတော်"**က တရားပြနားချသလို လိုက်နာကျင့်ကြံကြသင့်တယ်ကွ"။

မြန်မာနှစ်သစ်ကူးလက်ဆောင်အဖြစ် လူတိုင်းလက်ခံကျင့်ကြံကြဖို့ ဆရာတော်ကြီးတစ်ပါးက ဟောကြားတော်မူခဲ့တယ်။ အဲဒီနှစ်သစ်ကူးလက်ဆောင်ကတော့ **"နှစ်ဟောင်းက လောဘ၊ ဒေါသ၊ မောဟ၊ မာနမာနတွေကို နှစ်ဟောင်းမှာထားခဲ့ကြပြီး နှစ်ဟောင်းက ဒါန၊ သီလ၊ ဘာဝနာ၊ စေတနာမေတ္တာတွေကို နှစ်သစ်ဆီကို ယူဆောင်သွားကြပါ"** လို့ လိုရင်းအနှစ်ချုပ်ကို ဟောကြားခဲ့တာပဲကွ။ မှန်မြတ်တဲ့မြန်မာနှစ်သစ်ကူးလက်ဆောင်ကို လက်ခံကျင့်သုံးကြမယ်ဆိုရင် အစစအရာရာ မင်္ဂလာကျက်သရေရှိရှိ အောင်မြင်တိုးတက်မှုအပြည့်နဲ့ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြည့်ဝကြမှာ သေချာပါတယ်ကွာ။

## နှစ်သစ်မင်္ဂလာ

- မင်္ဂလာ နံနက်ခင်းကိုဖြင့်
စိတ်သန့်ရှင်း စတင်ပါ၊
နှစ်သစ်ဆီ လှမ်းချီစ
လှပမည်သာ၊
ရိုးသားစိတ် မွေးမြူကာ
အတွေးဖြူစွာ ကျင့်ဝတ်မွေး၊
အလုပ်ကို အပျင်းမဖက်
ဆောင်ရွက်စို့လေး။

- မနာလို အမုန်းတရား
နှလုံးသားက ဖယ်ထုတ်လေ၊
စိတ်ကောင်းသာ ပထမ
အစပြုပိတ်ဆွေ၊
လှပသော နှစ်သစ်မြေ
ကျက်သရေ ဖွံ့ထွား၊
အကောင်းမြင် ဝါဒလမ်း
လျှောက်လှမ်းစေသား။

- သူတစ်ပါးကို မထိခိုက်
ကိုယ့်စရိုက် လှစေအောင်၊
ကိုယ်ချင်းစာ အသိတရား
ကြိုးစားမွေးဆောင်၊
ဖြူသန့်ရှင်း အလင်းရောင်
ခွင်းအမှောင် နှစ်သစ်သို့၊
ပြုံးဝေဖြာ စိတ်ရွှင်မြူး
ကြည်နူးစေဖို့။ ။

**မောင်မျိုးချစ်(အညာမြေ)**

# တွံတေးမြို့နယ် ထိန်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တွံတေး ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိန်ကုန်းကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းက ထိန်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ထိန်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့်အခြားလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၂၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# နိုင်ငံတကာ သတင်းများ

## ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် ပါလက်စတိုင်းကိုပါဝင်ခွင့်ပေးရေး ဆုံးဖြတ်ချက်မူကြမ်း ကုလလုံခြုံရေးကောင်စီမဲခွဲမည်



**နယူးယောက် ဧပြီ ၁၈**

ကုလသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပေးရေးအတွက် ပါလက်စတိုင်း၏အဆိုပြုလွှာတင်ထားချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဧပြီ ၁၉ ရက်တွင် မဲခွဲအဆုံးအဖြတ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

သို့သော် ယင်းအဆိုပြုလွှာတင်ထားချက်ကို လုံခြုံရေးကောင်စီက အတည်ပြုနိုင်ခဲ့ပါက ပါလက်စတိုင်းကို နိုင်ငံတစ်နိုင်ငံအဖြစ် တရားဝင် အသိအမှတ်ပြုရာ ရောက်လိမ့်မည်ဖြစ်ရာ အစ္စရေး၏ မဟာမိတ် အမေရိကန်နိုင်ငံက ပါလက်စတိုင်း၏ အဆိုပြုလွှာတင်ထားချက်ကို ဗီတိုအာဏာဖြင့် ပိတ်ပင်နိုင်ဖွယ်ရှိသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဧပြီ ၁၉ ရက်တွင် မဲခွဲအဆုံးအဖြတ်ယူမည့်ဆုံးဖြတ်ချက်မူကြမ်းတွင် ပါလက်စတိုင်းနိုင်ငံကို ကုလသမဂ္ဂ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပေးရန် အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံရှိ ကုလသမဂ္ဂအထွေထွေညီလာခံကိုအကြံပြုထားသည်။

၎င်းဆုံးဖြတ်ချက် မူကြမ်းကို အတည်ပြုနိုင်ရေးအတွက်လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံ၏ ထောက်ခံမဲရရှိရန်လိုပြီး အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံဖြစ်သည့် အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ ရုရှားနှင့် တရုတ်တို့က ဗီတိုအာဏာသုံး၍ မပိတ်ပင်ရန်လည်း လိုအပ်သည်။

အယ်လ်ဂျီးရီးယား နိုင်ငံက တင်သွင်းထားသော ကုလသမဂ္ဂ၌ ပါလက်စတိုင်းဝင်ခွင့်ရရေးဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၃ နိုင်ငံထိ ထောက်ခံမှုပေးနိုင်ဖွယ်ရှိရာ အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့် ပိတ်ပင်နိုင်ခြေများကြောင်း သံတမန်များက သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် ပါလက်စတိုင်းသည် ကုလသမဂ္ဂ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်မရသေးဘဲ လေ့လာသူအဖြစ်သာ ပါဝင်ခွင့်ရထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂျကာတာမြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**ဂျကာတာ ဧပြီ ၁၈**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရီတနိုမာဆူဒီတို့သည်ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုထိန်းသိမ်းရန် တရုတ်နှင့်အင်ဒိုနီးရှားတို့အနေဖြင့် ဆန္ဒရှိနေကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ထို့ပြင် ဂါဇာကမ်းမြောင်စစ်ရေးပဋိပက္ခ၌ ပါဝင်ပတ်သက်နေသော အင်အားစုအားလုံး ချုပ်ချုပ်တည်းတည်း ဆောင်ရွက်ကြရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက တိုက်တွန်းစကား ပြောကြားခဲ့သည်။

ထို့အတူ ဂါဇာကမ်းမြောင်၌ အပစ်အခတ်ရပ်စဲရေး တောင်းဆိုထားသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းကို အပြည့်အဝထောက်ခံပေးရန်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အမေရိကန်နိုင်ငံကို တိုက်တွန်းခဲ့သည်။

အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန်စီစဉ်ထားကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးပြီးနောက်ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက အတည်ပြုကြေညာခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် စွမ်းအင်အသွင်ကူးပြောင်းမှုနယ်ပယ်၌ တရုတ်နိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်စီစဉ်ထားသည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## အီရန်၏လေကြောင်းတိုက်ခိုက်မှုကိုတုံ့ပြန်ရန် ဆုံးဖြတ်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ပြောကြား

**ဂျေရုဆလင် ဧပြီ ၁၈**

အီရန်၏လေကြောင်းတိုက်ခိုက်မှုကိုတုံ့ပြန်ရန် သင့်၊ မသင့်နှင့် မည်သို့တုံ့ပြန်မှုကို အစ္စရေးနိုင်ငံက ဆုံးဖြတ်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယနေ့တွင် ပြောကြားခဲ့သည်။

အီရန်၏ လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ချုပ်ချုပ်တည်းတည်း ဆောင်ရွက်ရန် အမေရိကန်နိုင်ငံအပါအဝင် အဓိကမဟာမိတ်များ၏ တောင်းဆိုချက်ကိုလည်း အစ္စရေးဝန်ကြီးချုပ်က ငြင်းပယ်ထားသည်။

ဧပြီ ၁၃ ရက်က အီရန်နိုင်ငံသည် မောင်းသူမဲ့လေယာဉ်နှင့် ဒုံးကျည်အစင်း ၂၀၀ ကျော်ကို အသုံးပြု၍ အစ္စရေးနိုင်ငံကို တိုက်ခိုက်ခဲ့ရာ အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးအခြေအနေတင်းမာလာခဲ့ရသည်။

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးအား အစ္စရေးလေတပ်က တိုက်ခိုက်ခဲ့မှုကိုတုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက ဧပြီ ၁၃ ရက်တွင် အစ္စရေးကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုသည် အီရန်နိုင်ငံက ပထမဆုံးအကြိမ်အဖြစ်အစ္စရေးကို တိုက်ရိုက်ပြုလုပ်ခဲ့သောတိုက်ခိုက်မှုဖြစ်သည်။

အီရန်၏ လေကြောင်းတိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်းအစ္စရေးအစိုးရက ကြေညာထားသလို အစ္စရေး၏တိုက်ခိုက်မှုမှန်သမျှကို ပြင်းထန်စွာတုံ့ပြန်မည်ဟု အီရန်ခေါင်းဆောင်များက သတိပေးထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စု အစ္စရေးစစ်စခန်းတစ်ခုကို တိုက်ခိုက်

**ဂျေရုဆလင် ဧပြီ ၁၈**

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အုပ်စုသည် ဧပြီ ၁၇ ရက်တွင် အစ္စရေးမြောက်ပိုင်းရှိ စစ်စခန်းတစ်ခုကို မောင်းသူမဲ့လေယာဉ်များဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဟစ်ဇ်ဘိုလာ အုပ်စုဝင်များ သေဆုံးခဲ့ရသည့် အစ္စရေးလေကြောင်း တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်စခန်းကို မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအုပ်စုက သတင်းထုတ်ပြန်ထားသည်။

ဟစ်ဇ်ဘိုလာအုပ်စု၏တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင်၁၄ ဦး ဒဏ်ရာများရရှိခဲ့ပြီး ခြောက်ဦးမှာ ဒဏ်ရာများ ပြင်းထန်ကြောင်း အစ္စရေးစစ်ဘက်တာဝန်ရှိသူများက ပြောကြားထားသည်။

အစ္စရေးတပ်များနှင့် ဟစ်ဇ်ဘိုလာအုပ်စုတို့သည် ဂါဇာစစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်မှစ၍ တစ်ဖက်နှင့်တစ်ဖက် စတင်တိုက်ခိုက်ခဲ့ကြသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား လက်ရှိဖြစ်ပွားနေသည့်တိုက်ပွဲများသည် ၂၀၀၆ ခုနှစ် အစ္စရေး-ဟစ်ဇ်ဘိုလာစစ်ပွဲနောက်ပိုင်း အပြင်းထန်ဆုံးဖြစ်သည်။

အစ္စရေးစစ်ဘက်သည်ဧပြီ ၁၆ ရက်တွင် လက်ဘနွန်တောင်ပိုင်းရှိ ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ဟစ်ဇ်ဘိုလာအဖွဲ့စစ်မြေပြင်တပ်မှူးတစ်ဦးအပါအဝင် သုံးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း ရာထူးမှအနားယူပြီးချိန်တွင် ဝါရင့်ဝန်ကြီးအဖြစ် အစိုးရအဖွဲ့တွင် ဆက်ရှိမည်

**စင်ကာပူ ဧပြီ ၁၈**

စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းအနေဖြင့် ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးပြီးချိန် နောက်ပိုင်းတွင် အစိုးရအဖွဲ့အတွင်း ဝါရင့်ဝန်ကြီးတစ်ဦးအဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း စင်ကာပူဘဏ္ဍာရေးဝန်ကြီးလောရင့်စ်ဝေါင်က ဧပြီ ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

မိမိအနေဖြင့် လာမည့်မေ ၁၅ ရက်တွင် ဝန်ကြီးချုပ်ရာထူးမှအနားယူမည်ဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးလောရင့်စ်ဝေါင်ကို ဝန်ကြီးချုပ်တာဝန်လွှဲပေးမည် ဖြစ်ကြောင်း အသက် ၇၂ နှစ်အရွယ် လက်ရှိဝန်ကြီးချုပ် လီရှန်လွန်းက ဧပြီ ၁၅ ရက်တွင် ကြေညာထားသည်။

သို့သော် ဝန်ကြီးချုပ်လီရှန်လွန်းအနေဖြင့် ရာထူးမှအနားယူပြီးချိန်တွင် အစိုးရအဖွဲ့၌ ဝါရင့်ဝန်ကြီးတစ်ဦးအဖြစ် ဆက်လက်ပါဝင်နေမည်ဖြစ်ကြောင်း လောရင့်စ်ဝေါင်က အတည်ပြုပြောကြားထားသည်။

လီရှန်လွန်း အနားယူချိန်တွင် လောရင့်စ်ဝေါင်သည် စင်ကာပူလွတ်လပ်ရေးရရှိချိန် ၁၉၆၅ ခုနှစ်နောက်ပိုင်း စတုတ္ထမြောက် စင်ကာပူခေါင်းဆောင်ဖြစ်လာလိမ့်မည်ဖြစ်သည်။

ဝန်ကြီးချုပ် လီရှန်လွန်းအနေဖြင့် ရာထူးမှနုတ်ထွက်ပြီးချိန်တွင် ဝါရင့်ဝန်ကြီးတစ်ဦးအဖြစ် အစိုးရအဖွဲ့၌ ဆက်နေရန်ဆုံးဖြတ်ထားသည့်အတွက် မိမိဝမ်းသာကြောင်း လောရင့်စ်ဝေါင်က ပြောကြားခဲ့သည်။



စင်ကာပူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုနှင့် ဂိုချောက်တောင်တို့သည်လည်း ဝန်ကြီးချုပ်ရာထူးများမှ အနားယူခဲ့ပြီးချိန်တွင် အစိုးရအဖွဲ့၌ ဝါရင့်ဝန်ကြီးများအဖြစ် ဆက်လက်ပါဝင် ခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်နှင့်အနီးကပ် ပုန်းကွယ်တည်ရှိနေသော ကြီးမားသည့် Gaia BH3 အာကာသတွင်းနက်ကြီးတစ်ခုကို ပြင်သစ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



**ပဲရစ် ဧပြီ ၁၈**

ကမ္ဘာဂြိုဟ်နှင့်အနီးကပ် ပုန်းကွယ်တည်ရှိနေသော ကြီးမားသည့် Gaia BH3 အမည်ရှိ အာကာသတွင်းနက်ကြီးတစ်ခုကို ပြင်သစ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဧပြီ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသတွင်းနက်ကြီးမှာ ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၂၀၀၀ ခန့်အကွာရှိ အကွီလာ နက္ခတ်တာရာ နယ်မြေအတွင်း တည်ရှိကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Gaia BH3 အာကာသတွင်းနက်နှင့် ကမ္ဘာဂြိုဟ်ကြား အကွာအဝေးမှာ နက္ခတ္တရူပဗေဒစံနှုန်းများအရ နီးလွန်းသည်ဟု ပြောနိုင်ကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ပြင်သစ်သိပ္ပံပညာရှင်များ၏ အဆိုအရ Gaia BH3 အာကာသတွင်းနက်သည် ကမ္ဘာဂြိုဟ်နှင့် ဒုတိယအနီးဆုံး အာကာသတွင်းနက်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်နှင့်အနီးဆုံး အာကာသတွင်းနက်မှာ Gaia BH1 အမည်ရှိ အာကာသတွင်းနက်ဖြစ်ပြီး ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၁၅၀၀ ခန့်သာ ကွာဝေးသည်။

Gaia BH 3 အာကာသတွင်းနက်၏အရွယ်အစားသည် ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်း ၃၃ ဆ ပိုကြီးမားသည်ဟု ပြင်သစ်သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ခရီးသည်တင်ဘတ်စကားတစ်စီးထက် နှစ်ဆပိုကြီးမားသည့် ကမ္ဘာဦးရေသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**လန်ဒန် ဧပြီ ၁၈**

အရွယ်အစားအားဖြင့် ခရီးသည်တင် ဘတ်စကားတစ်စီးထက် နှစ်ဆပိုကြီးမားသည့် အစ်ချ်သယိုဆောရပ်စ် (Ichthyosaur) ခေါ် ကမ္ဘာဦး ရေသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဧပြီ ၁၇ ရက်သတင်းများအရ သိရသည်။

အစ်ချ်သယိုဆောရပ်စ်ကမ္ဘာဦး ရေသတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဆမ်းမားဆက်ကမ်းရိုးတန်း၌ ဘရစ္စတိုးလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။

မိမိတို့တွေ့ရှိထားသည့် အစ်ချ်သယိုဆောရပ်စ် ရေသတ္တဝါသည် လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၂၀၀ ခန့်က ဆမ်းမားဆက်ဒေသ ကမ်းလွန်ရေပြင်အတွင်း ရှင်သန်ကျက်စားခဲ့ကြသည့် ရေနေသက်ရှိများ



ဖြစ်ကြကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိ တူးဖော်တွေ့ရှိထားသည့် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ အထက်ပါ အစ်ချ်သယိုဆောရပ်စ်သည် ယခင်မတွေ့ဖူးသည့် မျိုးစိတ်သစ်ဖြစ်ပြီး ကိုယ်ခန္ဓာအရွယ်အစားမှာ အလျား ၂၃ မီတာထိရှိနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

စတင်ပေါ်ထွက်ခဲ့ပြီးနှစ်ပေါင်း အနည်းငယ်အတွင်း အစ်ချ်သယိုဆောရပ်စ်များ၏ ကိုယ်ထည်အရွယ်အစားမှာ ပို၍ကြီးမားလာခဲ့ရာ ထရိုင်အားဆစ်ဘူမိခေတ်နှောင်းပိုင်းတွင် အရွယ်အစားအကြီးမားဆုံး အစ်ချ်သယိုဆောရပ်စ်များ ပေါ်ထွက်လာခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်ပေးခဲ့

**ဝါရှင်တန် ဧပြီ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို ဧပြီ ၁၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

စတားလင့်ခ် ဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပင်လယ်ပြင်အတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ၁၂ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီက ကြေညာထားသည်။

ဧပြီ ၁၇ ရက် စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၃၉ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အထက်ပါ အာကာသမစ်ရှင် ၃၉ ခုအနက် ၂၄ ခုတို့မှာ တည်ဆောက်ဆဲ စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုကွန်ရက်အတွက် လွှတ်တင်ခဲ့သော စတားလင့်ခ် မစ်ရှင်များဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## GLP-1 အုပ်စုဝင်ဆေးများကြောင့် သိုင်းရွိုက်ကင်ဆာဖြစ်နိုင်ခြေ မြင့်မားမှုမရှိ

**စတော့ဟုမ်း ဧပြီ ၁၈**

Wegovy နှင့် Ozempic ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများကြောင့် သိုင်းရွိုက်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်မှုမရှိကြောင်း ဧပြီ ၁၇ ရက် သတင်းများအရ သိရသည်။

Wegovy နှင့် Ozempic ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများသည် ဆီးချိုရောဂါကို ထိန်းချုပ်ရေးနှင့် ကိုယ်အလေးချိန်ကို လျှော့ချရေးတို့အတွက် တွင်တွင်ကျယ်ကျယ် အသုံးပြုနေသော ဆေးများဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် GLP-1 အုပ်စုဝင်ဆေးများကို ရေရှည်သုံးစွဲပါက သိုင်းရွိုက်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများလည်းပေါ်ထွက်လျက်ရှိသည်။

သို့ရာတွင် ဆွီဒင်နိုင်ငံ ကာရိုလင်စကာ အင်စတီကျုမှ သုတေသန ပညာရှင်များ၏ အဆိုအရ GLP-1 အုပ်စုဝင်ဆေးများ ရေရှည်သုံးစွဲမှုကြောင့် သိုင်းရွိုက်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုမရှိကြောင်း သိရသည်။

ဆွီဒင်သုတေသနပညာရှင်များသည် GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲနေကြရသူများကို DPP4 Inhibitors ခေါ် အခြားအုပ်စုဝင်ဆေးများ သုံးစွဲနေကြရသူများနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ GLP-1 အုပ်စုဝင်ဆေးများသုံးစွဲသူ အများစု၏ သိုင်းရွိုက်ကင်ဆာဖြစ်နိုင်ခြေသည် DPP4 ဆေးများသုံးစွဲနေသူများထက်ပို၍ မြင့်မားခြင်းမရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နှလုံးဖောက်သူများအနက် ထက်ဝက်အတွက်သာ Beta Blocker ဆေးများက အကျိုးရှိ

**နယူးယောက် ဧပြီ ၁၈**

Beta Blocker အုပ်စုဝင်ဆေးများသည် နှလုံးရှုတ်တရက်ဖောက်ဖူးသူလူနာများအနက် ထက်ဝက်အတွက်သာ ကျန်းမာရေးအရ အကျိုးရှိကြောင်း ဧပြီ ၁၇ ရက် သတင်းများအရ သိရသည်။

Beta Blocker အုပ်စုဝင်ဆေးများသည် နှလုံးနှင့်နှလုံးသွေးကြောများအပေါ် ဖိအားသက်ရောက်မှုကို လျှော့ချပေးသည့် ဆေးများဖြစ်ပြီး နှလုံးဖောက်လူနာများအတွက် အသုံးပြုကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Beta Blocker အုပ်စုဝင်ဆေးများသည် ဆေးသုံးစွဲရသူလူနာများအနက် ထက်ဝက်အတွက်သာ အကျိုးရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကမ္ဘာ့နိုင်ငံပေါင်း ၄၅ နိုင်ငံမှ နှလုံးဖောက်လူနာ ၅၀၀၀ တို့ကို Beta Blocker အုပ်စုဝင်ဆေးများဖြင့် လက်တွေ့စမ်းသပ်ကုသမှုများပြုလုပ်ခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Beta Blocker အုပ်စုဝင်ဆေးများသည် နှလုံးရှုတ်တရက်ရပ် လူနာများအတွက် အကျိုးရှိသော်လည်း နှလုံးဖောက်လူနာ ၅၀ ရာခိုင်နှုန်းအတွက်မူ အကျိုးမရှိသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် Beta Blocker အုပ်စုဝင်ဆေးများသည် နှလုံးရှုတ်တရက်ဖောက်မှုအပြင် အခြားနှလုံးကျန်းမာရေးပြဿနာများကို ကုသရာတွင်လည်း အသုံးပြုနေသော ဆေးများဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်များ

ML

**ရှက်ဖီးလ်(U) Vs ဘန်လေ**

**ကစားမည့်ရက်/အချိန် ၂၀-၄-၂၀၂၄ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘန်လေ ၅ - ၀ ရှက်ဖီးလ်(U)**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ရှက်ဖီးလ်(U) - ဝေး(ရှုံး) အိမ်(သရေ) ဝေး(ရှုံး)**

**ဘန်လေ - အိမ်(သရေ) ဝေး(ရှုံး) အိမ်(သရေ)**

ရှက်ဖီးလ်(U)ဟာ တန်းဆင်းရဖို့သေချာသလောက်ရှိနေပေမဲ့ အိမ်ကွင်းပွဲစဉ်တွေမှာဆို ရမှတ်ရှာဖွေနေတာကြောင့် နောက်ဆုံးအိမ်ကွင်း နှစ်ပွဲဆက်ရှုံးပွဲမရှိခဲ့ပါဘူး။ ဘန်လေကလဲ တန်းဆင်းဇုန်ကလွတ်ဖို့အခွင့်အရေးရှိနေလို့နောက်ပိုင်းပွဲစဉ်တွေမှာ အသင်းလိုက်ကစားအားမြှင့်တင်ပြီး ရလဒ်ကောင်းဖို့ကြိုးစားနေပါတယ်။ ခြေရည်တူနှစ်သင်းတွေ့နေပေမဲ့ တိုက်စစ်ကစားပုံထက်မြက်တဲ့ ဘန်လေကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရှက်ဖီးလ်(U) ၁ - ၂ ဘန်လေ**

**ဖုဗ် Vs အာဆင်နယ်**

**ကစားမည့်ရက်/အချိန် ၂၁-၄-၂၀၂၄ (နံနက် ၀၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အာဆင်နယ် ၂ - ၁ ဖုဗ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဖုဗ် - ဝေး(သရေ) အိမ်(ရှုံး) ဝေး(သရေ)**

**အာဆင်နယ် - အိမ်(သရေ) အိမ်(ရှုံး) ဝေး(ရှုံး)**

ဖုဗ်အသင်းဟာ ခံစစ်ကစားသမားတွေ ဒဏ်ရာရနေလို့ ပေးဂိုးများနေပေမဲ့ တိုက်စစ်ကစားပုံကောင်းမှုကြောင့် ဂိုးရဖို့လွယ်ကူနေတာဖြစ်ပါတယ်။ အာဆင်နယ်ကတော့ ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့ အခွင့်အရေးရှိပေမဲ့ ရာသီပိတ်သိမ်းချိန်မှာ ရလဒ်တည်ငြိမ်မှုမရှိတဲ့အစဉ်အလာကို ထိန်းမရတာကြောင့် အခုပွဲမှာလဲနိုင်ပွဲရဖို့ခက်ခဲမှာသေချာပါတယ်။ဒါကြောင့် ဂိုးပြတ်မရှုံးမဲ့ အိမ်ရှင်ဖုဗ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဖုဗ် ၁ - ၂ အာဆင်နယ်**

## အီတလီစီးရီးအေ ပွဲစဉ် (၃၃) ပွဲကြိုသုံးသပ်ချက်

ML

**ဗီရိုနာ Vs အူဒီးနီးစ်**

**ကစားမည့်ရက်/အချိန် ၂၁-၄-၂၀၂၄ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အူဒီးနီးစ် ၃ - ၃ ဗီရိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဗီရိုနာ - ဝေး(သရေ) အိမ်(ရှုံး) ဝေး(သရေ)**

**အူဒီးနီးစ် - အိမ်(ရှုံး) ဝေး(သရေ) အိမ်(ရှုံး)**

ဗီရိုနာအသင်းဟာ တန်းမဆင်းရဖို့ကြိုးစားနေပေမဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ကျဆင်းမှုကြောင့် နောက်ဆုံးအိမ်ကွင်းနှစ်ပွဲဆက် ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ အူဒီးနီးစ်ကတော့ အိမ်ကွင်းကစားပုံတည်ငြိမ်မှုမရှိပေမဲ့ အဝေးကွင်းမှာဆို အသင်းလိုက်ကစားအားကောင်းမွန်နေတာဖြစ်လို့ ဗီရိုနာကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့များပါတယ်။ ဒါကြောင့် ညီသည် အူဒီးနီးစ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဗီရိုနာ ၀ - ၁ အူဒီးနီးစ်**

### အားကစားသတင်းအတိုအထွာများ

- လာမည့်နှစ်တွင် ယူအီးအက်ဖ်အေအနေဖြင့် ပြိုင်ပွဲပုံစံပြောင်းလဲကျင်းပမည်ဖြစ်သောကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အက်ဖ်အေဖလားပြိုင်ပွဲကို တစ်ကျော့တည်းဖြင့် အရှုံးအနိုင်အဆုံးအဖြတ်ခံယူမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- မိုနာကိုကွင်းလယ်ကစားသမား ဂိုလိုကင် ခြေချင်းဝတ်ဒဏ်ရာကြောင့် ငါးပတ်ခန့်အနားယူရမည်ဖြစ်သဖြင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။
- ရီးရဲလ်မက်ဒရစ်လူငယ်ကစားသမား အာဒါဂူလာက အသင်းတွင် ဆက်လက်ကစားရန်ဆုံးဖြတ်ထားပြီး လာမည့်နှစ်ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

## ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ရီးရဲလ်မက်ဒရစ်အသင်းတက်ရောက်



**မက်ဒရစ် ဧပြီ ၁၈**

ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်၌ ရီးရဲလ်မက်ဒရစ်အသင်းက မန်စီးတီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပထမအကျော့ အိမ်ကွင်းပွဲစဉ်တွင် မန်စီးတီးအသင်းကို သုံးဂိုးစီသရေ ရလဒ်သာကစားနိုင်ခဲ့သဖြင့် ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင် နိုင်ပွဲရရှိမှသာ နောက်တစ်ဆင့်တက်ရောက်နိုင်မည်ဖြစ်သော်လည်း ပွဲအစကတည်းက ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၁၂ မိနစ်တွင် ရိုဒရီဂိုက ဦးဆောင်ဂိုးသွင်းယူ၍ မန်စီးတီးအသင်းကို တန်ပြန်တိုက်စစ်ဖြင့်သာ ပြန်လည်တုံ့ပြန်ခဲ့သဖြင့် ပွဲချိန် ၇၆ မိနစ်တွင် ဒီဘရိုင်းက မန်စီးတီးအသင်းအတွက် ချေပဂိုးသွင်းနိုင်ခဲ့သောကြောင့် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့ကြောင့် နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်သုံးဂိုးစီ ထွက်ပေါ်နေသဖြင့် အချိန်ပိုဆက်လက်ကစားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက်ထိန်းချုပ်ကစားခဲ့မှုကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။

ပင်နယ်တီ အဆုံးအဖြတ်တွင် မန်စီးတီးအသင်းက စတင်ကန်သွင်းခွင့်ရခဲ့ရာ နှစ်ကြိမ်သာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ပင်နယ်တီငါးကြိမ်တွင် တစ်ကြိမ်သာ လွဲချော်ခဲ့သောကြောင့် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ် အဆင့်တွင် အာဆင်နယ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးနှစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် တွေ့ဆုံနေပြီး ယင်းပွဲစဉ်ကိုလာမည့် မေ ၁ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## ဆာလာဟ်၏နေရာတွင် ကူဒက်နှင့်အစားထိုးရန် လီဗာပူးအသင်းပြင်ဆင်

**လန်ဒန် ဧပြီ ၁၈**

လီဗာပူးအသင်းသည်လာမည့် နွေရာသီ၌တိုက်စစ်မှူး ဆာလာဟ် အသင်းမှထွက်ခွာသွားပါက ၎င်း၏နေရာတွင် အစားထိုးရန်အတွက် ဝက်စ်ဟမ်းအသင်းတွင် ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမား ကူဒက်ကိုခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

လက်ရှိတွင် တိုက်စစ်မှူး ဆာလာဟ်ကို ဆော်ဒီပရိုလိဂ်က မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ချိတ်ဆက်နေသောကြောင့် လီဗာပူးအသင်းက ကစားသမားကို လက်လွှတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ခဲ့သည့် နွေရာသီစာချုပ်သက်တမ်းတိုးစဉ်က သဘောတူညီချက်အတိုင်း ကစားသမားအနေဖြင့် ထွက်ခွာရန် ဆန္ဒရှိပါက ထွက်ခွာခွင့်ပြုမည်ဖြစ်ပြီး ဆာလာဟ်အနေဖြင့်လည်း စာချုပ်သက်တမ်းနောက်ဆုံးနှစ်သို့ ရောက်ရှိလာချိန်တွင် အသင်းမှထွက်ခွာရန် သတင်းများ ထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ဆာလာဟ်၏နေရာတွင် အစားထိုးနိုင်ရန် အေဂျက်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ စတာလင်ပေါင် ၃၈ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ပရီးမီးယားလိဂ်တွင် သွင်းဂိုး ၁၃ ဂိုးနှင့် ဂိုးဖန်တီးမှုလေးကြိမ်ထိပြုလုပ်နိုင်ခဲ့သည့် အသက် ၂၃ နှစ်ရှိ ဝက်စ်ဟမ်းအသင်း တောင်ပံကစားသမား ကူဒက်ကို အစားထိုးနိုင်ရန် စီစဉ်လျက်ရှိပြီး ဆာလာဟ်ထွက်ခွာသွားပါက ခေါ်ယူသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကူဒက်သည် တိုက်စစ်မှူး ဆာလာဟ်ကစားသည့်ဘယ်တောင်ပံ တိုက်စစ်ပိုင်းတွင် ပါဝင်ကစားနေသူဖြစ်သဖြင့် လီဗာပူးအသင်းအနေဖြင့် ၎င်းကိုခေါ်ယူရန်သေချာနေသော်လည်း ဆာလာဟ်၏နေရာတွင် တိုက်ရိုက်အစားထိုးနိုင်ရန် အာမခံချက်ပေးမည်မဟုတ်ဘဲ အန်ဖီးလ်တွင် ခြေစွမ်းပိုင်းပေါ်မူတည်၍ ပွဲထွက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**





## Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကာကွယ်သွားမည်ဖြစ်ကြောင်း မင်ဝူလီပြောကြား

**ဘရစ္စဘိန်း ဧပြီ ၁၈**

သြစတြေးလျ ဂေါက်သီးရိုက်ကစားသမား မင်ဝူလီသည် သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ဘရစ္စဘိန်းမြို့တွင်ကျင်းပမည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကိုကာကွယ်သွားမည်ဟု ယနေ့တွင် ပြောကြားခဲ့သည်။

အသက် ၂၅ နှစ်ရှိ မင်ဝူလီသည် ကစားသမားဘဝ၏ အကြီးမားဆုံးသောအောင်မြင်မှုတစ်ရပ်အနေဖြင့် မွေးရပ်မြေတွင်ကျင်းပသည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးထားသူဖြစ်ပြီး မွေးရပ်မြေတွင် လက်ရှိချန်ပီယံကိုကာကွယ်လိုကြောင်း ပြောကြားခဲ့သည်။

မင်ဝူလီသည် ၂၀၂၃ ခုနှစ် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးထားသူဖြစ်ပြီး ၂၀၁၈ ခုနှစ်နောက်ပိုင်း Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခွင့်ရရှိရေးကို အာရုံစိုက်သွားမည်ဖြစ်ကြောင်း၊ မွေးရပ်မြေတွင်ကျင်းပသည့် ပြိုင်ပွဲဖြစ်သောကြောင့် အခြားသောပြိုင်ပွဲများထက် ချန်ပီယံဆုကိုပိုမိုရရှိလိုသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

မင်ဝူလီသည် ကမ္ဘာ့အဆင့် ၃၂ နေရာတွင်ရပ်တည်နေသည့် ကစားသမားဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၀ အတွင်း ဝင်ရောက်နိုင်ရေးသည် ၎င်း၏ ရည်မှန်းချက်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

မင်ဝူလီက "မနှစ်တုန်းက Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲက ကျွန်တော့်အတွက် အရမ်းကိုထူးခြားတဲ့ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ပါတယ်။ပြိုင်ပွဲအတွင်းမှာသူငယ်ချင်းတွေအများကြီးပါဝင်ယှဉ်ပြိုင်ခဲ့သလို မွေးရပ်မြေက မိတ်ဆွေသူငယ်ချင်းတွေ ရှေ့မှာကစားခွင့်ရခဲ့တဲ့အတွက် ပိုပြီးတော့ ပျော်စရာကောင်းခဲ့တယ်။ဒါကြောင့် ဒီပြိုင်ပွဲမှာချန်ပီယံဖြစ်ခွင့်ရရှိရေးက တခြားပြိုင်ပွဲတွေမှာ ချန်ပီယံဖြစ်ခွင့်ရရေးထက်ပိုပြီးတော့ အလေးထားပါတယ်။ ပြိုင်ပွဲတစ်ရပ်မှာ လက်ရှိချန်ပီယံတစ်ယောက်အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမဲ့အခွင့်အရေးကလဲကျွန်တော့်အတွက်တော့ ထူးခြားတဲ့အတွေ့အကြုံအသစ်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# AFC Futsal Asian Cup 2024 ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဧပြီ ၁၈**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိနေသည့် AFC Futsal Asian Cup 2024 ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဧပြီ ၁၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲက မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့်ဗီယက်နမ်အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပထမပိုင်း၌ ဗီယက်နမ်အသင်းက ဂိုးပေါက် ခြိမ်းခြောက်မှုအသာဖြင့်ကစားနိုင်ခဲ့သော်လည်း မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက အမှားအယွင်းမရှိ အကောင်းဆုံးပြန်လည်တုံ့ပြန်ကစားနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းက တရစပ်ဖိအားပေးခဲ့ရာမှ ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ကိုကိုလွင်က မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းအတွက် ချေပဂိုး ပြန်လည် သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အုပ်စုတွင်းပြိုင်ဘက်အသင်းများဖြစ်သည့် ထိုင်းအသင်းနှင့် တရုတ်အသင်းတို့ပွဲစဉ်တွင် ထိုင်းအသင်းက အနိုင်ရရှိခဲ့သည့်အတွက် အုပ်စု ပထမနေရာတွင် ဦးဆောင်နေပြီး မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းက အုပ်စုတတိယနေရာတွင်ရပ်တည်လျက်ရှိနေသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024ပြိုင်ပွဲအုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် ဧပြီ ၁၉ ရက်တွင် အိမ်ရှင်ထိုင်းအသင်း၊ ဧပြီ ၂၁ ရက်တွင် တရုတ်အသင်းနှင့် ဆက်လက် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကာဆီးလက်စ်၏ ပေးဂိုးမရှိပွဲအများဆုံးစံချိန်ကို နူအာကျော်ဖြတ်

**ဘာလင် ဧပြီ ၁၈**

ဘိုင်ယန်မြူးနစ်အသင်းဂိုးသမား နူအာသည် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ရီးရဲလ်မက်ဒရစ် အသင်းနှင့် ပေါ်တိုအသင်းဂိုးသမားဟောင်း ကာဆီးလက်စ်၏ ပေးဂိုးမရှိပွဲ(Clean Sheet) စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပေးဂိုးမရှိသည့်ပွဲစုစုပေါင်း ၅၈ ပွဲရှိလာခဲ့ပြီးနောက် ကာဆီးလက်စ်၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးသမားနူအာမတိုင်မီက ပေးဂိုးမရှိပွဲအများဆုံးဂိုးသမားအဖြစ် ကာဆီးလက်စ်က ရီးရဲလ်မက်ဒရစ်အသင်း၊ ပေါ်တိုအသင်းတို့နှင့်အတူ စုစုပေါင်း ၁၇၇ ပွဲထိကစားခဲ့ပြီး ပေးဂိုးမရှိပွဲ ၅၇ ပွဲဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေသော်လည်း နူအာက တစ်ပွဲအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ နူအာသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးမပေးရသည့်ပွဲအများဆုံး ဂိုးသမားစာရင်းတွင်လည်း ဒေါ့မွန်အသင်းဂိုးသမား ကိုဘယ်၊ အာဆင်နယ်အသင်းဂိုးသမားရာယာ၊ ဆိုစီဒက်အသင်းဂိုးသမား ရီမီယို၊ အင်တာမီလန်အသင်း ဂိုးသမား ဆွန်မာတို့နှင့်အတူ လေးပွဲဖြင့် ထိပ်ဆုံးတွင် ပူးတွဲရပ်တည်နေပြီး ဆီမီးဖိုင်နယ်အဆင့်သို့ နူအာနှင့်အတူ ဒေါ့မွန်အသင်းမှ ဂိုးသမား ကိုဘယ်တို့နှစ်ဦးသာ တက်ရောက်နိုင်ခဲ့သောကြောင့် ရွှေလက်အိတ်ဆုအတွက် ၎င်းတို့နှစ်ဦးသာ ဆက်လက် ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ချန်ပီယံလိဂ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသည့် အာဆင်နယ်အသင်း ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားဝင်ခွင့်နှင့် လွဲချော်

**လန်ဒန် ဧပြီ ၁၈**

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှပင် ထွက်ခွာခဲ့ရသည့်အတွက် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားဝင်ခွင့်နှင့် လွဲချော်ခဲ့ရကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး နှစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့်အပြင် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ဝင်ခွင့်နှင့်ပါလွဲချော်ခဲ့ရခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်မည်ဆိုပါက ဥရောပကလပ်အဆင့်သတ်မှတ်ချက်များအရ ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိမည်ဖြစ်သော်လည်း ရှုံးနိမ့်ခဲ့သည့်အတွက် လွဲချော်ခဲ့ရပြီး အာဆင်နယ်အသင်း၏နေရာတွင် ဩစတြီးယားကလပ် ဆဲလ်ဘတ်အသင်းက ဝင်ခွင့်ရရှိခဲ့သည်။

အလားတူ အာဆင်နယ်အသင်းအပြင် မန်စီးတီးအသင်းပါကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသည့်အတွက် လာမည့်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲကို ပရီးမီးယားလိဂ်ကလပ်အသင်း လေးသင်းမှ ငါးသင်းဝင်ရောက်ကစားမည့်အခွင့်အရေးပါဆုံးရှုံးရဖွယ်ရှိနေသည်။

လက်ရှိတွင် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားဝင်ခွင့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်အဆင့်သတ်မှတ်ချက်များအရ ကလပ်အသင်း ၁၂ သင်းထွက်ပေါ်လာခဲ့ပြီး အင်္ဂလန်နိုင်ငံမှ မန်စီးတီးနှင့် ချဲလ်ဆီးအသင်း၊ စပိန်နိုင်ငံမှ ရီးရဲလ်မက်ဒရစ်နှင့် အေတီကိုအသင်း၊ အီတလီနိုင်ငံမှ အင်တာမီလန်နှင့်ဂျူဗင်တပ်အသင်း၊ ဂျာမနီနိုင်ငံမှ ဒေါ့မွန်နှင့် ဘိုင်ယန်မြူးနစ်အသင်း၊ ပေါ်တူဂီနိုင်ငံမှ ပေါ်တိုနှင့် ဘင်ဖီကာအသင်း၊ ပြင်သစ်နိုင်ငံမှ ပီအက်စ်ဂျီအသင်း၊ ဩစတြီးယားနိုင်ငံမှ ဆဲလ်ဘတ်အသင်းတို့ဖြစ်ပြီး ကျန်အသင်းများကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# Barcelona Open ပြိုင်ပွဲ ကွာတားအဆင့်သို့ ကင်မရွန်းနော်ရီ တက်ရောက်

**ဘာစီလိုနာ ဧပြီ ၁၈**

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပနေသည့် Barcelona Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီနှင့် စပိန်တင်းနစ်ကစားသမား ဘောက်တစ္စတာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကင်မရွန်းနော်ရီက (၆-၄ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကင်မရွန်းနော်ရီသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ခြောက်လုံးမြောက် ATP Tour ဆုဖလားကိုဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေသည်။

ကင်မရွန်းနော်ရီသည် ကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား အက်ချီဗာရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အက်ချီဗာရီသည် တတိယအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမားနာကာရှီမာကို (၃-၆၊ ၇-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကင်မရွန်းနော်ရီက "ရမှတ်တွေကိုကြည့်မယ်ဆိုရင်တော့ လွယ်ကူတဲ့ပွဲစဉ်တစ်ပွဲလို့ ထင်လိမ့်မယ်။ ဒါပေမဲ့ အမှတ်ရဖို့ကိုတော်တော်လေး ခက်ခက်ခဲခဲကစားခဲ့ရတယ်။ ကျွန်တော့်အနေနဲ့ စပေးဘောတွေမှာ တော်တော်လေးကောင်းမွန်ခဲ့ပါတယ်။ စပေးဘောတွေမှာ အမှားအယွင်းနည်းအောင် ထိန်းကစားနိုင်ခဲ့တာက ကျွန်တော့်အတွက် စိတ်ကျေနပ်စရာပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မတူညီသည့် ကလပ်အသင်းသုံးသင်းနှင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်သည့် စတုတ္ထမြောက်နည်းပြအဖြစ် နည်းပြတူချယ်မှတ်တမ်းဝင်



**ဘာလင် ဧပြီ ၁၈**

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ တူချယ်သည် အသင်းကို ဆီမီးဖိုင်နယ်အဆင့် တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် မတူညီသည့် ကလပ်အသင်းသုံးသင်းနှင့် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်သည့် စတုတ္ထမြောက် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် အာဆင်နယ်အသင်းနှင့် ပထမအကျော့က အဝေးကွင်းတွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဒုတိယအကျော့ အိမ်ကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြတူချယ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချဲလ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းတို့နှင့်အတူ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီး ချဲလ်ဆီးအသင်းနှင့်အတူ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ တူချယ်မတိုင်မီက ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် မတူညီသည့်ကလပ်အသင်းသုံးသင်းနှင့် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့သည့် နည်းပြများအဖြစ် နည်းပြမော်ရင်ဟိုကပေါ်တို၊ ချဲလ်ဆီး၊ အင်တာမီလန်နှင့်လည်းကောင်း၊ နည်းပြအန်ဆယ်လော့တီက အေစီမီလန်၊ ရီးရဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်အသင်းတို့နှင့်လည်းကောင်း၊ နည်းပြဂွါဒီယိုလာက ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ မန်စီးတီးအသင်းတို့နှင့်လည်းကောင်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# ယောက်ျားကောင်းတို့ ဝင်လာမစဲ တသဲသဲ

မန္တလာကိုကိုဝင်း

လူတိုင်းမှာ အတိတ်ကဖြစ်ရပ်တွေရှိခဲ့ကြပါတယ်။ အဲဒီအတိတ်ကဖြစ်ရပ်တွေမှာ အောင်မြင်မှုတွေ ရှိခဲ့သလို ဆုံးရှုံးမှုတွေလဲရှိပါတယ်။ လူတိုင်းက အောင်မြင်မှုကိုသာ လိုလားကြတဲ့အတွက် အဲဒီအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းကြဖို့လိုပါတယ်။ ထို့အတူ ဆုံးရှုံးမှုတွေရှိခဲ့ရင်လဲ နောက်နောင်မှာ ဒီလိုမျိုးမဖြစ်အောင် ကြိုးစားကြရပါတယ်။ အဓိကအနေနဲ့ကတော့ လက်ရှိပစ္စုပ္ပန်ကာလမှာ အကောင်းဆုံးလုပ်ဆောင်နိုင်ကြဖို့ပဲဖြစ်ပါတယ်။ လူတစ်ဦးရဲ့ ဘဝခရီးနဲ့တူလှတဲ့ နိုင်ငံတော်မှာလဲ ဒီအတိုင်းပါပဲ။ ပစ္စုပ္ပန်ကာလမှာ သက်ရှိထင်ရှားရှိနေကြတဲ့ လူသားတွေကပဲ နိုင်ငံတော်ကို အကောင်းဆုံးဖြစ်အောင် ဖန်တီးတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟူသော အသိုက်အဝန်းမှာ မြန်မာတိုင်းရင်းသားတွေနဲ့အတူ နိုင်ငံသားတွေ နေထိုင်ကြပါတယ်။ ဒီနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့လူသားမှန်သမျှက ဒီနိုင်ငံကို တိုးတက်အောင်၊ ဖွံ့ဖြိုးအောင် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြတဲ့ အသစ်အသစ်ဖြစ်ထွန်းပေါက်ဖွားနေတဲ့ နိုင်ငံသားတိုင်းရဲ့ အမျိုးသားရေးအသိအမြင် မှန်ကန်မှုအပေါ်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟာ အခြေခံနေပါတယ်။ နိုင်ငံသားတိုင်းရဲ့ ပင်မတာဝန်ဟာ မည်သည့်အစိုးရတက်တက်၊ မည်သည့်အယူ၊ မည်သည့်ဝါဒကျင့်သုံးနေပါစေ ပိုင်နက်အမိမြေကိုဆုံးပါးယုတ်လျော့မှုမရှိအောင် ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပါတယ်။ လူဆိုတာ တစ်ဦးချင်းနေထိုင်ကြတာမဟုတ်ဘဲ အစုအဝေးဖြင့် နေထိုင်ကြတာဖြစ်ပါတယ်။

အမျိုးတူ အဘိုး၊ အဘွား၊ အဖေ၊ အမေ၊ သားသမီး၊ မြေး၊ မြစ်၊ ညီအစ်ကိုမောင်နှမတို့ တစ်အိုးတစ်အိမ်ထဲတွင် စုပေါင်းနေထိုင်သည်ကို မိသားစုလို့သတ်မှတ်ထားပါတယ်။ အမျိုးတူမိသားစုတွေ စုပေါင်းမိတဲ့အခါ ဆွေမျိုးစုဖြစ်လာပါတယ်။ အမျိုးတူဆွေမျိုးစု အများစုဝေးမိတဲ့အခါ လူမျိုးနွယ်စုတွေဖြစ်လာပါတယ်။ အမျိုးတူ လူမျိုးနွယ်စုအစုအဝေးကို တိုင်းရင်းသားလူမျိုးလို့ခေါ်ပါတယ်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိပြီး အဲဒီလူမျိုးစုတွေအစုအပေါင်းကို မြန်မာတိုင်းရင်းသားတွေလို့ ခေါ်ဝေါ်တာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံးတို့ရဲ့ အကျိုးစီးပွားနဲ့ အကျုံးဝင်သက်ဆိုင်တဲ့အရေးအရာတွေဟာ အမျိုးသားရေးပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတစ်နိုင်ငံရဲ့ ပိုင်နက်နယ်မြေအတွင်းမှာ နှစ်ပရိစ္ဆေဒကြာမြင့်စွာ အတူတကွနေထိုင်လာခဲ့ကြပြီး သွေးချင်းနှောလျက် အမျိုးချင်းပေါင်းဖက်ကြကာ တစ်မျိုးသားတည်းပင် ခံယူစွဲမှတ်ထားကြတဲ့ တိုင်းရင်းသားအားလုံးတို့ရဲ့အကျိုးစီးပွားနဲ့ အကျုံးဝင်သက်ဆိုင်တဲ့ အရေးအရာတွေဟာ အမျိုးသားရေးပဲ ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ အမျိုးသားရေးတာဝန်ထမ်းဆောင်နေတာဟာ ပြည်ထောင်စုမပြိုကွဲစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲစေရန်၊ ကိုယ်ပိုင်လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရန်အတွက်ဖြစ်ပါတယ်။ ဒီတာဝန်ဟာ မျိုးဆက်သစ်အဆက်ဆက်တို့က တပ်မတော်သို့ဝင်ရောက်ကာ ထမ်းဆောင်နေကြရမဲ့ တာဝန်လဲဖြစ်ပါတယ်။ တပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းနေကြသူတွေအားလုံးဟာ မည်သူတစ်ဦးတစ်ယောက်ရဲ့တိုက်တွန်းနှိုးဆော်ချက်မှုမပါဘဲ မိမိတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ဝင်ရောက်လာကြသူတွေဖြစ်ပါတယ်။ ဒီလိုဝင်ရောက်နေသူရှိနေကြတာကြောင့်လည်း နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဟာ ဒီကနေ့တိုင် ခိုင်မြဲနေတာဖြစ်ပါတယ်။

ပစ္စုပ္ပန်ကာလအတွက် စိတ်ချဖွယ်ဖြစ်ပေမဲ့ လာမဲ့ အနာဂတ်ကာလမှာလဲ ယခုကဲ့သို့ စိတ်ချဖွယ်အနေအထားဖြစ်နေသင့်ပါတယ်။ ဆိုလိုချင်တာက နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ ငါတို့ အရွယ်ရောက်သူအမျိုးသား၊ အမျိုးသမီးအားလုံးမှာ တာဝန်ရှိနေပါတယ်ဆိုတဲ့ အသိစိတ်ကိုနှိုးဆော်ပေးဖို့ လိုအပ်လာပါတယ်။ အဲဒီအသိစိတ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ဖို့ အခွင့်အရေးပေးဖို့လဲ လိုအပ်လာပါတယ်။ အထူးသဖြင့် စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးဟာ ရေကိုသားသော် အခြားမထင်တဲ့အသွင်မျိုး ဖြစ်နေဖို့လိုအပ်ပါတယ်။ လူငယ်တိုင်းအတွက် တတ်ထားရမဲ့ အရာတွေမှာ စစ်ပညာလဲပါတယ်ဆိုတဲ့အသိကို လက်တွေ့သိရှိစေချင်ပါတယ်။

ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် အင်အားရှိတဲ့နိုင်ငံတွေက အင်အားငယ်တဲ့ နိုင်ငံတွေအပေါ်မှာ ဗိုလ်ကျလွှမ်းမိုးရေးလုပ်ဆောင်နေသလို အချို့သော အင်အားကြီးနိုင်ငံတွေက အင်အားငယ်တဲ့နိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက် ခြယ်လှယ်နေကြတာကိုလဲ တွေ့မြင်နေရပါတယ်။ နိုင်ငံတစ်နိုင်ငံမှာရှိနေတဲ့ အသိကင်းမဲ့တဲ့လူတစ်စု၊ တစ်ဖွဲ့ကိုသိမ်းသွင်းပြီး အဲဒီနိုင်ငံပျက်စီးရေးကို လုပ်ဆောင်နေတာမျိုးလဲ တွေ့မြင်နေရပါတယ်။ အမျိုးသားရေးအမြင်၊ အမျိုးသားရေးစိတ်ဓာတ် ကင်းမဲ့နေသူရှိနေရင် အဲဒီနိုင်ငံအတွက် အန္တရာယ်များလှပါတယ်။ အထူးသဖြင့် မိမိနိုင်ငံကို မိမိတို့ကာကွယ်ရမယ်၊ တည်ဆောက်ရမယ်ဆိုတဲ့ အသိတရားမရှိသူတွေများလာရင် အဲဒီနိုင်ငံရဲ့အနာဂတ်ဟာ ပျက်စီးခြင်းလမ်းကြောင်းကို သွားနေတာပါပဲ။

နိုင်ငံသားတိုင်းက တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ဥမကွဲသိုက်မပျက်နေထိုင်ကြရေး၊ စားဝတ်နေရေး ဖူလုံပြည့်စုံစေရေး၊ ဘေးကင်းလုံခြုံရေး၊ အေးချမ်းပျော်ရွှင် လွတ်လပ်စွာနေထိုင်နိုင်ရေး၊ အဆင့်အတန်းမြင့်မားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းတစ်ပါးနိုင်ငံသားတို့နဲ့ တန်းတူရည်တူရှိရေးတို့ဟာ မြန်မာတို့ရဲ့ အမျိုးသားရေးမျှော်မှန်းချက်တွေပဲဖြစ်ပါတယ်။ အမျိုးသားရေးမျှော်မှန်းချက်တွေ ပြည့်ဝအောင်မြင်ဖို့ အရေးကြီးဆုံးအချက်ကို မီးမောင်းထိုးပြရမယ်ဆိုရင် ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာနေဖို့ပါပဲ။

ကမ္ဘာမှာ ခေတ်မီနည်းပညာတွေတိုးတက်လာတာနဲ့အတူ လူဦးရေတွေကလဲ တိုးပွားလာနေပါတယ်။ မြန်မာနိုင်ငံရဲ့တည်နေရာဟာ လူဦးရေနဲ့ နယ်ပယ်ကျယ်ဝန်းလှတဲ့ နိုင်ငံကြီးနှစ်ခုရဲ့ကြားမှာ ရှိနေပါတယ်။ ဒါ့ပြင် လူဦးရေပေါက်ဖွားနှုန်းအလွန်မြင့်တဲ့ နိုင်ငံတစ်နိုင်ငံနဲ့လဲ ကပ်ရက်တည်ရှိနေပါတယ်။ နိုင်ငံရဲ့ လာမဲ့အနာဂတ်မှာ ကာကွယ်ရေးအင်အားဟာ အလွန်ပဲ တောင့်တင်းနေဖို့ လိုအပ်နေပါတယ်။ နိုင်ငံတော်အတွက် အရေးပေါ်အခြေအနေနဲ့ ကြုံလာတဲ့အခါမှာ နိုင်ငံသားတိုင်းက မိမိတို့တတ်မြောက်ထားတဲ့ စစ်ပညာနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို အချိန်မဆိုင်း ထမ်းဆောင်နိုင်ကြဖို့လိုပါတယ်။ ဒါကြောင့် ဒီကနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာကို ကျင့်သုံးလိုက်တာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ အသက်အရွယ်မီသူတိုင်းကို ထမ်းဆောင်ခိုင်းမှာ မဟုတ်ပါဘူး။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မဲ့ ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေး ဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ ပညာသင်ကြားနေသူတွေ၊ အခြားပြုစုစောင့်ရှောက်မဲ့သူမရှိသော မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးနေသူတွေ၊ မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသခံယူနေသူတွေ၊ ထောင်ဒဏ်ကျခံနေသူတွေ အစရှိတဲ့သူတွေဟာ ပြည်သူ့စစ်မှုထမ်းဆောင်ရမဲ့ တာဝန်ကနေ ယာယီရွှေ့ဆိုင်းနိုင်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ ကျန်းမာသန်စွမ်းသူတွေသာထမ်းဆောင်ခွင့်ရမှာဖြစ်ပါတယ်။ ထမ်းဆောင်ကာလ သတ်မှတ်ထားတဲ့ နှစ်အပိုင်းအခြားပြည့်သွားရင်လဲ မိမိတို့ရဲ့ ဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းလိုပါကလဲ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ စစ်မှုထမ်းခွင့်ပြုသွားမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတွေရဲ့ ခံစားခွင့်တွေနဲ့ ပတ်သက်လို့ပြောရရင် စစ်မှုထမ်းဆောင်နေစဉ်အတွင်း တပ်မတော်မှာ သတ်မှတ်ထားတဲ့အဆင့်အလိုက် လစာနဲ့စရိတ်အတိုင်း ခံစားခွင့်ရရှိပါမယ်။ စစ်မှုထမ်းဆောင်ကာလအတွင်း သေဆုံးတာ၊ ထိခိုက်ဒဏ်ရာရတာတွေရှိခဲ့ရင် တာဝန်ထမ်းဆောင်တာနဲ့ အကျုံးဝင်ပါက တပ်မတော်မှာ သတ်မှတ်ထားတဲ့ခံစားခွင့်တွေရရှိစေမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းတွေထဲမှာ ပါရဂူဘွဲ့ရသူတွေ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့ရသူတွေနဲ့ အခါအားလျော်စွာ သတ်မှတ်တဲ့ အရည်အချင်းနဲ့ ပြည့်စုံသူတွေကို အရေးပေါ်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်တယ်လို့လဲ ပြဋ္ဌာန်းထားပါတယ်။

လူငယ်မောင်မယ်တွေအတွက် မိမိနိုင်ငံကို မိမိတို့ကိုယ်တိုင် ကာကွယ်ခွင့်ရတာဟာ တကယ့်ကို ဂုဏ်ယူစရာကောင်းလှပါတယ်။ စစ်မှုထမ်းဆောင်ဖို့ သင်တန်းတက်နေစဉ်ကာလမှာလဲ မိမိတို့မသိသေးတာတွေသိရမယ်၊ မတတ်သေးတာတွေတတ်ရမယ်၊ အနိမ့်ဆုံးအဆင့်ကတော့စည်းစနစ်ကျနစွာ သွားလာလှုပ်ရှားနေထိုင်တတ်မယ်။ လူတစ်ဦးကျန်းမာကြံ့ခိုင်ဖို့အတွက် လိုအပ်တာဟာ အလေ့အကျင့်ပါပဲ။ သင်တန်းကာလမှာ အချိန်မှန်သွား၊ အချိန်မှန်စား၊ အချိန်မှန်အိပ်ရတာဟာ ကျန်းမာရေးအတွက် အလွန်ကောင်းလှတဲ့ အလေ့အကျင့်ကောင်းပါပဲ။ သင်တန်းကာလအတွင်း သင်တန်းအချိန်ဇယားအတိုင်း မခိုမကပ် လိုက်ပါလုပ်ဆောင်မယ်ဆိုရင် မိမိတို့တစ်ဦးချင်းမှာ ကိုယ်စိတ်စွမ်းအင်တွေ တိုးပွားနေတာ တွေ့မြင်ရပါလိမ့်မယ်။ ဆေး ကြော်ငြာတစ်ခုမှာ တွေ့လိုက်ရတာ “ဆေးမစားမီပုံ” နှင့်“ဆေးစားပြီးပုံ” နှိုင်းယှဉ်ပြထားသလိုပါပဲ။ အခုလဲ ပြည်သူ့စစ်မှုထမ်းသင်တန်းမှာပါဝင်ကြမဲ့ လူငယ်တွေအနေနဲ့ “သင်တန်းမတက်မီပုံ” ကိုဓာတ်ပုံရိုက်ထားပါ။ သင်တန်းပြီးမြောက်တဲ့အခါမှာ ဓာတ်ပုံရိုက်ထားပါ။ အဲဒီ ဓာတ်ပုံနှစ်ခုကို နှိုင်းယှဉ်ကြည့်လိုက်ရင် ဩော်. . . ငါဟာ တကယ့်ကို ယောက်ျားမြတ်တစ်ဦးဖြစ်သွားပါလားဆိုတာ တွေ့မြင်ရပါလိမ့်မယ်။

ယောက်ျားမြတ်ဆိုတာ ဘာတွေလဲ။ စိတ်ဓာတ်ကောင်းသွားမယ်။ စည်းကမ်းရှိသွားမယ်။ နိုင်ငံတော်အပေါ် သစ္စာရှိတဲ့အသိတွေ ပေါ်ထွန်းလာမယ်။ အချင်းချင်း စည်းလုံးညီညွတ်မှုရှိလာမယ်။ စွမ်းရည်သုံးရပ်ဆိုတဲ့ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နဲ့စည်းရုံးရေးစွမ်းရည်တွေ ပြည့်ဝလာမယ်။ အဓိကကတော့ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်စွန့်လွှတ်ရန်အဓိဋ္ဌာန်ပြုထားတဲ့စိတ်ဟာ သာမန်လူတွေမှာ မရှိနိုင်တဲ့စိတ်ပါပဲ။ ဒါကြောင့် ရှေးအစဉ်အဆက် တပ်မတော်သားကြီးတွေ၊ တပ်မတော်ကို စတင်တည်ထောင်ခဲ့သူတွေရဲ့ လက်ဆင့်ကမ်းအမှာစကား၊ တစ်နည်းပြောရရင် စစ်သည်တော်ဟောင်း တစ်ဦးရဲ့စကားမှာ “ငါ့သားများ စစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ၊စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောက်ျားမြတ်ဖြစ်စေနိုင်တဲ့တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့” လို့ ပြောကြားထားပါတယ်။

ပြည်သူ့စစ်မှုထမ်းမှာပါဝင်ကြမဲ့ လူငယ်တွေအနေနဲ့ စစ်သည်တော်ဟောင်းတစ်ဦးရဲ့ အမှာစကားမှန်၊ မမှန် ဆိုတာကို သင်တန်းကာလပြီးမြောက်တဲ့အခါ ဝမ်းသာအားရနဲ့ မှန်လိုက်တာဗျို့လို့ ဝင့်ကြွားနိုင်တဲ့အနေအထားဖြစ်လာပါလိမ့်မယ်။ မိမိနိုင်ငံကိုချစ်တဲ့စိတ်၊ မိမိလူမျိုးကိုချစ်တဲ့စိတ် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ (ဒီနေရာမှာ မိမိလူမျိုး ဆိုတာက တိုင်းရင်းသားအားလုံးပေါင်းစည်းထားတဲ့ မြန်မာလူမျိုးကိုချစ်တဲ့စိတ်ကိုပြောတာပါ)။ တိုင်းရင်းသားအားလုံးက တည်ငြိမ်အေးချမ်းတဲ့ လူမှုစီးပွားဘဝကို လိုလားနေကြတာဖြစ်ပါတယ်။ ဒီလိုမျိုးအခြေအနေဖြစ်လာဖို့အတွက် နိုင်ငံတော်ရဲ့ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းနေဖို့လိုပါတယ်။ ဒါက အမြဲတမ်းမှန်ကန်နေတဲ့ အမှန်တရားပဲဖြစ်ပါတယ်။

ဒီကနေ့ လက်တွေ့မြေပြင်သတင်းတွေအရကော၊ တွေ့မြင်နေတဲ့ဓာတ်ပုံသတင်းတွေအရကော ပြည်သူ့စစ်မှုထမ်းဖို့ ကိုယ်တိုင်ဆန္ဒပြုနေသူတွေဟာ သတ်မှတ်ထားတဲ့ အင်အားထက်များပြားနေတာတွေ့ရပါတယ်။ မိဘတွေကိုယ်တိုင် ပြုံးရွှင်စွာလိုက်ပါပို့ဆောင်နေတာကိုလဲ တွေ့မြင်နေရပါတယ်။ ဘယ်လိုပဲ ဒေါ်လာစားမီဒီယာတွေအနေနဲ့ သတင်းအမှားတွေနဲ့ လှည့်စားနေပါစေ ဒီကနေ့လူငယ်တွေရဲ့ အမှန်တရားကို၊ မြတ်နိုးတဲ့စိတ်ကို လှည့်စားလို့မရတော့ပါဘူး။ နိုင်ငံကို ပျက်စီးရေးလုပ်ဆောင်နေသူတွေဟာ နေလာရင် နှင်းပျောက်သလို မကြာခင်ကွယ်ပျောက်တော့မှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ၊ တာဝန်အရဆိုတာထက် မိမိတို့ကိုယ်တိုင်က မိမိနိုင်ငံကိုကာကွယ်မယ်ဆိုတဲ့အသိတရားဟာ အလွန်ပဲတန်ဖိုးကြီးမားလှပါတယ်။ ဒါဟာ လူငယ်တိုင်းမှာရှိနေရမဲ့ မျိုးချစ်စိတ်ဓာတ်အမှန်ဖြစ်ပါတယ်။ ယောက်ျားကောင်းတို့ ဝင်လာမစဲ တသဲသဲမို့ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူမိကြောင်း ရေးသားလိုက်ရပါတယ်။

❖ ဒီကနေ့ လက်တွေ့မြေပြင်သတင်းတွေအရကော၊ တွေ့မြင်နေတဲ့ ဓာတ်ပုံသတင်းတွေအရကော ပြည်သူ့စစ်မှုထမ်းဖို့ ကိုယ်တိုင်ဆန္ဒပြုနေသူတွေဟာ သတ်မှတ်ထားတဲ့အင်အားထက် များပြားနေတာတွေ့ရပါတယ်။ မိဘတွေကိုယ်တိုင် ပြုံးရွှင်စွာလိုက်ပါပို့ဆောင်နေတာကိုလဲ တွေ့မြင်နေရပါတယ်။ ဘယ်လိုပဲ ဒေါ်လာစားမီဒီယာတွေအနေနဲ့ သတင်းအမှားတွေနဲ့ လှည့်စားနေပါစေ ဒီကနေ့လူငယ်တွေရဲ့ အမှန်တရားကို၊ မြတ်နိုးတဲ့စိတ်ကို လှည့်စားလို့မရတော့ပါဘူး။ နိုင်ငံကို ပျက်စီးရေး လုပ်ဆောင်နေသူတွေဟာ နေလာရင် နှင်းပျောက်သလို မကြာခင် ကွယ်ပျောက်တော့မှာ ဖြစ်ပါတယ်။ ❖

# ဒီအိမ်လေး ရုပ်သံဇာတ်လမ်းတွဲကို fortune tv မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် မေ ၁၈**

ဒီအိမ်လေး ရုပ်သံဇာတ်လမ်းတွဲကို မေ ၁၉ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ချောရတနာက ပြောပြ၍ သိရသည်။

ဒီအိမ်လေး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မို့က ရေးသားထားပြီး ဇာတ်ညွှန်းကို မို့နှင့် မြသွေးတို့က ရေးသားထားကာ ဒါရိုက်တာ အောင်မြောက်က Cine Mask ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"အိမ်တစ်အိမ်မှာ မှီခိုလို့ ပြောနေကြတဲ့ အိမ်ထောင်ရှင်မိခင်တစ်ယောက်ရဲ့ဘဝကို ပေါ်လွင်ထင်ဟပ်စေတဲ့ ဇာတ်လမ်းတွဲလေးပါ။ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတဲ့ မိခင်တစ်ယောက်ရဲ့မိသားစုအပေါ်ထားတဲ့ အနစ်နာခံမှု၊ ပေးဆပ်မှုတွေကို ဒီဇာတ်လမ်းတွဲမှာ မြင်ရမှာပါ။ ပြီးတော့ အိမ်ထောင်ရှင်တွေ မိခင်တွေကို ကိုယ်ချင်းစာမိလာမှာပါ"ဟု သရုပ်ဆောင် ချောရတနာက ပြောပြသည်။

ဒီအိမ်လေး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ချောရတနာ၊ စည်သူမောင်၊ ဆုလာဒ်ရတနာ၊ ဟိန်းသန့်ဇေ၊ စည်သူထက်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ ဒီအိမ်လေး ဇာတ်လမ်းတွဲကို မေ ၁၉ ရက်မှ စတင်ကာ အပတ်စဉ် တနင်္လာမှ သောကြာနေ့ထိ ညစဉ် ည ၈ နာရီတွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ပိုပြီးချစ်မယ့်မနက်ဖြန် ဇာတ်ကားကို SKYPREMIER HD မှ ပြသမည်ဖြစ်

**ရန်ကုန် မေ ၁၈**

ပိုပြီးချစ်မယ့်မနက်ဖြန် ဇာတ်ကားကို မေ ၂၁ ရက်တွင် SKY-PREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရူဏ်ဦး)က ပြောပြ၍ သိရသည်။

ပိုပြီးချစ်မယ့်မနက်ဖြန် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုရွှေမိုးသက်က ရေးသားထားပြီး ဒါရိုက်တာ ကိုဇော်(အရူဏ်ဦး)က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"အသက်ကြီးမှ ငယ်ချစ်ဦးနှစ်ယောက် မထင်မှတ်ဘဲ ပြန်ဆုံကြတဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် အကျင့်စရိုက်တွေမတူကြတဲ့ သူတို့နှစ်ယောက်ကိုကြည့်ရင်း ရယ်စရာ၊ ကြည်နူးစရာတွေ အပြည့်အဝခံစားရမဲ့ ဝါရင့်သရုပ်ဆောင်ကြီးတွေရဲ့ အချစ်ဟာသဇာတ်မြူး တစ်ပိုင်းတည်းအပြီးဇာတ်ကားလေးပါ။ အရင်က ဗီဒီယိုဇာတ်ကားကို ထုတ်လွှင့် ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ကိုဇော်(အရူဏ်ဦး)က ပြောပြသည်။

ပိုပြီးချစ်မယ့် မနက်ဖြန် ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသန်းနု၊ မေသဥ္ဇာဦးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါ ဇာတ်ကားကို မေ ၂၁ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီနှင့် ည ၉ နာရီ ၄၅ မိနစ်တွင် SKY-PREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH




# အကြောင်းပြချက်မရှိ ဇာတ်လမ်းတွဲကို မေ ၂၄ ရက်တွင် MRTV-4 မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် မေ ၁၈**

အကြောင်းပြချက်မရှိ ဇာတ်လမ်းတွဲကို မေ ၂၄ ရက်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ရှင်မွေလက ပြောပြ၍ သိရသည်။




အကြောင်းပြချက်မရှိ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဆုဆုစံပယ်ဖူးနှင့် စုလင်းလက်တို့က ရေးသားထားပြီး ဇာတ်ညွှန်းပိုင်းကို ဆုဆုစံပယ်ဖူး၊ စုလင်းလက်နှင့် နေမျိုးအောင်တို့က ရေးသားထားကာ ဒါရိုက်တာ ညီညီအောင်က တာဝန်ယူ ရိုက်ကူးပုံဖော်ထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ လူငယ်အကြိုက် လူငယ်ဟာသ ဇာတ်မြူးလေးဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲလေးမှာ လူငယ်စုံတွဲလေးနှစ်တွဲရဲ့ အားပြိုင်မှုတွေ လူငယ်ဘဝ ဖြတ်သန်းမှုတွေကို မြင်ရမှာပါ။ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ရှင်မွေလက ပြောပြသည်။

အကြောင်းပြချက်မရှိ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရှင်မွေလ၊ လပြည့်၊ ဝေလာရီ၊ မိုးသီရိထက်၊ မေဘရဏီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းတွဲကို မေ ၂၄ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၇ နာရီတွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# 28 Years Later ဒုတိယဇာတ်ကားကို ဒါရိုက်တာ နီယာဒါကော့စတာ ရိုက်ကူးဖွယ်ရှိ

**နယူးယောက် မေ ၁၈**

28 Years Later ဇာတ်ကားများအနက် ဒုတိယမြောက်ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ နီယာဒါကော့စတာက တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း မေ ၁၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ နီယာဒါကော့စတာသည် 28 Years Later ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ဒါရိုက်တာ နီယာဒါကော့စတာသည် The Marvels နှင့် Candy-man ဇာတ်ကားများကို ရိုက်ကူးခဲ့သော ဒါရိုက်တာဖြစ်သည်။

28 Years Later ဇာတ်ကားသစ်များအနက် ပထမဆုံးဇာတ်ကားကိုမူ ဒါရိုက်တာ ဒန်နီဘွိုင်းက ရိုက်ကူးမည်ဖြစ်သည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် 28 Years Later ဇာတ်ကားများကို သုံးကားထိ ရိုက်ကူးရန် စီစဉ်ထားပြီး အဆိုပါဇာတ်ကားများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Black Sumurai ဇာတ်ကားကို ဒါရိုက်တာ ဘလစ်ဘာဇာဝူလီ ရိုက်ကူးမည်

**နယူးယောက် မေ ၁၈**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Black Sumurai အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်ကို နာမည်ကျော် လူမည်းဒါရိုက်တာ ဘလစ်ဘာဇာဝူလီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မေ ၁၇ ရက် သတင်းများအရ သိရသည်။

Black Sumurai ဇာတ်ကားသည် အာဖရိကနွယ်ဖွား ဆာမူရိုင်းစစ်သည် ယာဆူကီ၏ဘဝကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ဘလစ်ဘာဇာဝူလီသည် The Color Purple ဇာတ်ကားကို ရိုက်ကူးပေးခဲ့သောဒါရိုက်တာဖြစ်သည်။

Black Sumurai ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဘလစ်ဘာဇာဝူလီကပင် ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Black Sumurai ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အနုပညာရှင်များကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် အခြားရုပ်ရှင်စတူဒီယိုကြီးများကို ကျော်ဖြတ်၍ Black Sumurai ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ခွင့် ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Myanmar New Year greetings extended by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing on the occasion of New Year in 1386 ME



Senior General Min Aung Hlaing extends Myanmar New Year greetings.

I extend my heartfelt greetings to all people residing worldwide, including all national people of Myanmar, to be free from varieties of dangers and to physical and mental well-being on the occasion of Myanmar New Year's Day when it falls today. Now is the time for Myanmar people to wash bad deeds, behaviours and thoughts with the water in the Thingyan festival done in the old year for the resumption of performing good deeds in the New Year in line with the perception of Myanmar people.

Myanmar, our country, has overcome the difficulties and challenges we faced in the old year period. Likewise, our government has adopted a pledge to continue to overcome any challenges successfully through diligence, courage, and firm belief in the people in the New Year. Our State Administration Council sustains the implementation of the multiparty democratic system in accordance with the law as the entire people aspire to while striving to build a Union based on democracy and federalism.

Our government will emphasize the improvement of the socioeconomic life of all citizens by utilizing resources, proper management and ways and means in addition to focusing on the development of the education and health sectors of the State. Mainly, I would like to request all citizens to cooperate with the government in the learning for all school-age children in the coming academic year.

Furthermore, I would like to urge all people from various manufacturing arenas to strive to boost the State economy. Myanmar could achieve development of the State economy to some extent amid a variety of difficulties and crises. I believe that if Myanmar had not faced these difficulties, including sanctions, the State economy would have achieved more remarkable progress.

Likewise, as peace and stability can contribute to development undertakings, our government is making utmost efforts to forge durable peace in the nation, not only for the short-term period but for the terms of future generations. In the old year period, some persons with extreme selfishness committed instability of the region due to eagerness without farsightedness and external instigations. As Myanmar people have experienced pushing national races of the Union into the miseries of one another, they all have to consider doing all things based on long-term interests. We all have to show off our solidarity by responding to instigation wedged into national brethren by external elements.

In accord with the Myanmar proverbs which go: "Unity is strength" and "Hardworking to achieve good result", I would like to extend my New Year greetings to all that all national races have to make collaborative efforts to ensure peace and stability of the nation to walk along the multiparty democratic system in coming New Year by reviewing all events in the old year. 100

## Palestine faces key challenges for sending aid to Gaza: PM

**Ramallah April 18**

Palestinian Prime Minister Mohammad Mustafa stressed on Wednesday the key challenges facing the Gaza Strip amid ongoing conflict.

In a meeting with Muhannad Hadi, the UN coordinator for humanitarian affairs in Palestine, Mustafa said the challenges include ensuring the quality and suitability of emergency aid, refining the mechanisms for aid delivery and distribution to meet the urgent needs across the Gaza Strip, as well as restoring essential services disrupted by the conflict.

According to a statement from his office, the prime minister emphasized the importance of fully opening all crossings with the enclave, especially in the north of the Strip, and coordinating relief efforts fully between international partners, civil society, and relief institutions with relevant ministries.

For his part, the UN coordinator affirmed full coordination with the government and relevant ministries to benefit from all available resources fully to meet the urgent humanitarian needs of citizens, according to the statement.

On the same day, Mustafa also discussed the humanitarian aid for Gaza with visiting British Foreign Secretary David Cameron, calling for international intervention to stop aggressions in the West Bank and settlement expansion.

The prime minister also addressed the financial strains caused by Israeli deductions from Palestinian clearance funds, urging Britain and the global community to pressure Israel to release the withheld funds. He reaffirmed Palestine's efforts towards full UN membership and international recognition. Xinhua

## Croatia's ruling party wins parliamentary elections

**Zagreb April 18**

The ruling center-right Croatian Democratic Union (HDZ), led by Croatian Prime Minister Andrej Plenkovic, won most seats in the parliamentary elections on Wednesday, but failed to obtain enough seats to form a government independently.

After over 90 percent of the votes have been counted, the HDZ secured 60 seats, but fell short of the 76 seats required to form a government, showed preliminary results published by the State Election Commission (SEC) early Thursday morning.

Following behind is the alliance of parties led by the center-left Croatian Social Democratic Party (SDP) with 42 seats, trailed by the Homeland Movement with 14 seats, according to the SEC.

Meanwhile, the Bridge Party and We Can Party ranked fourth and fifth with 11 and 10 seats respectively, the SEC said.

In a statement, Plenkovic said that for the third time in a row, the HDZ has won the Croatian parliamentary elections. From Thursday, the HDZ will start negotiating with other partners to form a new government, said the statement.

However, the We Can Party has proposed that all the opposition parties get united to form a minority government and therefore oust the HDZ from power. It remains to be seen whether it can be realized.

Xinhua



Prime Minister Andrej Plenkovic gestures to supporters in the election headquarters in Zagreb, Croatia, April 17, 2024.

# Some 80,000 travellers visit Shwedagon Pagoda on public holidays in April 2024


The Shwedagon Pagoda crowded with pilgrims.

**Yangon April 18**

During the public holidays in April of 2024, some 80,000 travellers at home and abroad including members of the Sangha visited Shwedagon Pagoda in Yangon Region, said U Boe Thin, member of the pagoda board of trustees.

More than 10,000 local travellers pay visit to the pagoda on a daily basis before Thingyan festival but over 40,000 to some 80,000 travellers arrive at the pagoda on public holidays including more than 100 foreign travellers.

"On weekdays, some 10,000 travellers visit the pagoda but number of travellers to the pagoda on weekends surge to more than 80,000 a day. Foreign travellers amount to some 100 travellers, and more than 6,000 per month. Generally, they come from China, Thailand and Viet Nam. During the Maha Thingyan festival, we expect number of travellers will increase more than usual," he explained.

During the festival period, Shwedagon Pagoda will be opened without holidays. On Myanmar New Year Day on 17 April, the pagoda will mark the Myanmar New Year Day celebration at ancient Buddha image prayer hall on the platform of the pagoda. ASH

# YSX-listed companies sell over 4 million shares, valued over 11 billion kyats in 2023-2024 FY

**Yangon April 18**

Yangon Stock Exchange (YSX) listed companies have sold a total of over four million shares worth 11.741 billion kyats in 2023-2024 FY, according to reports from the Securities and Exchange Commission of Myanmar.

In the 2023-2024 FY, the eight listed public companies in the YSX such as First Myanmar Investment Company (FMI), Myanmar Thilawa SEZ Holdings Public Co. Ltd. (MTSH), Myanmar Citizens Bank (MCB), First Private Bank (FPB), TMH Telecom Public (TMH), Ever Flow River Group Public (EFR), Amata Holding Public Co., Ltd. (AMATA) and Myanmar Agro Exchange Public Co., Ltd. (MAEX) traded shares.

In that financial year, the shares of the eight listed public companies were traded daily, and the number of investors who bought the shares was 46,191.



The YSX office.

Now the market investment value of the YSX is 677.109 billion kyats. In the 2023-2024 FY, the share trade in March 2024 increased by more than 90 percent compared to the February share trade. 336

# Plan underway to hatch domestic fish species bream in 2024-25 FY

**Mandalay April 18**

A test hatching for domestic fish species bream will be conducted at Natyegan fishery camp in Mandalay in 2024-25 financial year, said Daw San San Oo, assistant director of the camp.

The camp officials collect fingerlings and nurture them at the camp not to cause depletion. The camp successfully hatched rare fish species in 2023-24 financial year. So, the camp decided to hatch rare fish species bream in 2024-25 financial year.

"Fingerlings from the hatching will be released into the natural water this year. If not we will sell such fingerlings to fish farmers. We will hatch rare fish species bream in 2024-25 FY. We aim to produce rare fish species at home and increase fish resources at natural water," she explained.

There are 260 freshwater species and 475 seawater fish species in Myanmar in addition to 24 freshwater shrimp species and 46 seawater shrimp species. So, Natyegan fishery camp hatches rare domestic fish species yearly. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 1,000 acres of black bean harvested in Katha District

**Katha April 18**

The statistics of Katha District Agriculture Department stated that more than 1,000 acres of black bean has been harvested in Katha District of Sagaing Region.

Harvesting of black bean started in February this year in Katha District and so far, 1,039 acres of black bean has been harvested, yielding 18.47 baskets per acre.

"The district cultivated 1,039 acres of black bean in winter. At present, all acres of black bean have been harvested with good yield. Our department assisted local farmers in growing black bean with necessary agricultural techniques and pest preventive ways," said U Myint Soe, Head of Katha District Agriculture Department.

In the district, 39 acres of black bean has been harvested in Katha Township and 1,000 acres in Htigyaing Township. In 2023-24 cold season cultivation period, Katha District earmarked cultivation of 1,037 acres of black bean. In 2022-23 financial year, local farmers planted 1,037 acres of black bean.

Relevant Departments of Agriculture help local farmers grow agricultural techniques for cultivation of black bean to have high yield. 206


Workers harvesting black beans.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားစစ်ဘက်က ယူကရိန်းအထူးစစ်ဆင်ရေးတွင် Marker UGV ဒရုန်းများကို ပထမဆုံးအကြိမ် ဖြန့်ကြက်အသုံးပြု



မောင်းသူမဲ့စနစ်သုံးယာဉ်များသည် စစ်မြေပြင်တွင် တဖြည်းဖြည်းနေရာရလာသည်နှင့်အမျှ ရုရှားတပ်မတော်သည် မြောက်ပိုင်းစစ်ဒေသရှိ စတင်ဖွဲ့စည်းပြီး ကတည်းက ယူကရိန်း Berdychi မြို့တွင်း တိုက်ပွဲများအတွင်း AGS-17 40mm လက်ပစ်ဗုံးများ တပ်ဆင်ထားသော Marker UGV ဒရုန်းများကို ပထမဆုံးအကြိမ်အဖြစ် အသုံးပြုခဲ့ကြောင်း ပိုလန်နိုင်ငံ အရှေ့ဥရောပလေ့လာရေးစင်တာ (OSW) က ဖော်ပြထားချက်ကို ကိုးကား၍ Army Recognition သတင်းဌာနက ဧပြီ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှား Marker UGV ဒရုန်းသည် ထောက်လှမ်းခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် တိုက်ခိုက်ရေးလုပ်ငန်းများတိုးမြှင့်လုပ်ဆောင်ရန်ရည်ရွယ်၍ ခေတ်မီစက်ရုပ်များနှင့် စစ်ရေးမဟာဗျူဟာများ၏ ပေါင်းစပ်မှုကို ကိုယ်စားပြုသည်။ စစ်မြေပြင်တွင် မောင်းသူမဲ့စနစ်များကိုပေါင်းစည်းအသုံးပြုရန် အစပြုမှုသည် စစ်ဆင်ရေးများ၏ထိရောက်မှုကိုတိုးမြှင့်ပြီး တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်များကို လျှော့ချရန်ရည်ရွယ်သည်။ ဉာဏ်ရည်တု (AI) နှင့် စက်ရုပ်နည်းပညာကို အသုံးချထားသော Marker UGV ဒရုန်းသည် ပုံမှန်အားဖြင့် လူသားတို့၏ ထိန်းချုပ်မောင်းနှင်မှုဖြင့် လုပ်ငန်းဆောင်တာများကို ထမ်းဆောင်နိုင်ပြီး အလိုအလျောက်လုပ်ဆောင်နိုင်မှု (Autonomous)နှင့် တစ်စိတ်တစ်ပိုင်းအလိုအလျောက်လုပ်ဆောင်နိုင်မှု (Semi-autonomous) စစ်ဘက်စွမ်းဆောင်ရည်များတွင် သိသာထင်ရှားစွာတိုးတက်ဖွံ့ဖြိုးလာမှုကို ဖော်ပြနေခြင်းဖြစ်သည်။

လက်နက်တပ်ဆင်မှုနှင့် ပတ်သက်၍ Marker UGV သည် တိကျသောတာဝန်လိုအပ်ချက်များ၊ စစ်ဆင်ရေးလိုအပ်ချက်များနှင့် ကိုက်ညီသောလက်နက်မျိုးစုံကို တပ်ဆင်၍ ဘက်စုံအသုံးပြုနိုင်သည်။ စက်သေနတ်များတပ်ဆင်ထားပြီး ပုံမှန်အားဖြင့် ၎င်းသည် အပေါ့စားသံချပ်ကာယာဉ်များ သို့မဟုတ် ခြေလျင်တပ်ဖွဲ့များကို တိုက်ခိုက်ချေမှုန်းရန် ပစ်စွမ်းအားပံ့ပိုးပေးနိုင်သည်။ ထို့ပြင် Marker UGV သည် ပစ်မှတ်များစွာကို တိုက်ခိုက်ရန် ဘက်စုံသုံး၊ အစွမ်းထက်လက်နက်များ တပ်ဆင်နိုင်ပြီး ဗုံးပစ်လောင်ချာများထိ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ထို့ပြင် Marker UGV တွင် တင့်ဖျက်ဒုံးကျည်များ (ATGMs) တပ်ဆင်၍ တင့်ကားများအပါအဝင် သံချပ်ကာယာဉ်များကို အကွာအဝေးအတော်များများမှ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။ ထို့သို့ သမားရိုးကျလက်နက်များအပြင် Marker UGV ကို အီလက်ထရွန်နစ် စစ်ဆင်ရေး (EW)ကိရိယာများတပ်ဆင်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး ရန်သူဆက်သွယ်ရေးစနစ်များကို Jamming ပြုလုပ်၍ အဆိုပါအီလက်ထရွန်နစ်စနစ်များကို အနှောင့်အယှက်ဖြစ်စေကာ ခေတ်မီစစ်မြေပြင်တွင် မဟာဗျူဟာမြောက် အားသာချက်ကိုပေးစွမ်းနိုင်မည်ဖြစ်သည်။

Marker UGV များသည် အလေးချိန်သုံးတန်ခန့်ရှိပြီး ဉာဏ်ရည်တုစနစ်အသုံးပြုထားသည့်အတွက် အဝေးမှ သို့မဟုတ် အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်နိုင်သည်။ ရုရှားနိုင်ငံ Russian Foundation for Advanced Studies (FPI) နှင့် Android Technology အဖွဲ့အစည်းတို့က ၂၀၁၈ ခုနှစ်တွင် တီထွင်ထုတ်လုပ်ထားသည့် ၎င်း UGV သည် အခြေခံဖွဲ့စည်းမှုတွင် Rotating Support Module တစ်ခုသာပါရှိပြီး တင့်ဖျက်လက်နက်များမှ အကြီးစား စက်သေနတ်များထိ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ ဘီးဖြင့်သာမက ချိန်းတပ်ယာဉ်များအဖြစ် အသုံးပြုနိုင်သည့်အပြင် မြစ်ကူးစစ်ဆင်ရေးလုပ်ဆောင်နိုင်မှုနှင့်အတူ လမ်းချော်၊ လမ်းကြမ်းနှစ်ခုစလုံးတွင် ငါးနာရီအတွင်း ကီလိုမီတာ ၁၀၀ ထိ တိုက်ပွဲဝင်ချီတက် စစ်ဆင်နိုင်သည်။ တစ်စက္ကန့်အတွင်း ၅၄၀ ဒီဂရီလှည့်နိုင်သော ဆုံလည်(Turret)နှင့်အတူ Marker UGV သည် ပစ်မှတ်များကိုလျင်မြန်စွာ ခြေရာခံနိုင်ကာ ဒရုန်းအုပ်များနှင့် ပေါင်းစည်းလုပ်ဆောင်ခြင်းဖြင့် ၎င်း၏ထောက်လှမ်းနိုင်စွမ်းကိုအားကောင်းစေပြီး အဝေးမှ ပစ်မှတ်များကိုပင် ထောက်လှမ်းနိုင်စေကြောင်း သိရသည်။

မောင်းသူမဲ့စနစ်သုံးယာဉ်များဖြင့် စစ်ပွဲပုံသဏ္ဌာန်ပြောင်းလဲကျင့်သုံးလာမှုအပေါ် နိုင်ငံတကာ စစ်ရေးစောင့်ကြည့်လေ့လာအကဲခတ်သူများက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီး Forbes မဂ္ဂဇင်းမှ David Ax က ရုရှား၏ UGV ဒရုန်းနှစ်စင်းကို ယူကရိန်းတို့ဘက်က ဝေဟင်မှဒရုန်းများဖြင့် တိုက်ခိုက်ရှင်းလင်းခဲ့ဖူးသော်လည်း အဆိုပါဒရုန်းများသည် စစ်မြေပြင်တွင် လက်တွေ့ကျကျ တိုက်ပွဲဝင်အသုံးပြုလာနိုင်မှု၏ အကျိုးသက်ရောက်မှုကြီးမားကြောင်း သုံးသပ်ထားသည်။ ယူကရိန်း၏ ဝေဟင်ပိုင်နက်တွင် ဒရုန်းများဖြင့် ပျံသန်းနေကာ စစ်မြေပြင်ရှိ လှုပ်ရှားမှုတိုင်းကို ထောက်လှမ်းခြင်းသည် ဒရုန်းတိုက်ခိုက်မှုများအတွက် အလားအလာရှိသောပစ်မှတ်ဖြစ်လာခဲ့ကြောင်း အမေရိကန်ရေတပ်ခွဲခြမ်း စိတ်ဖြာရေးစင်တာ (CNA)မှ အကြံပေး Samuel Bendett က မှတ်ချက်ပြုခဲ့သည်။

**Russian Army Deploys Marker Drones for the First Time in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သစ် Ai-Petri SV ကို ပထမဆုံးအကြိမ် အသုံးပြုလာ

ယူကရိန်းနိုင်ငံထုတ် Ai-Petri SV အမည်ရှိ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သစ်သည် ယူကရိန်းစစ်မြေပြင်တွင် တိုက်ပွဲဝင်ဖြန့်ကြက်ထားပြီး နှောင့်ယှက်ဖိဖျက်သည့် (Jamming) စနစ်အဖြစ်သာမက မျိုးဆက်သစ် ဆိုက်ဘာနက်လက်နက်စနစ်လည်းဖြစ်ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အရှေ့ဘက်ရှေ့တန်းစစ်မျက်နှာစာရှိ Avdiivka မြို့အနီးတွင် ဖြန့်ကြက်အသုံးပြုထားပြီး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ရိုးရှင်းသော Frequency Jamming ရေဒီယိုလှိုင်းဖိဖျက်နှောင့်ယှက်ခြင်းစနစ်ထက် ပိုမိုသာလွန်ကောင်းမွန်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ၎င်းသည် ဒရုန်းအော်ပရေတာများ၏ တည်နေရာများကိုတိကျစွာ ကြားဖြတ်နှောင့်ယှက်နိုင်ပြီး ရုရှားတပ်ဖွဲ့များ၏ ဒရုန်းများပျံသန်းလုပ်ဆောင်နေမှု၊ First-Person View (FPV) ဒရုန်းများနှင့် ပဲ့ထိန်းဗုံးများလုပ်ဆောင်မှုကိုပင် ဖိဖျက်နှောင့်ယှက်နိုင်မည်ဖြစ်သည်။

ယူကရိန်းနိုင်ငံမှ ထိပ်တန်းအင်ဂျင်နီယာများ၊ အတွေ့အကြုံရင့် စစ်မှုထမ်းများနှင့် Poroshenko ဖောင်ဒေးရှင်းအဖွဲ့တို့ကြား ပူးပေါင်းလုပ်ဆောင်သည့် အဆိုပါစီမံကိန်းအမည်ကို ကရိုင်းမီးယားရှိ Ai-Petri တောင်ကိုအစွဲပြု၍ အမည်ပေးထားသည်။ ပုံမှန်အားဖြင့် ထိုသို့သောတန်ပြန်ဒရုန်းတိုက်ဖျက်ရေး အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သစ် စီမံကိန်းမျိုးကို ပြီးမြောက်ရန် သုံးနှစ်မှ ရှစ်နှစ်ခန့်အချိန်ယူရသော်လည်း ယခုတစ်ကြိမ်တွင် Poroshenko ဖောင်ဒေးရှင်းအဖွဲ့၏ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ငါးလအတွင်း စနစ်သစ်တစ်ခု ထွက်ပေါ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမြောက်တပ်ဖွဲ့ဝင်များ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရာတွင် အထင်ကြီးဖွယ်ရလဒ်များကို ပြသနိုင်ခဲ့သည့် ပထမဆုံးသောတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သစ်သည် Avdiivka မြို့အနီး ရှေ့တန်းစစ်မျက်နှာများတွင်စတင်ဖြန့်ကြက်အသုံးပြုနေပြီလည်းဖြစ်သည်။ Ai-Petri စနစ် ငါးစုံကို အမှတ်(၁၈) တန်ပြန်နည်းပညာထောက်လှမ်းရေးဌာနချုပ်မှ တပ်ဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး တပ်ဖွဲ့ဝင်များအနေဖြင့်အတွေ့အကြုံရှိသော်လည်း စနစ်၏ရှုပ်ထွေးမှုကြောင့် အထူးလေ့ကျင့်သင်တန်းပေးမှုများ တက်ရောက်ရဦးမည်ဖြစ်သည်။

Ai-Petri SV စနစ်သည် ရုရှားဒရုန်းများ(UAV)နှင့် အခြားခေတ်မီ စစ်ပွဲပုံသဏ္ဌာန်များကို တန်ပြန်ရန်အတွက် ယူကရိန်းတို့ဘက်က တီထွင်အသုံးပြုလာသောမျိုးဆက်သစ် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်ကို ကိုယ်စားပြုနေသည်။

နည်းပညာပိုင်းဆိုင်ရာအချက်အလက်များအနေဖြင့် ရုရှားဒရုန်းများကို အကွာအဝေး ၂၀ ကီလိုမီတာအတွင်း ဖိဖျက်နှောင့်ယှက်နိုင်သည်။ ဆက်သွယ်ရေးလမ်းကြောင်းထိန်းအချက်ပြမှုများ၊ အော်ပရေတာ တည်နေရာများ၊ FPV ဒရုန်းများနှင့်ပဲ့ထိန်းဗုံးများကို ဖိဖျက်နှောင့်ယှက်နိုင်သည်။ စနစ်တွင် Zala နှင့် Orlan ကဲ့သို့သော ရုရှားနိုင်ငံထုတ် သီးသန့်ဒရုန်းမော်ဒယ်များကို အသက်မဲ့သွားစေရန် စွမ်းဆောင်ရည်များပါရှိသည်။

စနစ်၏ဖွဲ့စည်းပုံအနေဖြင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်၊ ခေတ်မီရေဒါစနစ်နှင့်ဒရုန်းဂျမ်မာတို့ပါဝင်သည်။ ၎င်းတွင် ဘေးကင်းလုံခြုံသောဆက်သွယ်ရေးနှင့် အလိုအလျောက် ပါဝါထောက်ပံ့မှုတို့ အသုံးပြုထားပြီး ပစ်ကပ်ကားများ၊ ထရပ်ကားတို့ဖြင့် ကြိုးကြပ်ကွပ်ကဲမှုနှင့် တပ်ဖွဲ့ဝင်များသယ်ယူရွှေ့ပြောင်းမှုတို့ လုပ်ဆောင်နိုင်ကာ လှုပ်ရှားစစ်ကစားမှုနှင့် အုပ်ချုပ်ထောက်ပံ့မှုတို့အတွက် သီးခြားယာဉ်များဖြင့် ပံ့ပိုးပေးထားနိုင်သည်။

ဤတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ရန်သူတပ်ဖွဲ့များက ဒရုန်းများနှင့် 



ပဲ့ထိန်းဒုံးကျည်များ၊ ဗုံးများကျယ်ကျယ်ပြန့်ပြန့် အသုံးပြုတိုက်ခိုက်လာနိုင်မှုကို တန်ပြန်ရန်ရည်ရွယ်၍ ယူကရိန်းနိုင်ငံ၏ အီလက်ထရွန်နစ် စစ်ဆင်ရေးစွမ်းရည် တိုးတက်ဖွံ့ဖြိုးမှုကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ Poroshenko ဖောင်ဒေးရှင်းက ဒရုန်းများနှင့် EW စနစ်များ ထိပ်တိုက်တွေ့ဆုံမည့်နည်းပညာနှင့် ထောက်လှမ်းရေးစနစ်များ အပြိုင်တိုးတက်နေသည့် ခေတ်သစ်စစ်ပွဲတွင် ဤသို့ တိုးတက်လုပ်ဆောင်နိုင်မှုသည် လွန်စွာအရေးပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

“ကျွန်ုပ်တို့သည် ရန်သူထက် ပိုမိုခေတ်မီ၊ နည်းပညာပိုမိုမြင့်မား၍ ဉာဏ်ရည်ထက်မြက်သူဖြစ်မှုရမည်”ဟု ၎င်းအဖွဲ့က ပြောဆိုခဲ့သည်။ စနစ်၏စွမ်းဆောင်နိုင်ရည်များကို ထုတ်ဖော်ပြသခဲ့သော်လည်း ရန်သူလက်သို့ မကျရောက်စေရန်အတွက် နည်းပညာနှင့် နည်းဗျူဟာဆိုင်ရာအချက်အလက်တချို့ကို လျှို့ဝှက်ထားဆဲပင်ဖြစ်သည်။

**Ukraine Deploys New Anti-Drone System Ai-Petri SV for First Time ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တိုက်ကြီးမြို့နယ်တွင် မွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေ



**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မွေးမြူရေးဇုန်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏သတင်းများအရ သိရသည်။

အဆိုပါ မွေးမြူရေးဇုန်ကို တိုက်ကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်း မိုင်တိုင် ၃၄/၆ အနီး မြေဧက ၂၀၀၀ တွင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး လက်ရှိတွင် မွေးမြူရေးဇုန်အတွင်း ဇုန်အဝင်လမ်းနှင့် ဇုန်အတွင်းပတ်လမ်းများဖောက်လုပ်မှု၊ ရေရရှိရေးအတွက် ချောင်းပိတ်တမံဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်တိုင်များစိုက်ထူ၍ လျှပ်စစ်မီးရရှိရေး သွယ်တန်းဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်အတွင်းရှိ Box Culvert နှင့် လမ်းများ ခင်းကျင်းဆောင်ရွက်နေမှု စသည့်လုပ်ငန်းများကို လုပ်ငန်းဌာနအလိုက် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မွေးမြူရေးဇုန်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သောပြည်သူများ အသား၊ ငါး ဖူလုံမှုရှိစေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံခြားနွား၊ ဒေသနွား၊ နို့စားနွား၊ ကျွဲ၊ သိုး၊ ဆိတ်၊ ဝက်၊ အသားစားကြက်၊ ဥစားကြက်၊ ဘဲ၊ ငုံး နှင့်ငှက်သိုက်မွေးမြူရေးတို့ကို စီးပွားဖြစ်မွေးမြူထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းနှင့် တိရစ္ဆာန်အစာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းရှင်များအတွက် အထောက်အကူဖြစ်စေရန် တိရစ္ဆာန်အစာအရောင်းဆိုင်များ၊ တိရစ္ဆာန်ဆေး အရောင်းဆိုင်များအပြင် တိရစ္ဆာန် ဆေးကုခန်းများကိုပါ ထည့်သွင်းဖွင့်လှစ်သွားမည်ဖြစ်ပြီး မွေးမြူရေးဇုန်ကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် အဆင့်မြင့် မွေးမြူရေးလုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။ (၃၃၆)

# တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ၌ ဒုတိယအကြိမ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဧပြီ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားတောကျေးရွာ၌ ဒုတိယအကြိမ် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ရှားတောကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရှားတောကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးမည့် စုပါအဖွဲ့၊ စတားအဖွဲ့၊ တိုးပွားအဖွဲ့နှင့် ရွှေလာဘ်အဖွဲ့တို့မှ အသင်းသား၊ အသင်းသူ ၄၁ ဦးကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# ကွမ်းခြံကုန်းမြို့နယ် သဲကုန်းတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကွမ်းခြံကုန်း ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲကုန်းတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် တာဝန်ရှိသူများက သဲကုန်းတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ လစဉ် ပုံမှန်ဖြည့်သွင်းရမည့်စာရင်းဇယားများပြည့်စုံမှန်ကန်ခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကွမ်းခြံကုန်းမြို့နယ် သဲကုန်းတန်းကျေးရွာတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈၆ ဒသမ ၅ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းထံမှ သိရသည်။

**ကျော်ဇေဦး(မောရမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၈-၄-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နှံ့ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၈၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၂၉/ ၂၀၂၄ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၉ /၂၀၂၄
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၄ ခုနှစ် ဧပြီလ ၁၇ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေအရပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ်လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ) အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၅၁ ခုနှစ်လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၃၀/ ၂၀၂၄ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၀ /၂၀၂၄
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင်ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ ၃၃၀၃ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **“နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၃၁/ ၂၀၂၄ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၁ /၂၀၂၄
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကိုအလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ(၈)ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **“နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၃၂/ ၂၀၂၄ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၂ /၂၀၂၄
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အောက်ပါအင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦးနှင့် သီရိလင်္ကာနိုင်ငံသား ၁၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **“နောက်တစ်ကြိမ်ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကသမ/၂၃/၀၀၁၅၆/က | Mr.SUADI | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၂) | ကသမ/၂၃/၀၀၁၅၇/က | Mr.PAND | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၃) | ကသမ/၂၃/၀၀၁၅၈/က | Mr.BURHANANDREAS | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၄) | ကသမ/၂၃/၀၀၁၅၉/က | Mr.JARYUN | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၅) | ကသမ/၂၃/၀၀၁၆၀/က | Mr.PONIMAN | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၆) | ကသမ/၂၃/၀၀၁၆၁/က | Mr.MAXIMARTHENABAS | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၇) | ကသမ/၂၃/၀၀၁၆၂/က | Mr.SLAMETURIPNO | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၈) | ကသမ/၂၃/၀၀၁၆၃/က | Mr.SOLAJI | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၉) | ကသမ/၂၃/၀၀၁၆၄/က | Mr.MOCHAMMADALIRIDWAN | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၁၀) | ကသမ/၂၃/၀၀၁၆၅/က | Mr.EDITRIYONO | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၁၁) | ကသမ/၂၃/၀၀၁၆၆/က | Mr.HANNYANDRIAN | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၁၂) | ကသမ/၂၃/၀၀၁၆၇/က | Mr.SUPRAPTO | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၁၃) | ကသမ/၂၃/၀၀၁၆၈/က | Mr.KARDI | အင်ဒိုနီးရှားနိုင်ငံသား၊ |
| (၁၄) | အစ/၂၄/၀၁၄၀၁/က | W.S.S.KAUSHAN | သီရိလင်္ကာနိုင်ငံသား၊ |
| (၁၅) | အစ/၂၄/၀၁၄၀၂/က | H.M.R.H.KAVISHKA | သီရိလင်္ကာနိုင်ငံသား၊ |
| (၁၆) | အစ/၂၄/၀၁၄၀၃/က | S.P.N.D.FRENANDO | သီရိလင်္ကာနိုင်ငံသား၊ |
| (၁၇) | အစ/၂၄/၀၁၄၀၄/က | W.P.S.T.FERNANDO | သီရိလင်္ကာနိုင်ငံသား၊ |
| (၁၈) | အစ/၂၄/၀၁၄၀၅/က | M.U.M.ASARDEEN | သီရိလင်္ကာနိုင်ငံသား၊ |
| (၁၉) | အစ/၂၄/၀၁၄၀၆/က | B.N.S.JAYASUNDARA | သီရိလင်္ကာနိုင်ငံသား၊ |
| (၂၀) | အစ/၂၄/၀၁၄၀၇/က | P.A.S.KUMARA | သီရိလင်္ကာနိုင်ငံသား၊ |
| (၂၁) | အစ/၂၄/၀၁၄၀၈/က | R.A.A.DHARMARATHNA | သီရိလင်္ကာနိုင်ငံသား၊ |
| (၂၂) | အစ/၂၄/၀၁၃၉၄/က | P.M FERNANDO | သီရိလင်္ကာနိုင်ငံသား၊ |
| (၂၃) | အစ/၂၄/၀၁၃၉၅/က | M.S.K.SILVA | သီရိလင်္ကာနိုင်ငံသား၊ |
| (၂၄) | အစ/၂၄/၀၁၃၉၆/က | G.S.P.PERERA | သီရိလင်္ကာနိုင်ငံသား၊ |
| (၂၅) | အစ/၂၄/၀၁၃၉၇/က | KKP.K.FERNANDO | သီရိလင်္ကာနိုင်ငံသား၊ |
| (၂၆) | အစ/၂၄/၀၁၃၉၈/က | R.D.N.RANTHUNGA | သီရိလင်္ကာနိုင်ငံသား၊ |
| (၂၇) | အစ/၂၄/၀၁၃၉၉/က | K.A.S.KUMARA | သီရိလင်္ကာနိုင်ငံသား၊ |
| (၂၈) | အစ/၂၄/၀၁၄၀၀/က | J.A.D.S.MANJULA | သီရိလင်္ကာနိုင်ငံသား။ |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်ကနေ ၁၃၈၆ ခုနှစ် နှစ်သစ်ကိုကူးပြောင်းတဲ့ နေ့ရက်အခါသမယမှာ တိုင်းရင်းသား၊ မိဘ ပြည်သူလူထု၊ ရဟန်းရှင်လူအားလုံးတို့ကို နှုတ်ခွန်းဆက်သခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ မြန်မာ့သမိုင်းအစဉ်အလာ၊ ဗုဒ္ဓသာသနာရဲ့ သမိုင်းအစဉ်အလာအရ နှစ်သစ်ကူးအခါသမယဟာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများရဲ့ အထူးအရေးကြီးတဲ့အခါသမယ၊ အထူးအလေးထားရတဲ့ အခါသမယလည်းဖြစ်ပါတယ်။

နှစ်သစ်ကူး အတာသင်္ကြန်ဆိုတာ ဗုဒ္ဓဘာသာဝင်များဟာ နှစ်ဟောင်းကပြုခဲ့တဲ့ အပြစ်တွေကို သန့်စင်သော သီတာရေစင်နဲ့ စင်ကြယ်အောင် ဆေးကြောကြပြီးတဲ့အခါမှာ နှစ်သစ်ကို ကြိုဆိုကြတဲ့ အစဉ်အလာတစ်ရပ် ဖြစ်ပါတယ်။ နှစ်ဟောင်းမှာ အနန္တော အနန္တငါးပါး အပါအဝင် ပြစ်မှားကျူးလွန်ခဲ့မိတဲ့ မိဘ၊ ဆရာသမားများ၊ ကျေးဇူးရှင်များအပေါ်မှာ ရှိခဲ့တဲ့အပြစ်တွေကို ဆေးကြောသုတ်သင်တယ်။ မိမိတို့ လူသားအချင်းချင်း တစ်ဦးနဲ့တစ်ဦးအပေါ်မှာ ပြုမူကျင့်ကြံခဲ့တဲ့ မှားယွင်းသောလုပ်ရပ်များ၊ ကျူးလွန်မိတဲ့လုပ်ရပ်များကို တောင်းပန်ဝန်ချအပြစ်တွေကို ဆေးကြောတဲ့အခါသမယလည်း ဖြစ်ပါတယ်။

ဒီလိုကောင်းမြတ်တဲ့ အစဉ်အလာတွေနဲ့ နှစ်သစ်ကို ကြိုဆိုတဲ့အခါမှာ၊ နှစ်သစ်ကို ရင်ဆိုင်ကြတဲ့အခါမှာ ကောင်းမြတ်သော စိတ်ရင်းစေတနာ၊ ကောင်းမြတ်သော စိတ်ထားတွေနဲ့ အပြုသဘောဆောင်သော ကိုယ်ကျင့်တရားများနဲ့ ကျင့်ကြံအားထုတ်မှုများနဲ့ နှစ်သစ်မှာ ရှင်သန်သွားကြဖို့ကို ရည်သန်တဲ့



အခါသမယ သင်္ကြန်ပွဲတော်လည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံး၊ ရဟန်းရှင်လူ၊ ပြည်သူလူထုအားလုံးက နေပြီးတော့ ဒီအစဉ်အလာကို လိုက်နာပြီးတော့ နှစ်သစ်ကို ကြိုဆိုကြတာဖြစ်ပါတယ်။

ဒီနေရာမှာ မြန်မာပြည်သူလူထု တစ်ဦးချင်း တစ်ယောက်ချင်းအနေနဲ့ မိမိတို့ နှစ်ဟောင်းက ပြုမူခဲ့တဲ့ အပြုအမူ အကျင့်အကြံတွေကို ပြန်လည်ဆင်ခြင် သုံးသပ်သင်ခန်းစာတွေကို ဖော်ထုတ်ပြီး ရှေ့နှစ်မှာ ဒီထက်ဒီထက် ပိုမိုကောင်းမွန်အောင် ပြုမူကျင့်ကြံ ကြိုးစားအားထုတ်သွားကြဖို့ဖြစ်ပါတယ်။ မနှစ်က မိမိကိုယ်မိမိ ပြန်လည်ဆင်ခြင်သုံးသပ်တဲ့အခါမှာ တွေ့ရှိခဲ့ရတဲ့ အားနည်းချက်တွေ၊ လိုအပ်ချက်တွေ၊ မှားယွင်းခဲ့တဲ့ အချက်အလက်တွေကို ပြီးခဲ့တဲ့ တစ်နှစ်လုံးမှာ ဘယ်လိုပြုပြင်ခဲ့သလဲ၊ ဒီလိုပြုပြင်တဲ့အခါမှာ မိမိရည်မှန်းတဲ့အတိုင်းပဲ ပြည့်မီခဲ့သလား၊ မပြည့်မီသေးရင် အခုလာမယ့် နှစ်သစ်မှာ ဆက်လက်ပြီးတော့ ပြည့်မီအောင် ကြိုးစားသွားကြရမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်တွေ ချမှတ်သွားဖို့ပဲ ဖြစ်ပါတယ်။

မြန်မာလူမျိုး မြန်မာနိုင်ငံသားအားလုံးဟာ တစ်ဦးချင်း တစ်ဦးချင်း မိမိကိုယ်ကို ဆန်းစစ်ခြင်း၊ မိမိရဲ့ မိသားစုကို ဆန်းစစ်ခြင်းနဲ့ မိမိရဲ့ အဖွဲ့အစည်းကို ဆန်းစစ်ပြီးတော့ ရှေ့လာမယ့်နှစ်မှာ ဒီထက်ဒီထက်ပိုမိုတိုးတက်ကောင်းမွန် အောင်မြင်အောင် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ မိမိတိုင်းပြည် နိုင်ငံအတွက် မိမိတို့လိုလားတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင် ဒီထက်ဒီထက်ပိုပြီး ဘယ်လိုအားသွန်ခွန်စိုက် ဆောင်ရွက်မလဲဆိုတဲ့ လုပ်ငန်းစဉ်တွေကို သုံးသပ်ဆင်ခြင် ချမှတ်ရမယ့် အချိန်အခါသမယ ဖြစ်ပါတယ်။ နှစ်သစ်ကူးတဲ့ နှစ်ဆန်းတစ်ရက်နေ့က စပြီးတော့ ရှေ့လျှောက်မယ့် တစ်နှစ်တာကာလပတ်လုံးအတွက် မိမိတို့ရဲ့ ဆောင်ရွက်ချက်တွေဟာ အားသွန်ခွန်စိုက် အားမာန်အပြည့်နဲ့ ရည်မှန်းချက်ကို ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ကြဖို့ အရေးကြီးပါတယ်။ မိမိတို့ နိုင်ငံသားတစ်ဦးချင်း တစ်ဦးချင်းစီရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေဟာ မိမိတစ်ယောက်တည်း၊ မိမိ မိသားစုတစ်ခုတည်းအတွက် မဟုတ်ဘဲနဲ့ မိမိ တိုင်းနိုင်ငံကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ပြီးတော့ ချမှတ်ထားတဲ့ ရည်မှန်းချက်တွေ အကောင်အထည်ဖော်နိုင်အောင် အောင်မြင်သည်အထိ ဖော်ညွှန်းဆောင်ရွက်သွားနိုင်ရမှာ ဖြစ်ပါတယ်။

မိမိတို့ နိုင်ငံအနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ အမျိုးသားရေးရည်မှန်းချက်တွေ၊ နိုင်ငံရေးရည်မှန်းချက်တွေ၊ ရှေ့လုပ်ငန်းစဉ်(၅) ရပ်နဲ့ ဦးတည်ချက် (၉) ရပ်တို့ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရေးတို့ကို နိုင်ငံသားအားလုံးက တစ်ယောက်ချင်း တစ်ယောက်ချင်း အားကြိုးမာန်တက် ကြိုးစားအကောင်အထည်ဖော်သွားကြရမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေတဲ့ ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်တဲ့လုပ်ငန်းစဉ်တွေ၊ ရည်မှန်းချက်တွေကို ပိုမိုတိကျခိုင်မြဲစွာ ချမှတ်ပြီးတဲ့အခါမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်းကနေ တာဝန်ကျေပွန်စွာ ပါဝင်ဆင်နွှဲနိုင်ဖို့အတွက် ဒီနှစ်သစ်အချိန်အခါသမယ နှစ်သစ်ကူးပွဲတော်ကာလအတွင်းမှာ အားလုံးက အားသစ်မာန်သစ်များနဲ့ ကြိုးစားအားထုတ်မွေးမြူပြီး ဆန်းစစ်ချက်တွေ၊ သုံးသပ်ချက်တွေ၊ ရည်မှန်းချက်တွေ ချမှတ်ပြီးတော့ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်နိုင်ကြပါစေ၊ ဘာသာသာသနာအကျိုးအပြည့်အဝထမ်းဆောင်နိုင်ကြပါစေ၊ နိုင်ငံတော်ကြီးကိုလည်း ရည်မှန်းထားတဲ့အတိုင်း ကမ္ဘာ့အဆင့်မီ၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်သော ဂုဏ်ကျက်သရေရှိသည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး မင်္ဂလာနှစ်သစ်ပါလို့ ကြိုဆိုနှုတ်ခွန်းဆက်အပ်ပါတယ်။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်ကို ကူးပြောင်းတဲ့ မင်္ဂလာနှစ်သစ်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရှေးနှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ တစ်အုံ့ထဲ့ဆင်း အတူတကွနေထိုင်လာကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ဒီနှစ်သစ်မှစပြီး ချစ်ခြင်းမေတ္တာတရားပွားများနိုင်ကြပါစေ။ စည်းလုံးညီညွတ်မှုအားနဲ့ တိုင်းပြည်ရဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဖော်ဆောင်နိုင်ပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်နိုင်ကြပါစေ။



ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး နှစ်သစ်မင်္ဂလာအချိန်အခါမှစပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ ငြိမ်းချမ်းပျော်ရွှင်မှုကို ခံစားရရှိနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

# ချီဖွေမြို့နယ် လာနော့-ကန်းဖန့် ကျေးရွာချင်းဆက်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ချီဖွေ ဧပြီ ၁၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကချင်ပြည်နယ် ချီဖွေမြို့နယ် လာနော့ - ကန်းဖန့် ကျေးရွာချင်းဆက်လမ်း ၁ မိုင် ၄ ဖာလုံကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃- ၂၀၂၄ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၅၀ ဒသမ ၈၈၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ချီဖွေမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါ လမ်းဆောင်ရွက်ပေးနိုင်မှုကြောင့် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်အတွင်းရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အခြေခံလူမှုစီးပွားဘဝနှင့် ကုန်စည်စီးဆင်းမှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၅၄၈၈ ဒသမ ၈၈၂ သန်းဖြင့် လမ်း၊ တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် တန်ဖိုးနည်းအိမ်ရာတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တောင်တွင်းကြီးမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာသုသာန်၌ မေတ္တာပို့ဆုတောင်းပွဲပြုလုပ်နေသည့်နေရာသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် သံဃာတော်တစ်ပါးပျံလွန်တော်မူပြီး တစ်ပါးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၁၈**

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့အား အကြောင်းပြချက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ဆည်းကပ်ရာဖြစ်သော သံဃာတော်များကိုပါ လုပ်ကြံသတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။

ထိုသို့အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာသုသာန်၌ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက သံဃာတော်လေးပါးပင့်ဖိတ်၍ မေတ္တာပို့ ဆုတောင်းပွဲ ပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦးက မော်တော်ဆိုင်ကယ် တစ်စီးဖြင့် ရောက်ရှိလာပြီး လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဝါးသုံးပြုံးကျေးရွာ သီရိမာလာကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာဝံသ သက်တော် ၇၃ နှစ် သိက္ခာတော် ၂၂ ဝါနှင့် ထောက်ကြံ့ကွင်းကျေးရွာ အောင်မြေသာသနာကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကုန္ဒလဇောတိ သက်တော် ၄၅ နှစ် သိက္ခာတော် ၂၅ ဝါတို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး သီရိမာလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ရရှိဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရှိရသည်။

အဆိုပါ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ သံဃာတော်များကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မြန်မာနှစ်ဆန်း ၁ ရက်နေ့ ကုသိုလ်ကောင်းမှုအန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲ၊ အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားများ ကျင်းပ



မန္တလေး ဧပြီ ၁၈

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ကုသိုလ်ကောင်းမှုအဖြစ် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲ၊ အသက် ၉၀ နှစ်နှင့်အထက် ကန်တော့ခံ သက်ကြီး အဘိုး၊ အဘွား ၉၈ ဦး တို့ကို သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနား များကို ယနေ့နံနက်ပိုင်းက ချမ်းအေး သာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော် ခန်းမနှင့် ခန်းမမျက်နှာစာရှေ့ ကျုံးရေပြင် တို့တွင် ကျင်းပသည်။

ရှေးဦးစွာ နံနက် ၅ နာရီတွင် မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကိုကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင် မဟာဓမ္မိကာရာမတိုက် ရတနာပုံ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒအမှူးပြုပြီး ဆရာတော်များ ကြွရောက်ချီးမြှင့်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသ ကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များနှင့် အလှူရှင် များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ် ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဟာဓမ္မိကာ ရာမတိုက် ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ် သရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဟာဓမ္မိ ကာရာမတိုက် ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နဝကမ္မဝတ္ထု ငွေများ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ တရားနာယူကြည်ညိုကာ အမျှပေးဝေ၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုကာ အခမ်းအနားရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းများ ဆက်ကပ်ကာ ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့ကို ဆွမ်းဆန်စိမ်းများလောင်းလှူ ကြသည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီရုံး မျက်နှာစာ ကျုံးရေပြင်တွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိ သူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဇီဝိတဒါနအဖြစ် ငါးများကို ကျုံးရေပြင်အတွင်း လွှတ်ပေး ကြသည်။

ထို့နောက် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ကောင်းမှုကုသိုလ်အဖြစ် အသက် ၉၀ နှစ် နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော် ကန်တော့ပွဲအခမ်းအနားကို မြို့တော်ခန်းမ တွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဗုဒ္ဓတရားတော် နှင့်အညီ ဘာသာရေးအနှစ်သာရပြည့်ဝစွာ ဖြင့် မြန်မာတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာ မပျက်နှစ်စဉ်ကျင်းပရခြင်း ရည်ရွယ်ချက် များနှင့်ပတ်သက်၍ ဂုဏ်ပြုစကားများ ပြောကြားပြီး တက်ရောက်လာသည့် ကန်တော့ခံ သက်ကြီးအဘိုး၊ အဘွား ၉၈ ဦးတို့ကို အာဟာရဖြည့်စွက်စာများ နှင့် ကန်တော့ငွေများဖြင့် ပူဇော်ကန်တော့ ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူ များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အဘိုးအဘွားတစ်ဦး ချင်းစီကို ကန်တော့ပစ္စည်းများနှင့် ကန်တော့ ငွေများ လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး ဘိုးဘွားများကိုယ်စား အမရပူရမြို့နယ်တွင် နေထိုင်သူအသက် ၁၀၁ နှစ်အရွယ်ရှိ အဘိုးဦးဘရှင်က ကျေးဇူးတင်စကား ပြောကြား၍ မေတ္တာပို့သပေးပြီးနောက် တက်ရောက်လာသည့် အဘိုး၊အဘွားများကို အာဟာရဖြည့်စွက်စာများဖြင့် ဧည့်ခံသည်။

အလားတူညနေပိုင်း၌ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံးတွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ် ပူဇော်ပွဲကိုလည်း ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များ သည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထား ပါသည်-

(က) သာသနာ့ဝန်ထမ်းများ၊
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ၊
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှု ထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ် ထားသူများ၊
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန် ၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်း ဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြား ခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ် ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်း အချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစား ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ် တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း ၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင် ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ဝ၆၇-၃၄၀၄၉၁၁၊ ဝ၆၇-၃၄၀၄၉၂၂၊
ဝ၆၇-၃၄၀၄၉၃၃၊ဝ၆၇-၃၄၀၄၉၄၄၊
ဝ၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ဝ၉- ၂၅၅၀၀၂၅၀၁
(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ဝ၆၇-၄၅၅၀၄၈၈၊ ဝ၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)ဝ၉-၂၅၅၀၀၂၅၀၂
(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ဝ၇၁- ၂၀၃၂၀၉၁၊ ဝ၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ဝ၉-၂၅၅၀၀၂၅၀၃
(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ဝ၅၉- ၂၀၂၄၀၃၃၊ ဝ၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ဝ၉-၂၅၅၀၀၂၅၀၈
(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ဝ၅၂- ၂၂၀၁၉၃၉၊ ဝ၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ဝ၉-၂၅၅၀၀၂၅၀၉
(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ဝ၆၃-၂၀၂၈၈၃၈၊ ဝ၆၃- ၂၀၂၈၈၃၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ဝ၉-၂၅၅၀၀၂၅၁၀
(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ဝ၂- ၄၀၂၁၂၄၅၊ ဝ၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ဝ၉-၂၅၅၀၀၂၅၁၁
(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ဝ၅၇ - ၂၀၂၃၉၃၅၊ ဝ၅၇- ၂၀၂၃၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ဝ၉-၂၅၅၀၀၂၅၁၂
(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ဝ၉- ၂၅၅၀၀၂၅၁၇၊ ဝ၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ဝ၉-၂၅၅၀၀၂၅၁၃
(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ဝ၁- ၈၃၀၀၀၁၆၊ ဝ၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ဝ၉-၂၅၅၀၀၂၅၁၄
(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ဝ၈၁- ၂၀၂၄၅၅၄၀၊ ဝ၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)ဝ၉-၂၅၅၀၀၂၅၁၅
(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ဝ၄၂- ၂၀၂၅၉၉၃၊ ဝ၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)ဝ၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက် ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။ **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမှတ်(၅)ရပ်ကွက်အတွင်း မေ ၁၇ ရက် နံနက် ၁၁ နာရီခန့်တွင်ဖြစ်ပွားခဲ့သည့် မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ အကြမ်းဖက်AA အဖွဲ့က တပ်မတော်မှလုပ်ဆောင်ခဲ့ကြောင်းနှင့် ဘူးသီးတောင်မြို့နယ်နေ မွတ်စလင်များမှလုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲချက်ထွက်ပေါ်မှုများ၊ အိန္ဒိယမီဒီယာတစ်ခုမှစွပ်စွဲရေးသားဖော်ပြမှုများ၊ AA အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့လူမှုကွန်ရက်တွင် မြန်မာနိုင်ငံတွင် ဟိန္ဒူဘာသာဝင် ၁၆၀၀ နှင့် ဗုဒ္ဓဘာသာဝင် ၁၂၀ အား အစွလာမ်မစ်အကြမ်းဖက်အဖွဲ့က ဖမ်းဆီးထားကြောင်း ရေးသားချက်၊ ဖော်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီကနေ့မှာတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမှတ်(၅)ရပ်ကွက်မှာ မေ ၁၇ ရက် နံနက် ၁၁ နာရီလောက်မှာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့တယ်။ မီးလောင်ကျွမ်းမှုနဲ့ပတ်သက်ပြီးတော့ အကြမ်းဖက် AA အဖွဲ့အနေနဲ့လည်း AAအဖွဲ့က တပ်မတော်က လုပ်ဆောင်တယ်။ တချို့ဘူးသီးတောင်မှာနေတဲ့ မွတ်စလင်တွေက လုပ်ဆောင်ခဲ့တယ်ဆိုပြီးတော့ စွပ်စွဲချက်များထွက်ပေါ်နေတာကို လည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါ့ပြင်အိန္ဒိယရဲ့ မီဒီယာတစ်ခုဖြစ်တဲ့ The Indian Express ဆိုတဲ့သတင်းဌာနကလည်း ဒါနဲ့ပတ်သက်ပြီး ရေးသားနေတာလည်းတွေ့ရပါတယ်။ ဒါ့ပြင် အကြမ်းဖက် AA ခေါင်းဆောင် ထွန်းမြတ်နိုင်ကလည်း သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာမှာ မြန်မာနိုင်ငံမှာ ဟိန္ဒူဘာသာဝင် ၁၆၀၀ နဲ့ ဗုဒ္ဓဘာသာဝင် ၁၂၀ ကို အစ္စလာမ်မစ်အကြမ်းဖက်အဖွဲ့တွေက ဖမ်းဆီးထားတယ်ဆိုပြီးတော့ ရေးသားထားတာကိုတွေ့ရပါတယ်။ ဒီရေးသားချက်များ၊ ဖော်ပြချက်များသည် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှာ လူမျိုးရေးပဋိပက္ခဖြစ်ပွားအောင် တပ်မတော်နဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အထင်အမြင်လွဲအောင် တမင်သက်သက်ယုတ်မာတဲ့ လုပ်ကြံဖန်တီးရေးသားမှုများသာဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ဒါနဲ့ပတ်သက်ပြီး ဖော်ပြခဲ့တဲ့ မီဒီယာကိုလည်း ကျွန်တော်တို့အနေနဲ့ အပြင်းအထန်ရှုတ်ချပါတယ်၊ ကန့်ကွက်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးပြောရမယ်ဆိုလို့ရှိရင် ပထမဦးဆုံး ကျွန်တော်တို့ဘူးသီးတောင် ရပ်ကွက်ကြီး ၅ ပေါ့။ အမှတ်(၅) ရပ်ကွက်အကြောင်းကို ကျွန်တော်ပြောပြချင်ပါတယ်။ အမှတ်(၅)ရပ်ကွက်ဆိုတာ မောင်တောဘက်ကနေဝင်ရင် ကျွန်တော်တို့ ဒီကားလမ်းရဲ့ တောင်ဘက်ခြမ်းမှာရှိတဲ့ ရပ်ကွက်ပဲဖြစ်တယ်။ သူ့ရဲ့အဝင်ဝမှာ ကျွန်တော်တို့ WFP ရဲ့ ဂိုဒေါင်တွေ၊ယခင်တုန်းက ကျွန်တော်တို့ဒုက္ခသည်တွေ ကူညီဖို့အတွက် ဆန်တို့ဂျုံတို့ထားတဲ့ ဂိုဒေါင်တွေရှိတဲ့ နေရာဖြစ်ပါတယ်။ ဘူးသီးတောင်မြို့ပေါ်မှာ AA ကနေ စတင်တိုက်ခိုက်ခဲ့ကတည်းကတိုင် အမှတ်(၅)ရပ်ကွက်မှာ လူနေတာတော်တော်နည်းပါတယ်။ ဒီအမှတ်(၅)ရပ်ကွက်ကလူတွေသည် ဘူးသီးတောင်မြို့ရဲ့ အနောက်တောင်ဘက်ပေါ့။ ဘူးသီးတောင်မြို့ကို ရေပေးနေတဲ့ ကန်တော်ကြီးအဟောင်းအသစ်ရှိတဲ့ နေရာတစ်ဝိုက်ကဖြစ်တယ်။သူတို့သည်အများအားဖြင့်ကတော့ မြို့ထဲမှာရွှေ့ပြောင်းနေထိုင်တာဖြစ်တယ်။ အဲဒီမှာ ကျွန်တော်တို့ အဲ့ဒီရပ်ကွက်မှာဟိန္ဒူတွေရော၊ မွတ်စလင်တွေရော၊ ရခိုင်တိုင်းရင်းသားတွေရော နေထိုင်တဲ့ရပ်ကွက်ဖြစ်ပါတယ်။ ဘူးသီးတောင်၊ မောင်တောဒေသမှာ ဘူးသီးတောင်မြို့ရဲ့ ထူးခြားချက်ကိုအရင်ပြောချင်တယ်။ ဘူးသီးတောင် မောင်တောဒေသမှာ လူမျိုးရေးပဋိပက္ခတွေဖြစ်ပွားတိုင်း ဖြစ်ပွားတိုင်းမှာ ဘူးသီးတောင်မြို့သည် အများအားဖြင့်တော့ လူမျိုးရေး ပဋိပက္ခနဲ့ပတ်သက်ပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်တဲ့မြို့ဖြစ်ပါတယ်။ဘာကြောင့် ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်လည်းဆိုတော့ အဲဒီမှာရှိတဲ့ မွတ်စလင်အဖွဲ့အစည်းတွေ၊ ရခိုင်အဖွဲ့အစည်းတွေ၊ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စတဲ့လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းတွေ၊ အစိုးရဝန်ထမ်းတွေကအမြဲတမ်းညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်လုပ်ခဲ့တဲ့အတွက် ဘူးသီးတောင်မြို့ပေါ်မှာ မွတ်စလင်အများစု နေထိုင်တယ်ဆိုပေမယ့် ပဋိပက္ခအနည်းငယ်ရှိကောင်းရှိမယ်။ ကြီးကြီးမားမားဖြစ်တဲ့ ဖြစ်ရိုးဖြစ်စဉ်မရှိခဲ့ဘူး။ ဒီအချိန်ကျမှ AA အနေနဲ့ ဒါကိုလူမျိုးရေးပဋိပက္ခအသွင်ဆောင်အောင် လုပ်ဆောင်နေခြင်းသာဖြစ်ပါတယ်။ ပထမဦးဆုံးပြောချင်တာက ရခိုင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ လူမျိုးရေးပဋိပက္ခတွေနဲ့ပတ်သက်ပြီး အစောဆုံးမှတ်တမ်းတင်နိုင်တာက ၁၉၄၂ ခုနှစ်မှာဖြစ်ပွားခဲ့တယ်ဆိုတာ မှတ်တမ်းတင်နိုင်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ အင်္ဂလိပ်တွေကရခိုင်ကနေ ဆုတ်ခွာတယ်။ စစ်ပွဲလက်ကျန်လက်နက်ခဲယမ်းတွေ ရခိုင်ပြည်နယ်မှာ ပျံ့နှံ့နေခဲ့တယ်။ အဲဒီကြားထဲမှာပဲ ရခိုင်အဖွဲ့က ဦးပညာသီဟနဲ့ ဦးလှကျော်တို့က အင်္ဂလိပ်စစ်တပ်ကနေ လက်နက်ခဲယမ်းတွေခိုးထုတ်ပြီး ရခိုင်တွေလက်ထဲကို လက်နက်တွေဖြန့်ဝေခဲ့တာတွေရှိတယ်။ အဲဒီလက်နက်တွေနဲ့ပဲ တချို့စစ်ပြေးဒုက္ခသည်တွေကို လုယက်တာတွေရှိခဲ့တယ်။ မွတ်စလင်ရွာတွေကို တိုက်ခိုက်ခဲ့တာတွေရှိခဲ့တယ်။ အဲဒါကြောင့်လည်း မြေပုံမြို့၊ ရက်ချောင်းရွာပေါ့။ အဲဒီတုန်းက ရက်ချောင်းရွာက မွတ်စလင်တွေ အများစုနေရာဖြစ်တယ်လို့သိရပါတယ်။ ရက်ချောင်းရွာကို သူကြီးလုပ်နေတာက ရခိုင်လူမျိုးကလုပ်နေတာဖြစ်ပါတယ်။ အဲဒီမှာ သူကြီးသားအဖ အသတ်ခံရတဲ့အတွက် ရက်ချောင်းရွာကို မီးရှို့ခဲ့တာရှိတယ်။ အဲဒီကနေစတင်ပြီးဖြစ်ပွားခဲ့တာရှိတယ်လို့သိရပါတယ်။ နောက်ပိုင်းမှာတော့ ၁၉၈၈ ခုနှစ် မောင်တောပဋိပက္ခဖြစ်ပွားခဲ့တာရှိခဲ့တယ်။ ၂၀၁၂ ခုနှစ် မေ ၂၈ ရက်မှာ ကျောက်နီမော်ကိစ္စ၊ မသီတာထွေးကိစ္စတွေဖြစ်ပွားခဲ့တာရှိခဲ့တယ်။ ကျန်တဲ့ပဋိပက္ခတွေလည်း ဖြစ်ပွားခဲ့တာတွေလည်းရှိခဲ့တယ်။ အဲဒီမှာ ကျွန်တော်တို့ပြည်သူလူထု ရှင်းရှင်းလင်းလင်းသိဖို့က ရခိုင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ လူမျိုးရေးပဋိပက္ခတွေကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစိုးရဝန်ထမ်းပိုင်းဆိုင်ရာ အဖွဲ့အစည်းတွေက ဘယ်တုန်းကမှစတင်ခဲ့တာမရှိဘူး။ လူမျိုးစုဖက်တစ်ဖက်ဖက်ကသာ စတင်ခဲ့တာရှိတယ်။ အဲဒီစတင်ခဲ့တဲ့ပဋိပက္ခတွေကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ အစိုးရဝန်ထမ်းတွေနဲ့ ပြန်လည်ထိန်းသိမ်းရတာဖြစ်တယ်။ ရခိုင်ပြည်နယ်မှာ လူမျိုးရေးပဋိပက္ခဖြစ်ရင် ဘယ်လောက်အထိ ထိန်းသိမ်းရခက်ခဲတယ်ဆိုတာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊လုံခြုံရေးအဖွဲ့တွေနဲ့ အစိုးရဝန်ထမ်းပိုင်းအားလုံး သိတယ်။




ဒါကြောင့်မလို့ ကျွန်တော်တို့အနေနဲ့ လူမျိုးရေးပဋိပက္ခဘယ်တုန်းကမှလည်း မဖန်တီးခဲ့ဘူး။ ပဋိပက္ခဖြစ်လာရင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ အစိုးရဝန်ထမ်းပိုင်းဆိုင်ရာတွေသည် ခေါင်းခံရတယ်၊တာဝန်ခံရတယ်ဆိုတာသိပြီးဖြစ်တယ်။ ဘယ်လောက်ခက်ခဲတယ်ဆိုတာသိပြီးဖြစ်တဲ့အတွက်ကြောင့်မလို့ ဘယ်တုန်းကမှလုပ်ဆောင်ခဲ့တာမရှိပါဘူး။ ပဋိပက္ခတွေဖြစ်ပွားလို့ ထိန်းသိမ်းလုပ်ဆောင်တဲ့နေရာမှာတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ အစိုးရဝန်ထမ်းတွေကို ဘယ်ဘက်ကလိုက်တယ်၊ညာဘက်ကလိုက်တယ် ဒီလိုမျိုးစွပ်စွဲချက်တွေရှိကောင်းရှိတယ်။ ဘယ်တုန်းကမှလည်း မစတင်ခဲ့ဘူး။ နောင်မှာလည်း စတင်မှာမဟုတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသားပြောချင်တယ်။ နောက်တစ်ခုကတော့ ကျွန်တော်ပြောခဲ့တဲ့ဘူးသီးတောင်ဒေသရဲ့ ထူးခြားချက်ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ပဋိပက္ခကြီးကြီးမားမားမဖြစ်ပွားခဲ့ပါဘူး။ဒီ AA ဝင်လာမှသာ လူမျိုးရေးနဲ့ပတ်သက်ပြီး လှုံ့ဆော်နေတာဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးမှာ ဖြစ်ပွားနေတဲ့အခြေအနေတွေကိုပြောနေရင် အများကြီးရှည်သွားမယ်။ဒါကြောင့်မလို့ ဘူးသီးတောင်ဒေသမှာ ယခုအနီးကပ်ဆုံးဖြစ်ခဲ့တဲ့အခြေအနေတွေကိုပဲ ကျွန်တော်ပြောပါမယ်။ ၂၀၁၃ ခုနှစ် ၁၂ လပိုင်းမှာ ဘူးသီးတောင် နန်းရားကုန်းကျေးရွာအုပ်စုမှာ AA က ဘူးသီးတောင်မြို့ပတ်ဝန်းကျင်မှာရှိတဲ့ မွတ်စလင်ရွာတွေကို ရွာတစ်ရွာမှာ သုံးယောက်မလာမနေရဆိုပြီး အစည်းအဝေးခေါ်တယ်။ အစည်းအဝေးခေါ်ပြီးတော့ မွတ်စလင်တွေကို သူတို့နဲ့ ပူးပေါင်းဖို့စတင်ပြောခဲ့တယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှာပဲ ဘူးသီးတောင် ရပ်ကွက်(၄)မှာနေတဲ့ အာရိမန်ဆိုတဲ့ မွတ်စလင်ကို AA က ဖမ်းဆီးသွားတယ်။ အဓိကကတော့ တပ်မတော်နဲ့ ပူးပေါင်းတယ်ဆိုပြီး ဖမ်းဆီးသွားတာဖြစ်တယ်။ ဒီနေ့အထိပြန်လွှတ်လာခြင်းမရှိဘူး။ အဲ့ဒီလိုဖမ်းဆီးတဲ့အပြင် ဖမ်းဆီးပြီးနောက်ပိုင်းမှာလည်း ပူးပေါင်းရင်သူတို့လို ဖမ်းဆီးခံရမယ်ဆိုပြီး ခြိမ်းခြောက်တာမျိုးရှိခဲ့တယ်။နောက်တစ်နေ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှာ ဘူးသီးတောင် ကျောက်ဖြူသားသေကျေးရွာအုပ်စုမှာ နံနက် ၁၀ နာရီမှာ AA က နိုင်ငံရေးမှူးတို့ စစ်ဒေသမှူးတို့အမည်ခံထားတဲ့သူ ၂၀ လောက်က မွတ်စလင်ကျေးရွာတွေအားလုံးကို အစည်းအဝေးခေါ်တယ်။ ခေါ်ပြီး မွတ်စလင်ကျေးရွာများကို ကျေးရွာတစ်ရွာမှာ လူ ၁၀ ယောက်ဆီသူတို့ AA နဲ့ပူးပေါင်းဖို့ဆောင်ရွက်ပေးဖို့ပြောတယ်။ AA ကိုထည့်ပေးဖို့ပြောတယ်။ မပေးနိုင်ဘူးဆိုရင် သူပုန်ရွာတွေအဖြစ် သတ်မှတ်မယ်ဆိုပြီး ပြောခဲ့တာမျိုးရှိပါတယ်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှာတော့ ညောင်ချောင်းမှာပဲ မွတ်စလင်ကျေးရွာတွေက ကျေးရွာလူကြီးတွေ၊ တာဝန်ခံတွေ ငါးယောက်ကိုခေါ်တယ်။ ခေါ်ပြီးတော့ သူတို့တောင်းထားတဲ့လူတွေရပြီလား။ အမြန်ဆုံးပေးဖို့ဆိုပြီးပြောခဲ့တာရှိတယ်။ အဲ့ဒီလမှာပဲ ဘူးသီးတောင်မြို့ရဲ့ အနောက်ဘက်မှာရှိတဲ့ မွတ်စလင်ကျေးရွာတွေဖြစ်တဲ့ လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာကို AAဝင်ရောက်လာပြီးတော့ သူတို့နဲ့မပူးပေါင်းဘူးဆိုပြီး ရွာတစ်ရွာလုံးကို မီးရှို့ခဲ့တယ်။ အဲ့ဒီလိုမီးရှို့ခဲ့တဲ့အတွက် အဲ့ဒီကဒုက္ခသည်တွေအားလုံးကို မွတ်စလင်ဒုက္ခသည်တွေအားလုံးကို ကျွန်တော်တို့လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ အစိုးရဝန်ထမ်းတွေအနေနဲ့ မြို့ထဲကိုပြောင်းရွှေ့ပေးရတာရှိပါတယ်။

၂၀၂၄ ခုနှစ် မတ် ၁၀ ရက်မှာတော့ ယခင်ကမွတ်စလင်အဖွဲ့အစည်းတွေဖြစ်ခဲ့တဲ့ မွတ်စလင်အဖွဲ့အစည်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ ဦးထွန်းခင်နဲ့နေဆန်းလွင်တို့ဟာ ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ဒုက္ခသည်စခန်းတစ်ခုကိုရောက်လာတယ် AA က ခေါင်းဆောင်ပိုင်းတချို့နဲ့တွေ့တယ်။တွေ့ပြီးတော့ Refugees Camp ကနေပြီးတော့ မွတ်စလင်လူငယ်ငါးသောင်းလောက်ကို AA နဲ့ပူးပေါင်းအောင် ဆောင်ရွက်ပေးဖို့ဆိုပြီး ဆွေးနွေးခဲ့တာတွေရှိတယ်ဆိုတာကို သတင်းရရှိပါတယ်။ ၂၀၂၄ ခုနှစ် မတ် ၁၃ ရက်မှာတော့ AA အနေနဲ့ ဘူးသီးတောင်မြို့မှာ ဘူးသီးတောင်မြို့ကနေ မွတ်စလင်တွေထွက်ခွာသွားဖို့ဆိုပြီး စာတွေဖြန့်ဝေခဲ့တာရှိတယ်။ဒါကြောင့်မလို့ မတ် ၁၉ ရက်မှာ မွတ်စလင်ငါးထောင်လောက် AA ကိုအလိုမရှိတဲ့အကြောင်း ဆန္ဒပြတာတွေရှိတယ်။ ၂၃ ရက်မှာလည်း ထပ်မံပြီး ဆန္ဒပြခဲ့တာရှိပါတယ်။ အဲ့ဒီ ၂၃ ရက်မှာပဲ AA အနေနဲ့ ညောင်ချောင်းရယ် စိမ့်ညှင်းပြားရယ် ဂူဒါပြင်မွတ်စလင်တွေကို AA ကိုထောက်ခံကြောင်း တန်ပြန်ဆန္ဒပြဖို့ဆိုပြီးတော့ အတင်းအကျပ်စေခိုင်းခဲ့တာရှိတယ်။ သို့သော်သွားရောက်ခဲ့ခြင်းမရှိတဲ့အတွက် ကျေးရွာတွေကို ခြိမ်းခြောက်စာတွေပို့ခဲ့တာလည်းတွေ့ရပါတယ်။ မတ် ၂၆ ရက်မှာတော့ ဘူးသီးတောင်က နူရ်ဘော်ရှိရ်ဆိုတဲ့ မွတ်စလင်အမျိုးသားတစ်ယောက်ကို ဆန္ဒပြပွဲတွေလုပ်ခဲ့တယ်ဆိုပြီးတော့ AA ကဖမ်းဆီးသွားတာရှိပါတယ်။ မတ် ၃၀ ရက်မှာတော့ ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံကဝန်ထမ်းတွေကို ခြိမ်းခြောက်ပြီးတော့ AA အနေနဲ့ ဆေးရုံကိုပိတ်ပစ်လိုက်တယ်။ ဆေးရုံကိုပိတ်ပြီး အဲ့ဒီကဝန်ထမ်းတွေကို စေတီတောင် AA အခြေပြုနေတဲ့ စေတီတောင်ကိုခေါ်သွားပြီးတော့ AA ကိုကုသဖို့ဆိုပြီးတော့ ဆေးရုံဖွင့်လှစ်ခဲ့တာရှိပါတယ်။ ဒီလပိုင်းမေ ၉ ရက်မှာတော့ ဘူးသီးတောင် အရှေ့ဘက်နဲ့အနောက်ဘက်ကူးနေတဲ့ ပန်းဇင်းတံတားနားလေးမှာရှိတဲ့ နန်းရားကုန်းကျေးရွာမွတ်စလင်ရွာဖြစ်ပါတယ်။ နန်းရားကုန်းကျေးရွာ မွတ်စလင်တွေကို AA အနေနဲ့ ပန်းဇင်းတံတားကိုသိမ်းဖို့ဆိုပြီးတော့ အတင်းနှင်ထုတ်ခဲ့တာတွေရှိပါတယ်။ သူတို့နဲ့မပူးပေါင်းခဲ့တဲ့ရွာတွေဖြစ်တဲ့ ကွန်တိုင်၊ ရွက်ညိုတောင်၊ ဦးလှဖေ အဲ့ဒါ မွတ်စလင်ရွာကြီးတွေဖြစ်ပါတယ်။ အဲ့ဒီရွာသုံးရွာကို မေ ၁၂ ရက် ညနေ ၃ နာရီခွဲလောက်မှာ AA က လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ပစ်ခတ်ခဲ့တယ်။ ဗုံးသီး အလုံး ၁၀၀ ကျော်လောက်ကျခဲ့တယ်။ မွတ်စလင်များသေကျေပျက်စီးမှုတွေလည်းရှိတယ်။ အဲ့ဒီကနေ ရွာကိုစွန့်ခွာလာပြီးတော့ ဘူးသီးတောင်ဘက်ခြမ်းမှာရှိတဲ့ ကကျက်ဘက်တို့၊ အလယ်ချောင်းတို့၊ ကန်ပြင်တို့ ဘူးသီးတောင်မြို့ပေါ်တို့ကို ပြောင်းရွှေ့ပေးခဲ့တာရှိပါတယ်။ သင်္ကြန်အတက်နေ့ ၁၆ ရက်နဲ့ နှစ်ဆန်းတစ်ရက်နေ့ ၁၇ ရက်နေ့မှာတော့ AA အနေနဲ့ ဘူးသီးတောင်တစ်ဝိုက်မှာရှိတဲ့ရွာတွေကို အသံချဲ့စက်နဲ့ မွတ်စလင်ရွာတွေကို အသံချဲ့စက်နဲ့လိုက်အော်ပြီးတော့ ကျေးရွာအုပ်စုတစ်စုကိုလူလတ်ပိုင်းအယောက် ၂၀၀ AA ကိုပေးဖို့ တောင်းဆိုနေတာရှိတယ်။ ပြီးရင်တပ်ကိုဆန့်ကျင်ဖို့ မပေးရင်သူတို့အနေနဲ့အတင်းအကျပ်ဖမ်းဆီးရမယ်၊ ပြီးရင်နေရာပြောင်းမယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေရှိနေတာကိုတွေ့ရပါတယ်။ ဒါတွေက တကယ့်လက်တွေ့မြေပြင်မှာဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေဖြစ်တယ်။ ဒီအဖြစ်အပျက်တွေကို ဖုံးကွယ်ချင်တဲ့အတွက် ဒီအဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ဖုံးကွယ်ချင်တဲ့အတွက် မဟုတ်မမှန်စွပ်စွဲပြောဆိုတာမျိုးဖြစ်တယ်ဆိုတာ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဘူးသီးတောင်-မောင်တောဒေသလုံခြုံမှုရှိစေရေး၊ ဘူးသီးတောင်-မောင်တောဒေသမှာရှိနေတဲ့တိုင်းရင်းသားများ၊ မွတ်စလင်များ၊ အားလုံးနေထိုင်ကြသူများအနေနဲ့ ပဋိပက္ခများမဖြစ်ပွားစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။AA နဲ့ပတ်သက်လာပြီး ဘူးသီးတောင်မြို့-မောင်တောမြို့ပေါ်မှာ ပြောဆိုနေတာကသူတို့ကိုယ်သူတို့ (AA -Arakam Army) ဆိုပြီးပြောကြတယ်။အဲဒီဘက်ဒေသမှာတော့လူတိုင်းမေးကြည့်ရင်သိနိုင်ပါတယ်။ AAမဟုတ်ပါဘူး ADA ပါ။ (Arakam Drug Army) ဖြစ်ပါတယ်။ သူတို့ရဲ့အဓိကစီးပွားရေးလုပ်ငန်းသည် မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်နေတဲ့လုပ်ငန်းပဲဖြစ်ပါတယ်။ ရန်ကုန်မှာမိလိုက်ရင်လည်း AAအဖွဲ့နဲ့ပတ်သက်နေတာပဲ၊ မန္တလေးမှာမူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး၊ စိတ်ကြွဆေးတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဖော်ထုတ်ဖမ်းဆီးရမိရင်လည်း AA နဲ့ပတ်သက်နေတာပဲဖြစ်ပါတယ်။ ဒီလိုမျိုးမူးယစ်ဆေးဝါးနဲ့ပတ်သက်နေတဲ့အကြမ်းဖက်အဖွဲ့အစည်းကို အားပေးထောက်ခံနေတာ၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး အကြမ်းဖက်အဖွဲ့အစည်းအတွက် လှုံ့ဆော်ပေးနေတာမှန်သမျှသည် အကြမ်းဖက်လုပ်ရပ်များ ကမ္ဘာမှာမူးယစ်ဆေးဝါးပြန့်ပွားရေးလုပ်ရပ်များကို အားပေးကူညီနေသူတွေဖြစ်တယ်ဆိုတာကို သိစေချင်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

# AA အကြမ်းဖက်သောင်းကျန်းသူများက ဘူးသီးတောင်မြို့နယ်အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ လေးဦး သေဆုံး၍ အသက် ၁၂ နှစ်အရွယ် ကလေးငယ် တစ်ဦး အပါအဝင် ရှစ်ဦး ပြင်းထန်စွာထိခိုက်ဒဏ်ရာများရရှိ

AA အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဘူးသီးတောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်အတွင်း လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု ဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် ဧပြီ ၁၈**

AA အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံအတွက် ထူးခြားလေးနက်သည့် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းသောအခါသမယ၌ ပြည်သူများ ဘုရားကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ဇိဝိတဒါနပြုလုပ်ပြီး ကုသိုလ်ယူနေချိန်တွင် ပြည်သူများတည်ငြိမ်အေးချမ်းမှုပျက်ပြားကာ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ဧပြီ ၁၇ရက် ညနေ ၅ နာရီခွဲခန့်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့အတွင်းသို့ မြို့၏အရှေ့မြောက်ဘက်မှ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်များသည် အမှတ်(၂) ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူအမျိုးသားတစ်ဦး၊အမျိုးသမီးသုံးဦး စုစုပေါင်း လေးဦး သေဆုံးပြီး ၁၂ နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် ရှစ်ဦးပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါထိခိုက်ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်မသက်ဆိုင်သောလူနေမြို့ရွာရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် အပြစ်မဲ့ပြည်သူများသေဆုံး၊ ထိခိုက်ခဲ့ရသည်ထိ ဆင်ခြင်တုံတရားကင်းမဲ့စွာလုပ်ဆောင်ခြင်းသည် အရုပ်ဆိုးအကျည်းတန်သောလုပ်ရပ်ဖြစ်ပြီး အဆိုပါလုပ်ရပ်အပေါ် ဝိုင်းဝန်းဆန့်ကျင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ မြို့ရွာများအမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်၍ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးရမိရေး ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။





AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေသခံပြည်သူများကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်နေစဉ်။

# ဘူးသီးတောင်မြို့နယ် အမှတ်(၅)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား၍ လူနေအိမ်အလုံး ၅၀ ကျော် မီးလောင်ပျက်စီးဆုံးရှုံး

**နေပြည်တော် ဧပြီ ၁၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမှတ်(၅)ရပ်ကွက်အတွင်း၌ ဧပြီ ၁၇ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ကားပစ္စည်းဆိုင်တစ်ဆိုင်မှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အခြားနေအိမ်များသို့ ထပ်မံကူးစက်လောင်ကျွမ်းခဲ့ရာ နှစ်ထပ်တိုက်နေအိမ်အလုံး ၃၀ ခန့်နှင့် ပျဉ်ထောင်၊ သွပ်မိုးနေအိမ်အလုံး ၂၀ကျော် စုစုပေါင်းနေအိမ်လုံး ၅၀ကျော် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါရပ်ကွက်၌ နေထိုင်သောဒေသခံပြည်သူများသည် မတ် ၃၁ ရက်မှစတင်၍ ၎င်းရပ်ကွက်၌ နေထိုင်ခြင်းမရှိဘဲ ဘူးသီးတောင်မြို့နယ် တောင်ပိုင်းရှိကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းသိရှိရပြီး တာဝန်ရှိသူများက မီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤









ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက်ရှိ လူနေအိမ်များမီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ကံကြွေးစေရာ

စိုင်စိုင်



(၁)

"အူဝဲ အူဝဲ"

မေလေး ကလေးမွေးဖွားပြီးနောက် ရင်ထဲလစ်ဟာသွားကာ သတိလစ်သွားတော့၏။ ပြန်သတိရလာသည့်အခါတွင် ခပ်တိုးတိုးပြောနေသော သူနာပြုဆရာမကြီး၏အသံကို ဝိုးတားတားကြားရသည်။

"ဖြစ်ရလေဟယ်။ ဘယ်လိုလေးနေနေ ကိုယ့်ရင်သွေးလေးပါပဲအေ"

"ကျွန်တော်က မိန်းကလေးလဲ ချစ်ပါတယ်ဗျာ။ မေလေး စိတ်မချမ်းသာမှာတော့စိုးမိတယ်"

မေလေးဘေးတွင် အနီးထုပ်ဖြူဖြူလေး။ သမီးလေးဆိုသည်ကို မေလေးသေချာပင်မကြည့်ချင်ခဲ့။ သူနာပြုဆရာမကြီးက မေလေးနှင့် ကလေးကို လိုအပ်သည်များလုပ်ကိုင်ပေးပြီး ပြန်သွားတော့၏။

"မေလေး ဘာမှမတွေးနဲ့နော်။ သမီးလေးကို နို့တိုက်ပေးပါကွာ"

ကလေးကို မေလေး ရင်ညွှန့်နားသို့ ကပ်လာပေးပြီး ပြောလိုက်သော ကိုထူးကို မေလေး မကြည့်ကြည့်ကြည့်လိုက်မိသည်။ သူ့ကြောင့် သည်ကလေးကိုမွေးလိုက်ရသည်။ နုံချာလှသောဘဝတွင် သားသားမောင်ချစ်ထူးရှိရုံနှင့် လုံလောက်ပြီဟု မေလေးတွေးထားသည်။ နောက်ထပ်ကလေးယူရန်လည်း စိတ်ကူးမရှိ။ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ကာကွယ်နေသည့်ကြားမှ သားသားသုံးနှစ်မှ သည်ကလေးကိုယ်ဝန်ရခဲ့သည်။ မေလေး ကိုယ်ဝန်ဖျက်ချရန် တွေးမိသေး၏။ မေလေး၏ အကြံအစည်ကို ကြိုသိနေသောသူက စကားလုံးအမျိုးမျိုးနှင့် တားမြစ်နိုင်ခဲ့၍သာ။

"အဲ့ အဲ့"

ပါးစပ်လေးဟပြီး တအဲ့အဲ့အသံပေးနေသည့်ကလေးလေးကို မေလေးစိတ်လျှော့လိုက်ကာ နို့တိုက်လိုက်သည်။

"ရှင် မနက်ဖြန် အလုပ်သွားနော်။ နားမနေနဲ့။ စားမဲ့ပါးစပ်ပေါက်က တိုးလာပြန်ပြီ"

"အေးပါကွာ သွားမှာပါ။ အမေလဲ ညနေကျရင် လာလိမ့်မယ်။ မေလေးတို့သားအမိကို စောင့်ရှောက်ဖို့ကို လှမ်းခေါ်ထားတာ"

"ဟာ ကိုယ်တွေတောင် စားစရာအနိုင်နိုင်ပါဆို။ ရှင့်အမေကို ခေါ်မထားပါနဲ့"

"မေလေးကလဲကွာ အမေက ရွာကနေ ဆန်ကော၊ ဆီကော သယ်လာမှာပါ"

မေလေး စိတ်ပင်ပန်းနေသည်။ ကိုထူး၏ ပန်းရန်သံလက်ကိုင် အလုပ်ဝင်ငွေတစ်ခုတည်းနှင့် စားရေးပင်အနိုင်နိုင်။ အိမ်လခ၊ ရေဖိုး၊ မီတာခ၊ လူမှုရေး၊ သားသားမုန့်ဖိုး၊ မူကြိုကျောင်းလခဖြင့် ကုန်ကျစရိတ်က မသေးလှ။ ညဈေးတန်း၌ မေလေး ပန်းရောင်းသည့်ဝင်ငွေကူနေ၍သာ လစဉ်အသုံးစရိတ်လောက်ငရုံသာ။ ကိုယ်ဝန်ရင့်လာသည်နှင့် မေလေးဈေးရောင်းနားထားရသည်။ သည်ကလေး ကိုယ်ဝန်စရှိကတည်းက မေလေး နေမကောင်းခဏခဏဖြစ်၍ ဈေးရောင်းပျက်ရသည်မှာလည်း ခဏခဏ။ မလိုချင်ဘဲ ရလာသည့်ကလေး။

"ဟာ သမီးလေးက ရှူးရှူးတွေပေါက်ချထားပြီ။ ကို အနီးလဲပေးမယ်"

အနီးထုပ်လေးကို ကိုထူးဖြေလိုက်စဉ်-

"အို"

"မေလေး သတိထားနော်။ မေလေး မေလေး"

မနှစ်မြို့သောစိတ်က ငယ်ထိပ်သို့တက်ဆောင့်သွားသည်ထင်။ မေလေး အသိစိတ် အမှောင်ကျသွား၏။

(၂)

"မေလေး သတိရပြီလား"

"ခေါ်သွား အဲဒါလေးကို မမြင်ချင်ဘူး။ အီး ဟီး ဟီး"

မေလေး ဘယ်လိုမှ ကလေးကိုမြင်ချင်သည့်စိတ်မရှိတော့။ အူလှိုက်သည်းလှိုက်ငိုချလိုက်လည်း မနှစ်မြို့ခြင်းက လျော့ပါးမသွား။

"သတိထားပါအေ။ ကိုယ်နဲ့ကံစပ်လို့ရောက်လာတဲ့ကလေးပါ။ မလိုချင်လို့မရဘူးလေ။ မိဘမေတ္တာမလျော့ပါစေနဲ့အေ"

အလိုမကျသည့်လေသံဖြင့် ပြောနေသော ယောက္ခမကိုလည်း မေလေး မကြည့်ချင်။ သမီးလေးကို ပွေ့ထားသော ကိုထူးကတော့ မျက်ရည်များဝဲလျက်။ သားသားမောင်ချစ်ထူးက သူ့ညီမလေး မျက်နှာကိုငုံ့ကြည့်နေ၏။ မေလေး မျက်ရည်များကို သုတ်လိုက်သည်။

"ကိုထူး ဒီကလေးကို သွားစွန့်ပစ်လိုက်"

"ဘာ"

မေလေး၏ စကားက ဗုံးတစ်လုံးအလား ကိုထူးကကြားလိုက်သည်ကို မယုံကြည်သလို လန့်အော်လိုက်၏။

"အမယ်လေးလေး ညည်းအေ မီးဖွားပြီးစမိန်းမမဟုတ်သလိုဘဲ။ ပြောရက်လိုက်တာ"ဟု ယောက္ခမက ပြောလိုက်သည်။

သည်လို ကလေးမျိုးကို မေလေးမွေးထားပါသည်ဟု မေလေး၏မိဘအသိုင်းအဝိုင်းများမသိစေလို။ မေလေး၏ အတွေးများက ရင်သွေးဟူသောအသိကို အမှောင်ကျစေပြီ။

"အို မေလေး မလိုချင်ဘူး။ မလိုချင်ဘူး"

မျက်စိစုံမှိတ်ကာ အားကုန်ခြစ်အော်နေသော မေလေးက သူရူးတစ်ယောက်ပမာ။

"ကဲ ကဲ မေလေး။ စိတ်အေးအေးထား။ အနားယူလိုက်အုံးနော်"

"အမေ လာ လာ။ အမေနေမဲ့အခန်းလေးထဲမှာပဲ သမီးကိုထားရအောင်"

"သားကြီးချစ်ထူး အမေ့နား ငြိမ်ငြိမ်လေးနေအုံးနော်"

ကိုထူးက ကလေးပွေ့ကာ သူ့အမေနှင့်အတူ မေလေးအခန်းတွင်းမှ ထွက်သွားသည်။ ပြူးကြောင်ကြောင်လေးကြည့်နေသော သားသားကို မေလေး ဆွဲဖက်ထားမိ၏။ မေလေးဘဝတွင် မဖြစ်ချင်သည်များသာ ဆက်တိုက်ဖြစ်နေသည်ကို မကျေနပ်နိုင်။ ဆယ်တန်းအောင်သောနှစ်တွင် အချစ်ကို ကိုးကွယ်ပြီး ကိုထူး ခိုးရာနောက်သို့လိုက်ခဲ့မိ၏။ မိဘများ၏စွန့်ပစ်ခြင်းကို မေလေးခံခဲ့ရသည်။ သားတစ်ယောက်ရသည့်တိုင် မိဘများက အဆက်အသွယ်ပြန်လုပ်မခံခဲ့။ မာန်ကိုတင်းပြီး ဘဝကိုရုန်းကန်ခဲ့သည်။ တက္ကသိုလ်တက်ရန်ဝေလာဝေး။ နုံချာချာဖြတ်သန်းနေရသည့်ဘဝကို အလွန်စိတ်ပျက်လှသည်။

(၃)

မေလေး နို့ခန်းစေရန် အမြပက်လက်အိပ်ပစ်သည်။ တစ်ဖက်ခန်းက သမီးအော်သံ တအဲ့အဲ့ကြားတိုင်း နားပိတ်ထားမိသည်။ စိတ်အလိုမကျခြင်းနှင့် ဖြစ်တည်လာသောဘဝမှ ရုန်းထွက်ချင်နေ၏။

"မေလေး နေကောင်းရဲ့လား။ ကို ဝမ်းသာစရာပြောမလို့"

မေလေးက ဘာများဝမ်းသာရမည်နည်း။ စိတ်ထဲတွင် ဘာမှမျှော်လင့်မနေ။

"ကို့ ဆရာကလေ ကို့ကို အလုပ်တွေခွဲပေးတယ်။ အလုပ်သမားရှာပြီး ကို သေချာအလုပ်လုပ်မယ်"

ကိုထူးက အားကြိုးမာန်တက်ပြောနေသော်လည်း မေလေး သိပ်ပြီးစိတ်မဝင်စားပါ။ ပန်းရန်ဆရာက ငွေအများအပြားရှာနိုင်မည်ဟု မယုံကြည်။

"ဒီမှာ မေလေး ကို အလုပ်လက်ခံလာတာ ရော့ယူထားနော်။ မေလေး နေကောင်းအောင်နေနော်။ သမီးလေးကို ကြည့်ပါအုံးလားကွာ။ တခစ်ခစ်ရယ်တတ်နေပြီ မေလေးရဲ့"

ကိုထူးက အိပ်ခန်းတွင်းသာအမြဲနေနေသော မေလေးကို အပြစ်မမြင်။ အလုပ်မှပြန်လာတိုင်း စကားလာပြောသည်။ ပြောသည့်အခါတိုင်း သမီးအကြောင်းက မပါမဖြစ်။ ယောက္ခမကတော့ သမီးလေးကို သူ့အသည်းတုံး။ သူ့ရွာပြန်ရေးပင် စိတ်မကူးတော့သည့်ပုံ။ သမီးကိုနို့ဘူးတိုက် ဝေယျာဝစ္စလုပ်နှင့် မအားနိုင်။ သို့သော် သူ့ဝါသနာပါရာ သီချင်းတအေးအေးနှင့် သမီးကိုချော့သိပ်တတ်သည်။ မေလေး အခန်းပြင်ထွက်လာသည်နှင့် သမီးကိုပွေ့ကာ သူ့အခန်းတွင်းဝင်သွားတတ်သော ယောက္ခမ၏ပုံစံကလည်း မေလေး အကြိုက်ပင်။ မေလေးမှာတော့ သမီးကို ကြည့်ကိုမကြည့်ချင်။ သို့သော်လည်း ယောက္ခမအလစ်တွင်တော့ သမီး၏နို့ဘူးများကို ရေနွေးနှင့်ဆေးထားခြင်း၊ အနှီးများကို မီးပူတိုက်ထားခြင်းမျိုးတော့ လုပ်ပေးထားတတ်သည်။ မေလေးကို မိခင်မပီသသူဟုဆိုကာ စကားပြောရန်ဝေးစွ၊ မျက်နှာချင်းပင်မဆိုင်သော ယောက္ခမ။ တစ်ယူသန်ဆန်သော မေလေးကလည်း သားသားကိုသာ ဂရုတစိုက်နေခဲ့သည်။ မိုးလင်းမှ မိုးချုပ်ထိ အလုပ်ကြိုးစားနေသော ကိုထူးမှာတော့ အိမ်ပြန်ရောက်သည်နှင့် သမီးကိုသာ သည်းသည်းလှုပ်။

"ဟော့ ဖေ့သမီးလေး။ ချစ်စရာကောင်းလိုက်တာကွာ။ သမီးလေး ဖေ့ဆီရောက်လာတာ ကံကောင်းခြင်းပဲကွ။ ဟား ဟား ဟား"

"ခစ် ခစ်"

"ဟဲ့ ငါ့သားရယ်။ ထမင်းသွားစားချေအုံး။ ပေး အမေ့ မြေးလေး။ အို အို ပိုပို့ရို့"

တစ်ဖက်အခန်းမှ သမီးနှင့် ကိုထူးတို့၏ ရယ်မောသံ၊ ယောက္ခမ၏ ကြည်နူးသံများက မေလေးရင်ကို အမည်မသိလှိုင်းများရိုက်ခတ်စေသည်။

(၄)

"ဘယ်လို မေလေး မိဘတွေဆီကို ကိုတို့သားအဖ မလိုက်ခဲ့ရဘူး။ ဟုတ်လား"

"ဟုတ်တယ် ကိုထူး။ သားသားနဲ့ မေလေး အလည်သွားမလို့နော်။ ဟိုမှာပျော်သလောက်နေမယ်။ မေလေးစိတ်တွေ ဒီအိမ်မှာနေရတာ မွန်းကျပ်လို့ပါ"

မေလေး၏ မိဘများက စိတ်ဆိုးပြေလာပြီဖြစ်၍ ဆက်သွယ်လာသည်နှင့် မေလေးသွားချင်ပြီ။ မျက်နှာညှိုးနေသော ကိုထူးကို မေလေး သိပ်အရေးမလုပ်ပါ။ ကန်ထရိုက်များက ပန်းရန်အလုပ်များကို ယုံကြည်စွာအပ်နှံနေသောကြောင့် ကိုထူးမှာ အလုပ်မအားရ။ အသောက်အစားမရှိ၊ အလုပ်သမားများအပေါ်လည်း စေတနာထားသော ကိုထူး အလုပ်များဆက်တိုက်လက်ခံနေရသဖြင့် ဝင်ငွေကောင်းလာသည်။

သားသားနှင့် မေလေး ဇာတိမြို့ကိုရောက်တော့ မိဘမောင်နှမများက နွေးထွေးစွာကြိုဆိုကြသည်။ ကိုထူးကို ခေါ်မလာခြင်းကိုလည်း ကျေနပ်နေကြသည်။ သားသားကိုလည်း မေလေးက ညီမလေးရှိကြောင်း မပြောရဘူးဟု ကြိုတင်ပိတ်ပင်ထားခဲ့သည်။

"သမီးရယ်။ အပျိုတုန်းက ရုပ်ရည်နဲ့ တခြားစီပါလားအေ။ အမေ့အိမ်မှာ ပျော်သလိုနေ။ ဖြစ်နိုင်ရင် ညည်းယောကျ်ားဆီပြန်တောင်မသွားစေချင်ဘူးရယ်"

အမေ့စကားကြောင့် မေလေး သားသားကို သည်မြို့မှာပင် ကျောင်းစအပ်လိုက်သည်။ ကိုထူး ဖုန်းဆက်၍မရရန် ဖုန်းကတ်ပြောင်းထားလိုက်သည်။ ကုန်စုံဆိုင်ကြီးကြီးနှင့် ယာမြေများစွာပိုင်ဆိုင်သောမိဘများ၏အရိပ်က ပိုအေးမြနေ၏။ သားသားကို ကျောင်းလိုက်ပို့သည့်အခါတိုင်း လမ်းလျှောက်တတ်စကလေးများ တီတီတာတာပြောတတ်နေသည်ကို မြင်မိတော့ သမီးလည်း လမ်းလျှောက်တတ်ပြီး တီတီတာတာပြောတတ်နေလောက်ပြီဟု တွေးမိသည်။ အတွေးဝင်လာလျှင် အမြန်မောင်းထုတ်ပစ်၏။ မေလေးစိတ်မှာ အတွေးများပိုမိုကပ်ငြိလာသလို ခံစားနေရသည်။

စာမျက်နှာ ၂၅ သို့ ➤

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရံ့ခြောက်ပိသာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရံ့ခြောက်ပိသာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ငါးရံ့ခြောက်ပိသာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ခြောက်ပိသာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်ငါးရံ့ခြောက်များကို ရန်ကုန်မြို့နှင့် အခြားဒေသများက ဝယ်ယူမှု အားကောင်းနေခြင်းကြောင့် တင်ပို့ရောင်းအား ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်နဲ့အခြားဒေသတွေကိုတင်ပို့ရောင်းချနေပါတယ်။ မတ်လအတွင်း ငါးရံ့ခြောက်ပိသာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိ ဒေသထွက်ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေတဲ့အပြင် ဈေးကောင်းပါရလာတယ်။ ဈေးကတော့ ငါးခြောက် အကြီး၊ အသေး အပေါ်မူတည်တာပေါ့။ အခုလို အရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ ငါးခြောက်သိုလှောင်ထားသူတွေ အဆင်ပြေတယ်။ ရန်ကုန်မှာဈေးကောင်းလာတာကလဲ ပြည်ပဈေးကွက်တင်ပို့တာနဲ့ ပြည်တွင်း နှစ်ကူးလက်ဆောင်ကန်တော့ပစ္စည်းအဖြစ် အသုံးပြုလာတာကြောင့် ဖြစ်ပါတယ်"ဟု မအူပင်မြို့နယ် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

"ဟင် ကိုထူး"

"ဟေး ဖေဖေ"

သားသားကိုကျောင်းမှ ကြိုပြီးပြန်အလာ အိမ်ခြံပေါက်ဝအဝင်တွင် ရပ်စောင့်နေသည့် ကိုထူးကို တွေ့ရသည်။ သားသားက ဝမ်းသာအားရဖြင့် အဖေကို ပြေး၍ဖက်ထား၏။

"ဟို လာ ကိုထူး လက်ဖက်ရည်ဆိုင်သွားပြီးစကားပြောရအောင်"

ကိုထူး ရောက်လာသည်ကို မေမေတို့နှင့်ပေးမတွေ့ချင်ပါ။ ကျန်မောင်နှမများကလည်း ကိုထူးကို ယခုချိန်ထိ အမြင်မကြည်ကြသေး။

"မေလေးရယ် နေနိုင်လိုက်တာကွာ။ ဖုန်းလဲအဆက်အသွယ်ဖြတ်လို့။ ကိုတို့မိသားစု မပြိုကွဲပါရစေနဲ့ကွာ။ မေလေး အိမ်ပြန်လိုက်ခဲ့ပါနော်"

မှာထားသည့် လက်ဖက်ရည်များအေးစက်လာသည်ထိ မေလေးက မတုန်မလှုပ်။ သားသားက သူ့အဖေပေါင်ပေါ် ထိုင်ပြီး မုန့်စားလိုက်၊ အဖေ့မျက်နှာကို အနီးကပ်ကြည့်လိုက်နှင့်။

"အခုဆိုရင် အိမ်လဲအသစ်ဆောက်ပြီးပြီ မေလေးရဲ့။ မေလေးလိုချင်တဲ့ ပြည့်စုံတဲ့ဘဝလေးရဖို့ ကို မနားမနေကြိုးစားနေတာပါ။ သမီးလေးလဲ လမ်းလျှောက်တတ်နေပြီ။ စကားလဲ တအားတတ်တာ။ မေလေး ဓာတ်ပုံကိုကြည့်ပြီး မေမေ မေမေနဲ့ခေါ်နေတာ"

သမီးလေး။ မေလေး ရင်ထဲ၌ ပွဲတင်ထပ်သွားသည့်အသံနှင့် အနီးထုပ်ဖြေစဉ်မြင်လိုက်ရသည့် သမီးပုံစံ။

"အို တော်တော့။ ဆက်မပြောနဲ့။ မေလေး ကိုထူးတို့ဆီပြန်မလာချင်ဘူး။ မိဘမောင်နှမအရိပ်မှာ မေလေးစိတ်အေးချမ်းနေပြီ။ ကိုထူးပြန်ပါတော့"

"ဟာကွာ"

မေလေးကို အမြဲအလျှော့ပေးကာ အလိုလိုက်တတ်လွန်းသည့် ကိုထူးမှာတော့ မျက်ရည်များသာဝဲလျက်။ နောက်ဆုံးတော့လည်း မေလေး ပြန်လာချင်သည့်အချိန် ပြန်လာပါဟုပြောပြီး ကိုထူး ပြန်သွားသည်။

(၅)

"အမယ်လေး ဟုတ်တာပြောတာ နာစရာလားအေ့"

"ရှင်က လူကြီးဖြစ်ပြီး မစာမနာမပြောနဲ့"

"ပြောတယ်အေ ဘာဖြစ်လဲ။ ညည်းသားနဲ့ ငါ့သားကို တစ်ခုံထဲမှာ မထိုင်ခိုင်းနိုင်ဘူး။ သနတယ် ဟွန်း"

"ဘာပြောတယ်"

သားကို နှိမ့်ချသည့်ပြောစကားကြောင့် ကျားရဲတစ်ကောင်လို မာန်ဖီလိုက်သည့် အာဂမိခင်။ သားသားတို့ကျောင်းရှေ့တွင် ရန်ဖြစ်နေကြသော မိခင်နှစ်ဦး။ မေလေးလည်း စိတ်ဝင်တစားရပ်ကြည့်နေမိ၏။

"တဲ ဟာ ငါ့သားကိုနှိမ့်ချချင်အုံး"

ပြောပြောဆိုဆိုနှင့်ပင် အမျိုးသမီးငယ်က အမျိုးသမီးကြီး၏ဆံပင်ကို ဆွဲကာ နပန်းလုံးတော့သည်။

"ဟဲ့ ဟဲ့။ ဩော်. . . အမျိုးသမီးတွေ ဆွဲကြပါဟ။ ငါ့ကျောင်းရှေ့ အမြင်မတော်လိုက်တာ"

ကျောင်းအုပ်ဆရာကြီး အော်လိုက်မှ ရပ်ကြည့်နေသည့် အမျိုးသမီးများက ဖျန်ဖြေကြသည်။

"တဲ ညည်းတို့က ငါ့ကျောင်းသား မိခင်တွေလား။ ဘာကြောင့်ရန်ဖြစ်ကြတာလဲ"

"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်မက မောင်တိုးတက်ရဲ့ အမေပါ။ ဒီအစ်မကြီးက ကျွန်မ သားလေးကို နှိမ့်ချတဲ့စကားပြောလို့ အဟင့် ဟင့်"

"ဩော်. . .Grade -2 က မောင်တိုးတက်ရဲ့ အမေလား။ ကဲလာကြပါ။ ထိုင်ကြပါအုံး"

ဆရာကြီး၏ လေသံက ကရုဏာများဖြင့်။ ဆံပင်များ သပ်တင်ရင်း မျက်စောင်းခဲနေသည့် အမျိုးသမီးကြီးက မကျေနပ်သည့် ပုံစံ။ မေလေးနှင့် သူတို့ရန်ပွဲကို ဖျန်ဖြေကြသူများပါ ဆရာကြီး ထိုင်ခိုင်းသည့် ကျောင်းဝင်းအတွင်းမှ ဖျောက်ဆိပ်ပင်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်ကြသည်။

"ဆရာကြီး ကျွန်မသားကို အဲဒီလို ကျက်သရေမရှိတဲ့ကလေးနဲ့ တစ်ခုံထဲမထိုင်ခိုင်းချင်ဘူး"

"အဟင့် ဟင့် ဟင့်"

မျက်နှာချိုကာ အရေးဆိုနေသည့် အမျိုးသမီးကြီး။ မျက်ရည်မထိန်းနိုင်အောင် ဝမ်းနည်းနေသော အမျိုးသမီးငယ်တို့ကို ဆရာကြီးက စိတ်မသက်သာစွာကြည့်လိုက်ပြီးမှ-

"ကဲ တိတ်ပါကွယ်။ သံသရာလည်နေကြတဲ့သတ္တဝါတွေမှာ ကံကြွေးဝဋ်ကြွေးတွေပါလာကြမှာပဲ။ ဘယ်မိဘမဆို ကိုယ့်ရင်သွေးကို အင်္ဂါစုံစုံ ကျန်းကျန်းမာမာမွေးချင်တာပဲလေ။ သူ့ကံကြမ္မာနဲ့ သူရလာတဲ့ ရင်သွေးလေးတွေကို မိဘတိုင်းက ချစ်မြတ်နိုးကြတာပဲ"

မေလေးရင်တွင်း၌ ဆို့နင့်ကြေကွဲလာ၏။

"ဒီက ငါ့တူမကြီးက သူများကလေးကို ကိုယ်ချင်းစာပေးရမယ်လေ။ မွေးရာပါ ခြေနှစ်ဖက်မပါတဲ့ကလေးကို ကျက်သရေမရှိသူလို့ မပြောသင့်ဘူး။ ကျက်သရေဆိုတာက လူ့အသွင်ပြင်နဲ့မဆိုင်ပါဘူး။ လူ့စိတ်ရင်းကောင်း၊ လုပ်ရပ်ကောင်း စာနာတရားရှိသူတွေကမှ ကျက်သရေရှိသူတွေပါ"

အို. . . ဆရာကြီး၏ စကားက မေလေးရင်ကို တိုက်ရိုက်ထိမှန်စေ၏။ ကိုယ့်ရင်မှဖြစ်တည်လာသည့် သမီးလေးကို သည်လိုကလေးမျိုးမွေးသည့် မိခင်ဟု မေလေး ကိုယ့်ကိုယ်ကိုယ် မခံယူနိုင်ခဲ့။ ကံကြွေးပါလာ၍ ဘယ်ဘက်လက်မောင်းအရင်းမှာ ငုံးတိတိနှင့် သမီးလေး။ မွေးရာပါ ခြေထောက်နှစ်ဖက်မပါသည့်သားကို မိခင်မေတ္တာအပြည့်နှင့် ပြုစုစောင့်ရှောက်ပြီး သူတစ်ပါးနှိမ့်ချဆက်ဆံသည်ကို ကာကွယ်တုံ့ပြန်သည့် အမျိုးသမီးငယ်ကို မေလေး လေးစားစွာကြည့်လိုက်သည်။ ထိန်းမရနိုင်တော့သည့် မျက်ရည်များနှင့် ကွပ်ပျစ်ပေါ်မှဆင်းကာ ဆရာကြီးကို ထိုင် ကန်တော့လိုက်၏။

"ကျေးဇူးတင်ပါတယ် ဆရာကြီးရှင့်"

"ဒီက အစ်မလေးကိုလဲ လေးစားပါတယ် ရှင့်"

"ဟေ"

"ရှင်"

ပါးစပ်အဟောင်းသားနှင့် တအံ့တသြကြည့်နေကြသူများကို အတ္တများအရည်ပျော်ပြီးကျလာသည့် မျက်ရည်များကိုသုတ်လိုက်ကာ မေလေး ကြည်ကြည်လင်လင်ပြုံးပြလိုက်ပါသည်။ မေလေး၏စိတ်အလျဉ်ကတော့ ကြည်နူးဖွယ်မိသားစုလေးထံသို့။

## ဖေးကူကြပါစို့

\- နိုင်ငံတစ်ခုအေးချမ်းကာ
တိုးတက်ဖွံ့ဖြိုးရာ၊
ကာကွယ်ရေးအားတောင့်တင်းရေး
အရေးကြီးသည်လေး။

\- ချင့်တွေးသုံးသပ်လျှင်မြင်သာ
ကမ္ဘာတစ်ခွင်မှာ၊
နိုင်ငံများစွာအလေးထား
ကာကွယ်ရေးအင်အား။

\- ဖွံ့ထွားရေးတွက်ပြည်သူတွေ
စစ်မှုထမ်းရန်လေ၊
ဥပဒေရေးဆွဲပြဋ္ဌာန်းလျက်
ကျင့်သုံးခြင်းဆောင်ရွက်။

\- ထိုဆောင်ရွက်ချက်ကြောင့်သာပေ
သူတို့နိုင်ငံတွေ၊
အေးချမ်းကာလေဖွံ့ဖြိုးမှု
များစွာအကျိုးပြု။

\- ယခုချိန်ခါတို့ပြည်တွင်
သူတို့ပမာသွင်၊
ကာကွယ်ရေးအင်အားဖွံ့ဖြိုးမှု
တွေးဆကာရှေးရှု။

\- ပြည်သူ့စစ်မှုထမ်းဥပဒေ
ပြဋ္ဌာန်းထားပြီလေ၊
တို့တွေလိုက်နာထမ်းဆောင်လို့
တိုင်းပြည်သာယာဖွံ့ဖြိုးဖို့
ဖေးကူကြပါစို့။ ။

**အညာဇင်ယော်**

# သရက်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် မေ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွာသစ်ကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၉၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်မာ**

# ဆရာမောင်သုန်ရဲ့ အဖေခေသူမဟုတ် ဝတ္ထုတိုအပေါ်သုံးသပ်ခြင်း

**ပုသိမ်အောင်သန်းဦး**

ဆရာမောင်သုန်၏ "အဖေခေသူမဟုတ်နှင့်အခြား ဝတ္ထုတိုများ"သည် ၁၉၈၅ ခုနှစ် စာပေဗိမာန်ဝတ္ထုတို ပေါင်းချုပ် ပထမဆုရပြီးနောက် "အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်"ဆု ထပ်မံရရှိခဲ့သဖြင့် ဝတ္ထုတိုများ အားလုံးသည် ခေသည်မဟုတ်ကြောင်း သိနိုင်ပါသည်။ ဤဝတ္ထုတိုများထဲမှ "အဖေခေသူမဟုတ်"ကို သုံးသပ် ဆွေးနွေးလိုပါသည်။

အဖေဝတ္ထု၊ အမေဝတ္ထုများ ပလူပျံအောင်ထွက် နေပါသည်။ စုပေါင်း၍ တစ်နည်း၊ တစ်ဦးတည်း၏ လုံးချင်းအားဖြင့် တစ်ဖုံ အမေနေ့၊ အဖေနေ့ဆိုသည် များကိုလည်း ကျင်းပလျက်ရှိကြပါသည်။ အမေဝတ္ထု၊ အဖေဝတ္ထုများကို ရေးသားကြရာတွင် အမေ့အား လည်းကောင်း၊ အဖေ့အားလည်းကောင်း ဟိမဝန္တာ ချီးမွမ်းခန်းများဖွင့်ကာ တစ်ခမ်းတစ်နားသီကုံးကြ သည်ကို ဖတ်ရပါသည်။ ကိုယ့်အမေ၊ ကိုယ့်အဖေ အကြောင်း ရေးသားကြရာတွင် အမေ၏အားနည်း ချက်၊ အဖေ၏ အားနည်းချက်များကို ချန်ထားတတ် ကြပါသည်။

ဆရာမောင်သုန်ကား ဤသို့မဟုတ် သူ့အဖေ အကြောင်းရေးရာတွင် ဟာသနှော၍လည်းကောင်း၊ သရော်ဟန်ဖြင့်လည်းကောင်း ရသမြောက်စွာရေး ထားသည်ကို တွေ့ရပါသည်။ သူတို့ရပ်ကွက်ကလေး အားကစားဘောလုံးပွဲ၌ သူ့အဖေ၏ရှုခင်းရှုကွက်ကို ဤသို့ဖော်ထားပါသည်။ ထိုအားကစားကွင်း၌ အပေါ် လွင်ဆုံးသူမှာ မောင်သံဒိုင်၏ဖခင်ပင်ဖြစ်တော့ သည်။ ဘောလုံးကွင်း၏ တစ်ဖက်ဂိုးတိုင်ထောင့် ဓာတ်တိုင်အနီးတွင် ခွေးခြေတစ်လုံးချ၍သူထိုင်သည်။ လက်တစ်ဖက်၌ မိုက်ခွက်၊ အခြားတစ်ဖက်၌ ဆေးပေ့ါ လိပ် လက်ကြားညှပ်၍ မြန်မာ့အသံမှ ဦးဝင်းမြင့်နှင့် နင်လား ငါလား ယှိုးများရအောင် စိတ်ဝင်စားမှုကြီးစွာ ဖြင့်အော်နေသော မောင်သံဒိုင်၏ ဖခင်အသံမှာ ရပ်ကွက်ထဲ၌ ပျံ့လွင့်ဝေ့ဝဲနေတော့သည်။

မောင်သံဒိုင်သည်ပင် အဖေအကျအနကြေညာ နေသောဘောလုံးပွဲကို ကြည့်ရမည်မှာ ရှက်သလိုလို၊ ဘာလိုလိုတစ်မျိုးဖြစ်နေ၍ တစ်ဖက်မှအသိအိမ်တစ် အိမ်သို့ အလည်သွားရင်း ထိုအိမ်မှာပင်နားစိုက်ထောင် နေမိသည်။

"ဟော ဟော ကျော်ကြီးရပြန်ပြီ ကန်မလိုလုပ် ပြီးမှ ပြန်ခေါက်တယ်။ ဒါပေမဲ့ သူများနောက်ပါ သွားတယ် ခင်ဗျ။ တောက် တော်တော်သောက်သုံး မကျတဲ့ကောင်"

"မင်းအဖေကတော့ကွာ ဒါမျိုးတွေလုပ်နေရရင် ပျော်နေတာပဲ။ ဒါကြောင့်မို့လဲ ရပ်ကွက်လူကြီးဖြစ် နေတာ"ဟု ရယ်မောပြောဆိုကြသည်။

သူ့အဖေ သမဝါယမဥက္ကဋ္ဌလုပ်စဉ်ကလည်း ခွဲတမ်း ရသောပစ္စည်းများသွားထုတ်လျှင် လွယ်ကူချောမွေ့စွာ ရတတ်သည်။ ကြန့်ကြာခြင်းမရှိပါ။ ရပ်ကွက်သမ ဆိုင်အမှုထမ်းများက ချိုသာစွာဆက်ဆံကြသည်။

အလှူပွဲများရှိလျှင် မောင်သံဒိုင်တို့အဖေအုပ်စုက မူ ရပ်ကွက်လူကြီးများဖြစ်နေကြသည့်အားလျော်စွာ ဝက်သားဆိုလျှင်လည်း အဆီနည်းသော၊ ကြက်သား ဆိုလျှင်လည်း အရိုးနည်းသောထမင်းဝိုင်းတို့၌သာ အကျအနထိုင်ကာ လွေးကြရပါသည်။ ရပ်ကွက်လူကြီး များဖြစ်သော်လည်း အိုက်တင်မခံဘဲ နာယကဂုဏ် ခြောက်ပါးနှင့်လျော်ညီစွာ ဒါနလည်းမြောက်အောင် အလှမစားဘဲ အဝလွေးကြသည်ကိုသာ မောင်သံဒိုင် တွေ့နေရပါသည်။

သမဝါယမနှစ်ပတ်လည် ညီလာခံရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေးများ၊ ဒီဇင်ဘာ အားကစား လရာသီအတွက် အစည်းအဝေးစသည်ဖြင့် အခမ်း အနားတစ်ခုခု၌ စကားပြောရသည့်အခါ အဖေ သည် စီကာပတ်ကုံးပြောတတ်ဆိုတတ်သည်ကိုလည်း မောင်သံဒိုင်တွေ့ရသည်။

ရပ်ကွက်ထဲက သူငယ်ချင်းတချို့က မောင်သံဒိုင် ၏ဖခင် စကားပြောကောင်းပုံကို မကြာခဏ နောက်ပြောင်လေ့ရှိသည်။

**❖ တစ်ခါက လူတစ်ယောက်သည် သူ၏ကိုယ်ရေးရာဇဝင်အကျဉ်းကို ဖြည့်စွက်ရာတွင် ပညာအရည်အချင်းဟူသောနေရာ၌"ခေသူမဟုတ်"ဟူ၍ သူ့စိတ်ကူးရသလိုဖြည့်စွက်ခဲ့ကြောင်း သိရပါသည်။ အဖေ၏ ကိုယ်ရေး ရာဇဝင်အကျဉ်းကိုလည်းဖြည့်စွက်ရမည်ဆိုလျှင် ဘဝအရည်အချင်းဟူသော ကွက်လပ်၌"ခေသူမဟုတ်"ဟူ၍သာ အတိုချုပ်၍ မောင်သံဒိုင်ဖြည့်စွက် နိုင်ပါလိမ့်မည်။ ဆရာမောင်သုန်သည် သူ့အဖေအကြောင်းလုံးစေ့ပတ်စေ့ သူ့ဘဝအတွေ့အကြုံများကိုအခြေခံလျက် ဟာသနှော၍ပြောသည်။ သရော် ဟန်နှင့်ပြောသည်။ နောင်တရဟန်နှင့်သုံးသပ်သည်။ နောက်ဆုံးသူ့အဖေ သည် "ခေသူမဟုတ်ပါ"ဟူ၍ အဖြေထုတ်ပြသည်။ ❖**

မောင်သံဒိုင်ကို သူ့ဦးလေးဖြစ်သူက ကျောင်းအပ် ပေးခဲ့၏။ ဦးလေးပြန်သွားသောအခါ မောင်သံဒိုင် သည် ဆရာမအား တီချာပလိစ်ဟု သူများတွေလုပ် သလို လက်ညှိုးတစ်ချောင်းထောင်ကာ အိမ်သာမှ တစ်ဆင့်လစ်ကာ လမ်းသို့ပြေးပါတော့သည်။ ဆရာမ သိ၍ ကျောင်းသားကြီးတချို့ကိုလိုက်ခိုင်းရာ လမ်းထဲ မှ ကိုစိုးသိန်းဆိုသူ၏ဆိုက်ကားကို အခန့်သင့်တွေ့ ၍ ခပ်တည်တည်တားပြီး အိမ်ပြန်လစ်ခဲ့၏။ ကျောင်းလိုက်အပ်ပေးသော ဦးလေးပင် အိမ်ပြန် မရောက်သေးပါ။

ရယ်စရာကောင်းသည့် အဖြစ်အပျက်တစ်ခုဟု မောင်သံဒိုင်ထင်သလို အဖေမယူဆခဲ့။ အံတင်းတင်း ကြိတ်၍မောင်သံဒိုင်ကို အိမ်တိုင်၌ ကပ်ခိုင်းပါသည်။ ထို့နောက် အိမ်တွင်အသင့်ရှိနေသောလိပ်ကျောက် မြီးဖြင့် လေးနှစ်သားကျော်ကျော်သာ ရှိသေးသော မောင်သံဒိုင်ကို မညှာမတာဆော်ပါတော့သည်။ ထိုနေ့ ထိုရက်မှစ၍ မောင်သံဒိုင် ကျောင်းမပြေးဖြစ်တော့ပါ။

မောင်သံဒိုင်၏အစ်ကို ခြောက်တန်းတုန်းက ကျောင်း ပြေးရာ သူ့ကို အဖေဆုံးမပုံကလည်း သင်းလှသည်။

"အရိုက်ခံမလား လုံချည်ချွတ်ပြီး လမ်းထိပ်၌ နား ရွက်ဆွဲ ထိုင်ထလုပ်မလားဟု အရွေးခိုင်း၏။ မောင် သံဒိုင်၏ အစ်ကိုကလည်း ရွှေဘိုသွေးကျိုးတို့ကျဲတဲပါ သူပီပီ အသားအနာမခံဘဲ လမ်းထိပ်အုတ်ခုံပေါ်၌ ဝတ်လဲတော်ကိုစွန့်ကာ အခါနှစ်ဆယ်တိတိနားရွက်ဆွဲ ထိုင်ထလုပ်ပါသည်။ မောင်သံဒိုင်တို့ကလေးတစ်သိုက် နှင့်လမ်းသွားလမ်းလာများမှာ တဟားဟားနှင့် ပွဲကျ မဆုံးဖြစ်ခဲ့ကြပါသည်။ အိမ်ရောက်တော့ အဖေသည် လိပ်ကျောက်မြီးကို အိမ်ပေါ်ပစ်ချလိုက်ပြီးနောက်-

"ခွေးမသား ဒီလောက်သောက်ရှက်နည်းလိမ့်မယ် လို့ မထင်ဘူး"ဟု လက်မှိုင်ချခဲ့ဖူးပါသည်။

စောစောပိုင်းက အဖေသည် စီးပွားရှာလည်းတော် ခဲ့သည်။ တစ်ဖက်က အစိုးရသင်္ဘောတက်မကိုင် (ဆလင်ကြီး)လုပ်၍ တစ်ဖက်က ကိုယ်ပိုင်သင်္ဘော ထောင်ပါသည်။ နှစ်လုံးပြူးရ သူကြီး၏ သမီးဖြစ် သော အမေ့ဘက်မှပါလာသောရွှေတချို့နှင့် အဖေ့ ထံရှိသော ရွှေတိုရွှေစတချို့ပူးပေါင်းကာ အညာဆန် သင်္ဘောကြီးတစ်စင်းထောင်ပါသည်။ ရတနာဂေါ်သစ် ဟု အမည်ပေးပါသည်။ ထို့နောက် ထိုသင်္ဘောကြီး ကိုရောင်း၍ နီလာတင်အမည်ရှိ သင်္ဘောငယ်တစ်စင်း ထောင်ပြန်၏။

နောင်သော် နီလာတင်သည် ချူချာလာပါသည်။ မကြာခဏ နေမကောင်းဖြစ်တတ်ပါသည်။ အမှုအခင်း လည်းများပါသည်။ တော်ကြာပိုက်တိုးမိလို့တဲ့ တော် ကြာ ကရိုင်းကျိုးလို့ဆိုလားပဲ နောက်ဆုံးနီလာတင် ကို အင်ဂျင်ဖြုတ်၍ ကုန်းပေါ်၌ပင်စင်ပေးလိုက်ရပြီ။ ယခုတော့ အဖေ့၏ တစ်ခါကနီလာတင်ကို ဖျာပုံ တစ်ဖက်ကမ်း အုန်းပင်ကျေးရွာသို့ ကူသယ်ခေါက် သယ်ပြေးဆွဲနေသော ကူးတို့သင်္ဘောအဖြစ်သာ မြင်ရရှာတော့သည်။

သူ့အဖေ၏ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှု အခြေအနေကို မီးမောင်းထိုးပြထားပါသည်။ အာဂ မောင်သံဒိုင်တို့၏အဖေ စီးပွားရေးလုပ်ငန်းရှင်ကြီးပါ လားဟု ဩချရပါတော့သည်။

အဖေ ဤသို့ စီးပွားရှာတော်ခဲ့၍ အမေ့ရှိလက်ဝတ် လက်စားများနှင့်အတူ မောင်သံဒိုင်တို့မောင်နှမကိုယ် ပေါ်ရှိ ဆွဲကြိုးအမျှင်ကလေးများ၊ လက်စွပ်အသေးလေး များပါ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပါတော့ သည်။ ဤအချိန်မှစပြီး အဖေ့ခေါင်း၌လည်း ဆံပင် ဖြူဖြူတို့ တောထမင်းမှု၍ လာပါတော့သည်။

တစ်ခါက မောင်သံဒိုင်တို့လူငယ်တစ်စုအပျော် သဘောဖြင့် သူများကြက်ခိုးစားမိရာ လူကြီးများမိပြီး သူ့အဖေအား တိုင်လေသည်။ သူ့အဖေသည် မဆူ၊ အိုစာသောမျက်နှာနှင့် မှိုင်တွေချ၍ လက်မနှင့်လက်ခ လယ် လက်သည်းချင်းဆိတ်ကာ နေလေသည်။ စိတ် ညစ်လွန်းသည့်အခါမျိုး မောင်သံဒိုင်တို့အဖေ ဤသို့ နေတတ်သည်။ ပါးစပ်မှထုတ်ဖော်မပြောသော်လည်း "မင်းကြောင့် ငါသိက္ခာကျရတယ်ကွာ"ဟု ပြောနေ သယောင်။

သူ့အဖေ ဤသို့တိတ်ဆိတ်စွာစိတ်ညစ်နေသော အနေအထားက မောင်သံဒိုင်ကို မသက်မသာဖြစ်စေ သည်။ နောင်တကြီးစွာရခဲ့သည်။ အကယ်၍သာ ထို အချိန်က လက်လွတ်စပယ်မာန်မဲဆူပူခဲ့လျှင် ပြင်းထန် စွာရိုက်မောင်းပုတ်မောင်းပြုခဲ့လျှင် မောင်သံဒိုင်အိမ် ပြေးဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။

သူ့အဖေ၏ အပြုအမူသဘောထားကြောင့် နောင် ဤကဲ့သို့သော မကောင်းသည့်ကိစ္စမျိုး ရှောင်ကြဉ် တော့မည်ဟူသော နောင်တရမိကြောင်း ဖော်ပြ ထားပြန်သည်။

တစ်ခါက လူတစ်ယောက်သည် သူ၏ကိုယ်ရေး ရာဇဝင်အကျဉ်းကို ဖြည့်စွက်ရာတွင် ပညာအရည် အချင်းဟူသောနေရာ၌"ခေသူမဟုတ်"ဟူ၍ သူ့စိတ် ကူးရသလိုဖြည့်စွက်ခဲ့ကြောင်း သိရပါသည်။ အဖေ၏ ကိုယ်ရေးရာဇဝင်အကျဉ်းကိုလည်းဖြည့်စွက်ရမည်ဆို လျှင် ဘဝအရည်အချင်းဟူသောကွက်လပ်၌"ခေသူ မဟုတ်"ဟူ၍သာ အတိုချုပ်၍ မောင်သံဒိုင်ဖြည့်စွက် နိုင်ပါလိမ့်မည်။

ဆရာမောင်သုန်သည် သူ့အဖေအကြောင်းလုံးစေ့ ပတ်စေ့ သူ့ဘဝအတွေ့အကြုံများကို အခြေခံလျက် ဟာသနှော၍ ပြောသည်။ သရော်ဟန်နှင့်ပြောသည်။ နောင်တရဟန်နှင့်သုံးသပ်သည်။ နောက်ဆုံးသူ့အဖေ သည် "ခေသူမဟုတ်ပါ"ဟူ၍ အဖြေထုတ်ပြသည်။

၁၉၈၅ ခုနှစ် စာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ် စာမူ ပြိုင်ပွဲတွင် ပထမဆုရခဲ့သည့် ဝတ္ထုတိုပေါင်းချုပ်ဖြစ် သည်။ ထို့နောက် အမျိုးသားစာပေဆု ထပ်မံရရှိခဲ့ သည်။ ထို့ကြောင့် ဆရာမောင်သုန်၏ဝတ္ထုများအခြေ အနေကို အလေးထားပါသည်။

ရွှေလက်ဖြင့်ခေါ် စရာမလိုပါ၊ ကျား၊ ဖိနပ်ပေါက် သူများ၊ ငြိမ်သက်ခြင်းပေါ်တွင် ကမ္ဘာရှိစေသတည်း၊ သဒ္ဒါ၊ အမေတို့ညီအစ်မများ၊ ရှုမဆုံးတော့သည်၊ ငါးမူး တန်း၊ စုန်ဆန်ရာဇဝင်ပန်းများ၊ မန်ဒါလီမြစ်ကိုလွဲ တယ်၊ မောင်သံဒိုင်နှင့်မီးခြစ်များ၊ အဖေခေသူမဟုတ်၊ နောက်ဆုံးဝတ္ထုစသည့်ဝတ္ထုတိုများပါဝင်သည်။

ဆရာမောင်သုန်သည် လူ့ဘဝဇာတ်ခုံပေါ်မှ လူတွေ၏အကြောင်း၊ လူတွေ၏စိတ်နေစိတ်ထား၊ စရိုက်စသည်ကို ပီပီပြင်ပြင်ဖော်ပြနိုင်သည်ကို တွေ့ရ သည်။ အတွေးနက်သလို အရေးလည်းသွက်သည်။ သရော်ချက်လည်းပိုင်သည်။

ဆရာမောင်သုန်သည် တစ်ချိန်က မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ်၊ ပညာရေး ဌာနကြီးတွင် စာပြုအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဟု သိရသည်။ ယခုသော် ဆရာမောင်သုန် ပျောက်ချင်း မလှ ပျောက်နေခဲ့ပါပြီ။

မြန်မာစာပေလောကတွင် ဝတ္ထုတိုအရေး ကောင်းလှသော ဆရာမောင်သုန် သက်ရှိထင်ရှား ရှိနေသေးပါက ဝတ္ထုတိုပြန်ရေးစေချင်ပါသည်။ ဆရာ့ လက်ရာကောင်းဝတ္ထုတွေ ဖတ်ချင်ပါသေးတယ် ဆရာသုန်ခင်ဗျား။

**ကိုးကား**

– **မောင်သုန်၏ "အဖေခေသူမဟုတ်နှင့်အခြား ဝတ္ထုတိုများ" စာအုပ်မှ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၆၂၃ ဧက စိုက်ပျိုးပြီးစီး



**မြောင်းမြ ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၆၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၇၅၀၆၈ ဧကစိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၇၆၆၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ နွေစပါးကို စုစုပေါင်း ၇၅၀၆၈ ဧကထိလျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ နွေစပါး ၇၆၆၂၃ ဧကထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ နွေစပါး အခက်အခဲမရှိစနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ပေါင်းစပ်ဆောင်ရွက်ခဲ့လို့ အခုလို အခက်အခဲမရှိစနစ်တကျ အဆင်ပြေပြေ စိုက်ပျိုးနိုင်တာပါ။ ဒါ့ပြင် စိုက်ပျိုးထားတဲ့ နွေစပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို ပေါင်းစပ်ဆောင်ရွက်ပေးထားပါတယ်"ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေစပါးများစိုက်ပျိုးရာတွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးထားကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် စပါးများ အထွက်နှုန်းကောင်းစေရန်၊ အပျက်အစီး အလေအလွင့်မရှိစေရန်၊ စပါးအရည်အသွေးကောင်းစေရန်၊ စနစ်တကျ ပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် မန်ကျည်းခွကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သာစည် ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ မန်ကျည်းခွကျေးရွာအုပ်စု မန်ကျည်းခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မန်ကျည်းခွကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၀၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မန်ကျည်းခွကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၁၄ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၁ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို ငွေကျပ် ၃၉ ဒသမ ၀၅ သန်း ထုတ်ချေးပေးထားကြောင်း ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# ခုနစ်ထွေအက

ကိုဇော်ဌေး(ယဉ်ကျေးမှု)



အိုးစည်အက

ခုနစ်ထွေအကဆိုသည်မှာ အကခုနစ်မျိုးကို တစ်လှည့်စီကရသော အကတစ်မျိုးဖြစ်သည်။ တီးလုံးတီးကွက်အလိုက် အိုးစည်အက၊ ဒိုးပတ်အက၊ မျောက်အက၊ ဘီလူးအက၊ ဇော်အက၊ ဝန်အကနှင့်စည်တော်အကတို့၏ ကကြိုးကဟန်များကို ကြားတီးလုံးတို့ဖြင့် ဆစ်ပိုင်း၍ ကပြခြင်းဖြစ်သည်။ တစ်ဦးတည်းကပြပါက ရုပ်ပြောင်းရုပ်လွှဲဖြင့် ကပြသည်။ ရုပ်သေးရုပ်လေးများဆိုပါက အရုပ်ပြောင်း၍ကကြသည်။ ရုပ်တစ်မျိုးနှင့်တစ်မျိုးကြား အသက်ရှူခွင့်ရစေရန် ကြားခံတီးလုံးမှာ သင့်မျှရုံစက္ကန့်ပိုင်းသာရှိသည်။ အချို့သင်လက်စ သက်ရှယ်အငယ်ပိုင်းများက ခုနစ်ထွေအကကို ပရိသတ်ပျော်ရွှင်စေရန် ဆန္ဒပြည့်သည့်သဘောဖြင့် ရှေ့ပိုင်းပဒေသာကဏ္ဍတွင် ထည့်သွင်းကပြကြသည်။ ရုပ်သေးပွဲများတွင် မြင်း၊ မျောက်၊ ဘီလူး၊ ဇော်တို့ပါဝင်သည့် ဟိမဝန္တာခန်းကိုကပြပြီးပါက ခုနစ်ထွေအကကို ထပ်မံမကပြကြချေ၊ အရုပ်များထပ်နေသောကြောင့်ဖြစ်သည်။

**အိုးစည်အက**

ခုနစ်ထွေအက၏ အပျိုးတီးလုံးပြီးလျှင် ပထမဦးဆုံးစ၍ကပြသောအကမှာ အိုးစည်အကဖြစ်သည်။ မြန်မာ့ကျေးလက်တို့တွင် ယနေ့တိုင် ခေတ်စားလျက်ရှိသော အကဖြစ်သည်။ ဘုရားပွဲ၊ အလှူပွဲ၊ သင်္ကြန်ပွဲ စသည့်ပျော်ပွဲရွှင်ပွဲများတွင် တီးမှုတ်ကခုန်လေ့ရှိကြပြီး ကျေးလက်နေ တောသူတောင်သားများ အခါရာသီမရွေး တီးမှုတ်ကခုန်နိုင်သည့် အကတစ်မျိုးပင်ဖြစ်သည်။ ကပြသူသည် ကိုယ်ကိုလိမ်ကာစောင်းကာနှင့် နောက်ခံအိုးစည်သံ အလိုက်အတိုင်း အိုးစည်ပုတ်ဟန်၊ ခတ်ဟန် ကပြလေ့ရှိသည်။ အိုးစည်မပါဘဲ ကပြနေသော်လည်း အိုးစည်တီးနေဟန် ကပြနိုင်ကြသဖြင့် အိုးစည်အကဟူ၍ ထင်ရှားနေခြင်းဖြစ်သည်။

"ရွှေအိုးစည်လွယ် လိမ်ဖယ်ဖယ် တီးပုံ့မောင်ရယ် လိမ်ဖယ်ဖယ် တီးပုံ့မောင်ရယ်၊ မယ်မယ်နဲ့နီးပါမှ မယ်မယ်နဲ့နီးပါမှ မောင်လက်သီးကို လက်သီးကို မောင့်လက်သီးကို လက်သီးကို လက်သီးကို အလိုဗျာ ရွှေချပါလို့. . . . "ဟူသည့် သီချင်းစာသားအတိုင်း ကပြသူက အလိုက်သင့် သရုပ်ဖော်သည့် ကဟန်မျိုးလည်း တွေ့နိုင်သည်။

**ဒိုးပတ်အက**

ကဟန်နှင့်တီးသံသာ ကွဲသွားသည်။ ခပ်ရှင်ရှင်၊ ခပ်ဆတ်ဆတ် အတီးအကဖြင့် ဒုတိယမြောက် ရုပ်ပြောင်းရုပ်လွှဲပြုလုပ်ကာ ဆက်လက်ကပြသည့်အကသည် ဒိုးပတ်အကဖြစ်သည်။ ဒိုးပတ်အကသည် ဒိုးပတ်သံကြောင့်ပင် ပျော်ရွှင်တက်ကြွစေသည်။ ကပြသူ၏ ဒိုးပတ်တီးဟန် ကသောလက်များသည် နောက်ခံဒိုးပတ်သံနှင့်ထပ်တူပြုကြသည်။ ဒိုးပတ်ကို လွယ်မထားသော်လည်း လွယ်ထားဟန်ပြုရသည်။ ဒိုးပတ်မပါဘဲ ကပြနေသော်လည်း ကသူကိုယ်တိုင်က ဒိုးပတ်တီးနေဟန် ကပြနိုင်ကြသဖြင့် ဒိုးပတ်အကဟူ၍ ကကြိုးတစ်ရပ်အဖြစ် ထင်ရှားနေခြင်းဖြစ်သည်။

တီးချက်သည် အယိုင်တီးချက်သာဖြစ်သဖြင့် ကပြသူသည် အရှင်၊ အဆတ်၊ အပြောင်ကိုသာ ကပြသည်။ ကရာ၌ ခြေနင်းရာတွင်လည်းကောင်း၊ လက်လှုပ်ရာတွင်လည်းကောင်း၊ ခေါင်းလှုပ်ရာတွင်လည်းကောင်း စည်း၊ ဝါးကိုက်နေကြသည်။ ရယ်စရာဖြစ်အောင်လည်း ကပြနိုင်စွမ်းရှိသည်။ အရှင်၊ အဆတ်၊ အပြောင် မပီသခဲ့ပါက ဒိုးပတ်အက၏ အနှစ်သာရ မပြည့်ဝသည့်နှယ် ရှုမြင်ရသည်။ ဒိုးပတ်ကနေဟန်ကိုကြည့်ရင်း ကြည့်သူလည်း ပြုံးပျော်ဟန်ပေါက်လာပါက ပြီးပြည့်စုံတော့သည်။

**မျောက်အက**

မျောက်၏ပင်ကိုဟန်သည် ခေါင်းကုတ်ခြင်း၊ ခါးကုတ်ခြင်း၊ ခေါင်းနှင့်ခါးကိုပြိုင်တူကုတ်ခြင်း၊ ကုတ်ပြီးသောလက်ကို ပါးစပ်အတွင်းထည့်ကာ တစ်ခုခုကိုစားဟန်ပြုခြင်း၊ ခါးကိုင်းကာ လမ်းလျှောက်ခြင်း၊ လမ်းလျှောက်လျှင် လက်တစ်ဖက်ကိုလွှဲဟန်ပြုခြင်းစသည်တို့ကို အကဟန်ဖြင့် ကပြထားသည်။ မြန်မာတို့သည် သဘာဝဓလေ့များကိုလေ့လာရင်း သုခုမအနုပညာဖြင့် ဖော်ကျူးကာ ကခြင်း၊ ဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကိုပြုရမှ နှစ်သက်သည့် သဘောထားရှိကြသူများဖြစ်သည်။ ကမ္ဘာမြေနှင့်နေကြရသောပုဂ္ဂိုလ်မှလွဲ၍ လူအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး၏ ဟန်ပန်ကိုကပြရမှ ကျေနပ်ကြသည်။ ဤသဘောအရ မျောက်ကဖြစ်အောင် ဖန်တီးလိုက်ကြခြင်းဖြစ်သည်။

**ဘီလူးအက**

ဘီလူးအကသည် ရာမဇာတ်တော်မှဘီလူးအကကို တုပမှီးခြင်းဟု ဆိုကြသည်။ ကဟန်မှာ ကရောင်းရိုက်သံကြားသည်နှင့်ဘီလူးက ကြမ်းပြင်ကိုခြေဆောင့်လိုက်သည့်ဟန်၊ ရန်သူရှိမရှိ စုံစမ်းဟန်၊ ခြေရာကောက်ဟန်၊ အံ့ဩဟန်၊ ကြုံးဝါးဟန်၊ ထိုးခုတ်ဟန်၊ တိုက်ခိုက်ဟန်များပါဝင်အောင် ကကြရသည်။ ဘီလူးအက ကရာ၌ ခါး၊ ရင်၊ တင်တို့၏လှုပ်ရှားမှုများစွာ ပါဝင်ရသောအကတစ်ခုဖြစ်သည်။ ခါးကို နှစ်သက်သလိုရွှေ့ပြောင်းနိုင်ရသည်။ ရင်ကိုလှုပ်ရှားနိုင်ရသည်။ တင်ကို လှပစွာခါနိုင်ရသည်။ သို့မှသာ ဘီလူးအကနှင့်ပြည့်စုံသည်ဟုဆိုသည်။ ခါး၊ တင်၊ ရင် မပါသော ဘီလူးအကကို အရုပ်သားတို့သာ ကကြသည်။ အကပညာအခြေခံရှိသူတို့ ဘီလူးအက ကပါက ကြည့်၍ကောင်းသည်။ဘီလူးအကတွင် စည်တိုကိုအားကိုး၍ ကကြရသည်။ ဘီလူးအက၏စည်းချက်မှာ စည်တိုဖြစ်သည်။ တီးကွက်အသွားအလာကို နားထောင်ခြင်းဖြင့် ဘီလူးဆိုင်းဟု အများကသိနိုင်သည့် တေးသွားမျိုးပင်ဖြစ်သည်။

**ဇော်အက**

ဇော်အက၏ မူလအစသည် အမြင့်သဘင်ဟုခေါ်သောရုပ်သေးဇာတ်ပွဲများမှစီးဆင်းလာခြင်းဖြစ်သည်။ ရုပ်သေးဇာတ်ပွဲများတွင် တောတောင်၊ သမုဒ္ဒရာ၊ ရေမြေနှင့်ကောင်းကင်တို့ ပေါ်ပေါက်လာပုံများကို သရုပ်ဖော်သော အစဉ်အလာတစ်ရပ် ရှိခဲ့သည်။ ကောင်းကင်၌ကျက်စားသည့် သတ္တဝါတို့ကိုလည်းကောင်း၊ ကမ္ဘဝိဇ္ဇာတန်ခိုးရှိသူများကိုလည်းကောင်း ဖော်ပြရာတွင် ဇော်ဂျီသည် တစ်ခန်းတစ်ကဏ္ဍမှပါဝင်လျက်ရှိသည်။ ဇော်ဂျီသည် ကောင်းကင်၌ဖြတ်သန်းသွားလာသည်။ ဆေးကြိတ်သည်။ သို့အတွက် ဇော်ကကပါက ကောင်းကင်၌ ဟိုမှဒီမှသွားလာနေသည့်သဏ္ဌာန်ကို ခုန်ပျံဟန်ဖြင့်ကကြသည်။ ဇော်ကကသူသည် ဇော်ဂျီ၏သဘာဝနှင့် သရုပ်ကိုပေါ်လွင်အောင် ကပြခြင်းဖြစ်ရာ ကြည့်ရှုသူအနေဖြင့် "သြော်. . . ဇော်ဆိုတာ ဒီလို ကမ္ဘဝိဇ္ဇာရှိပါကလား"ဟု သိသွားစေသည်။

ရုပ်သေးပွဲများတွင်မူ ဇော်ရုပ်ကြိုးဆွဲသူသည် ကြိုးနှင့်သက်ဆိုင်ရာအရာရာကို ကျွမ်းကျင်နားလည်သူဖြစ်သည်ဟုဆိုကြသည်။ ရုပ်သေးရုပ်ဖြင့်ကပါက ကြမ်းပြင်ကို မထိသည်ကများသည်။ ဇော်အကသည် ပတ်မချက်ပေါင်းများစွာနှင့် ကပြရခြင်းကြောင့် ကြည့်ရှုသူတို့၏စိတ်တွင် လန်းဆန်းကာမြူးကြွ၍ နေလေသည်။

**ဝန်အက**

ဝန်အကသည်လည်း ရုပ်သေးစင်တော်များမှဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုသည်။ ရုပ်သေးစင်တွင် နတ်ကတော် သို့မဟုတ် အပျိုတော်ထွက်ကြသည်။ ထို့နောက် တိရစ္ဆာန်မျိုးစုံထွက်ကြသည်။ ထို့နောက်မှ တိုင်းပြည်တည်ရန် ဝန်ကြီးများထွက်ကြသည်။ ဝန်ကြီးများထွက်သောအခါ တစ်ယောက်ချင်းထွက်ကြသည်။ ဝန်ထွက်စဉ် တီးရသည့်တီးလုံးမဆုံးမီအတွင်း ဝန်ကြီးလေးပါးသည် တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြပြီး တစ်ဖက်သို့ဝင်သွားရသည်။ အဓိပ္ပာယ်မှာ လွှတ်တက်သွားကြခြင်းဖြစ်သည်။ တီးလုံးဆုံးလျှင် ဝန်လေးပါးဆုံကြသည်။ ဖျော်ဖြေမှုဖြစ်သဖြင့် ဝန်ကြီးများထွက်လျှင် အကဆန်သော လှုပ်ရှားမှုများဖြင့် ထွက်ကြရာမှ ဝန်အကဖြစ်တည်ခဲ့သည်။

ကပြပုံမှာ ဝန်ကသူ၏လက်များသည် သံတော်ဦးတင်နေသည့် ပုံသဏ္ဌာန်ရှိရသည်။ လက်နှစ်ဖက်ကို ရှေ့တည့်တည့်ထုတ်လိုက်လျှင် သံတော်ဦးတင်နေသည့်ပုံဖြစ်သည်။ လက်တစ်ဖက်ကို ရှေ့ထုတ်ပြီး ကျန်တစ်ဖက်ကို နောက်၌ပစ်ထားလျှင် ကနေဟန်ဖြစ်နေစေသည်။ ထို့ကြောင့် ဝန်က ကလျှင် လက်တစ်ဖက်စီသာ မြှောက်၍ကရသည်။ ဝန်ကတွင် လက်နှစ်ဖက်ကို စုံမြှောက်၍ ကပြခြင်းမျိုးမရှိချေ။ လက်ယာမြှောက်လျှင် လက်ဝဲလက်မှာ နောက်သို့ပစ်ထားလျက်၊ လက်ဝဲဒူးကိုမြှောက်ရသည်။ ထိုနည်းလည်းကောင်းပင် လက်ဝဲလက်မြှောက်လျှင် လက်ယာလက်မှာနောက်သို့ပစ်လျက် လက်ယာဒူးကို မြှောက်ရသည်။ ဦးခေါင်းမှာ အလိုက်သင့် လက်ဝဲဘက်သို့လည်းကောင်း၊ လက်ယာဘက်သို့လည်းကောင်း အလှည့်ကျငဲ့စောင်းကာပေးရသည်။

ဝန်အက ကရန် ကြားခံတီးလုံးကုန်သည်နှင့် သပြေခံကို အတိုတီးပေးသည်။ ဝန်က ကသူသည် ရရှိသည့် မိနစ်အနည်းငယ်အတွင်း ဝန်ရုပ်ကိုပီပြင်အောင် ကပြရသည်။

**စည်တော်အက**

ထွက်တော်မူအခမ်းအနားများတွင် လိုက်ပါတီးကြရာမှ စည်တော်အကဖြစ်ပေါ်လာဖွယ်ရှိသည်။ အလွန်ဟန်ကောင်းလှသော အကတစ်မျိုးဖြစ်သည်။ကပြရန် ဝတ်စားဆင်ယင်ထားပုံကပင် ဟန်ပါ၍နေသည်။ ခေါင်း၌ ယုန်နားရွက်ပါသော ဖော့လုံးကိုသော်လည်းကောင်း၊ ယုန်နားရွက်ထက် အပြားကြီးသော တစ်စထောင်ဖော့လုံးကိုသော်လည်းကောင်း စည်းပတ်ထားသည်။ အင်္ကျီမှာ ဒူးထိဖားလျားရှည်ကျသည့် သိုရင်းအင်္ကျီတစ်မျိုးကို ဝတ်ထားသည်။ တောင်ရှည်ပုဆိုးကိုမူ အောက်၌ ဘောင်းဘီစဖော်ကာ ခါးတောင်းကျိုက်ထားသည်။ ခြေအိတ်ဖြူဝတ်လျက် ပန်းဖောက်ထားသည့် အဝတ်ဖိနပ်တစ်မျိုးကို စီးထားသည်။ ဝတ်စားဆင်ယင်ပုံကိုကြည့်၍ မင်းသားဝတ်ဟုပြောလျှင်လည်းရသည်။ ခုနစ်ထွေအက၌ အရုပ်တစ်ရုပ်ကို လူတစ်ယောက်စီကကြလျှင် စည်တော်အကကို ထိုနှယ်ဝတ်စားဆင်ယင်ကြသည်။ လူတစ်ဦးတည်းက အရုပ်ခုနစ်ရုပ်စုံအောင် ကပြလျှင်မူ လက်ရှိ ကပြနေသည့် အဝတ်အစားနှင့်ပင် ဆက်လက်ကပြမည်ဖြစ်သည်။

စည်တော်အကကို ကပြသူသည် စည်တီးဟန်ကို သရုပ်အမျိုးမျိုးဆောင်ရသည်။ စည်ကို ကိုယ်တိုင်ကိုယ်ကျ တီးခတ်ခြင်းမျိုးကိုမူ ကပြခြင်းမရှိကြပါချေ။ စည်ကြီး၏ရှေ့သို့ လေး၊ ငါး၊ ခြောက်လှမ်း လှမ်း၍၊ ကွေ့ဝိုက်ကာကပြီး စည်တီးဟန်ကို ကပြလေသည်။ တစ်ဖန် စည်၏လက်ယာဘက်သို့လည်းကောင်း၊ လက်ဝဲဘက်သို့လည်းကောင်း ကိုယ်ဟန်ခွဲ့ပြီး နေရာပြောင်းကာ ကကြဟန်ပြုသည်။ စည်တီးချက်ကျသော အပိုဒ်ကိုရောက်လျှင် စည်အနီးသို့ကပ်ကာ ဟန်ထုထုရသည်။ တစ်ခါတစ်ရံ အနီးသို့ရောက်မလာဘဲ ခပ်ဝေးဝေးမှပင် လက်သီးဆုပ်၍ စည်ထုဟန်ဖြင့် ကသည်။ တစ်ခါတစ်ရံ လက်သီးနှင့် ထုဟန်ကို မကပြဘဲ တံတောင်နှင့်တွက်သည့်ပုံကိုလည်း ကပြသည်။ ခြေလှမ်းမှာ သီချင်းကိုလိုက်၍ ကရသည်။ သီချင်းတဖြည်းဖြည်းဆိုလာလျှင် သာယာငြိမ့်ညောင်းစွာ လှမ်းရသည်။ တီးလုံး၏အချပိုဒ်များတွင် အချို့မြန်တတ်သည်။ ထိုအခါ ကသူလည်း သွက်လက်စွာကပြသည်။ သို့သော် အလွန်အမင်း မသွက်လက်ပေ။ မမြန်ပေ။ သီချင်းမှာ "ရန်ကြီးအောင် တပေါင်သလို့ တဆောင်လပုဏ္ဏမီ၊ လက်ရုံးတော်ဘုန်းထိန်တောက်၊ သုံးကြိမ်မြှောက်ညီ" အစရှိသည့် စည်တော်သံသီချင်းကို နောက်ခံတီးပေးသည်။ စည်တော်သံအချပိုဒ်ရောက်သည်နှင့် ခုနစ်ထွေကသူသည် လက်နှစ်ဖက်ကိုရင်၌ယှက်လျက် ပရိသတ်ကို ကန်တော့ဟန်ဖြင့် ခုနစ်ထွေအကကို အဆုံးသတ်သည်။

အချို့ဇာတ်စင်များက ခုနစ်ထွေအကကို လူတစ်ဦးတည်းက ရုပ်ပြောင်းရုပ်လွှဲဖြင့် ကပြခြင်းထက် လူခုနစ်ယောက်က သက်ဆိုင်ရာဇာတ်ရုပ်အလိုက် ဝတ်စားဆင်ယင်၍ ကပြခြင်းကို ပြုလုပ်လာနိုင်ကြသည်။ တင်ဆက်မှုကို ပိုမိုဆွဲဆောင်ကြခြင်းပင်ဖြစ်သည်။ ရုပ်သေးရုပ်လေးများဆိုပါက လွယ်လင့်တကူ အရုပ်ပြောင်းနိုင်ပြီး အရုပ်ပြောင်းခြင်းကြောင့်ပင် အသက်ဝင်လာခြင်းဖြစ်သည်။ ခုနစ်ထွေအကကို ကလေးသူငယ်များက နှစ်သက်ကြသည်။ ထို့ကြောင့် လွယ်ကူစွာ သင်ယူတတ်မြောက်သည့် မြန်မာ့ရိုးရာအကတစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါသည်။

❖ ခုနစ်ထွေအက၏ အပျိုးတီးလုံးပြီးလျှင် ပထမဦးဆုံး စ၍ကပြသောအကမှာ အိုးစည်အကဖြစ်သည်။ မြန်မာ့ကျေးလက်တို့တွင် ယနေ့တိုင် ခေတ်စားလျက်ရှိသော အကဖြစ်သည်။ ဘုရားပွဲ၊ အလှူပွဲ၊ သင်္ကြန်ပွဲ စသည့်ပျော်ပွဲရွှင်ပွဲများတွင် တီးမှုတ်ကခုန်လေ့ရှိကြပြီး ကျေးလက်နေတောသူတောင်သားများ အခါရာသီမရွေး တီးမှုတ်ကခုန်နိုင်သည့် အကတစ်မျိုးပင်ဖြစ်သည်။ ကပြသူသည် ကိုယ်ကိုလိမ်ကာစောင်းကာနှင့် နောက်ခံအိုးစည်သံအလိုက်အတိုင်း အိုးစည်ပုတ်ဟန်၊ ခတ်ဟန် ကပြလေ့ရှိသည်။ ❖

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ တန်းဆင်းဇုန်ဖိအားအောက်က ရုန်းထွက်ရမဲ့ လူတန်အသင်း၊ ဂလာဘတ်အသင်း၊ ဆဲလ်တာဗီဂိုအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ အသင်းကြီး ထိပ်တိုက်တွေ့ဆုံမှုမရှိပေမဲ့ တန်းမဆင်းရဖို့ ကြိုးစားရမဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာဖြစ်ပါတယ်။ ကြားရက်မှာ ဥရောပပြိုင်ပွဲတွေရှိနေလို့ ဥရောပပွဲကစားထားရတဲ့အသင်းတွေကိုရှောင်ပြီး ကျန်အသင်းတွေကိုသာ ဦးစားပေးချဉ်းကပ်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က အသင်းကြီးနဲ့ အသင်းငယ်တွေ့ဆုံမှုမှာ ပရီးမီးယားလိဂ်က လီဗာပူး၊ အာဆင်နယ်တို့ ရှုံးပွဲကြုံခဲ့သလို စီးရီးအေက အေစီမီလန်၊ အင်တာမီလန်၊ နာပိုလီတို့လဲ သရေရလဒ်သာရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် စနေနေ့ညကစားမဲ့ပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းထက်မြက်နေပြီး တန်းဆင်းဇုန်ဖိအားအောက်က ရုန်းထွက်ရမဲ့အသင်းတွေကိုသာ ရွေးချယ်ရမှာပါ။

### လူတန်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လူတန်အသင်းနဲ့ ဘရန့်ဖို့ဒ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လူတန်အသင်းဟာ တန်းဆင်းဇုန်ကလွတ်ဖို့ကြိုးစားနေပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်စီးတီးနဲ့ကစားခဲ့ရပြီး ဂိုးပြတ်ရှုံးခဲ့လို့ တန်းဆင်းဇုန်ထဲက ရုန်းမထွက်နိုင်သေးတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ပိုင်းမှ ရမှတ်မဆုံးရှုံးဖို့အစွမ်းကုန်ကြိုးစားနေတာဖြစ်ပြီး အိမ်ကွင်းပွဲစဉ်တွေမှာဆို ရလဒ်ပိုင်းတိုးတက်လာတာဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးအိမ်ကွင်းနှစ်ပွဲဆက်မှာ ဘုန်းမောက်လိုခြေစွမ်းထက်မြက်တဲ့အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ယူခဲ့ပြီး နော်တင်ဟမ်အသင်းကို သရေရလဒ်ကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ လက်ရှိ အသင်းမှာ ဒဏ်ရာရကစားသမား ၁၁ ယောက်ထိရှိနေပေမဲ့ နည်းပြအက်ဝက်ဒ်ကတော့ ဘာကလေ၊ တောင်ဆန်၊ တာဟစ်ချောင်တို့လို ပရီးမီးယားလိဂ်အတွေ့အကြုံရှိတဲ့ကစားသမားတွေနဲ့ အိမ်ကွင်းရလဒ်ကောင်းအောင် ကြိုးစားနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲ ၃၃ ပွဲကစားအပြီးမှာ ရမှတ် ၂၅ မှတ်နဲ့ အဆင့်(၁၈) ရောက်နေပေမဲ့ အဆင့်(၁၇)က နော်တင်ဟမ်နဲ့ ရမှတ်တစ်မှတ်၊ အဆင့် (၁၆) က အဲဗာတန်နဲ့ ရမှတ်နှစ်မှတ်သာကွာဟနေတာကြောင့် အခုပွဲကိုအနိုင်ရရင် တန်းဆင်းဇုန်ကလွတ်ဖို့အခွင့်အရေးရှိနေပါတယ်။ ဒါကြောင့် နည်းပြအက်ဝက်ဒ်အနေနဲ့ အခုပွဲမှာ ခံစစ်ကစားပုံပြင်နိုင်ရင်တော့ ဘရန့်ဖို့ဒ်အသင်းကိုပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

ဘရန့်ဖို့ဒ်အသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ခံစစ်ပိုင်းကတော့ ပေးဂိုးများနေတာကို တွေ့ရမှာပါ။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ခံစစ်ကစားပုံကအားရစရာမကောင်းဘဲ တိုက်စစ်ကောင်းတဲ့အသင်းတွေဆို ထိန်းချုပ်နိုင်စွမ်းမရှိပါဘူး။ ဒါကြောင့် နောက်ဆုံးအဝေးကွင်းငါးပွဲဆက်မှာ နိုင်ပွဲမရခဲ့ဘဲ ခံစစ်က ပေးဂိုး ၁၂ ဂိုးထိရှိခဲ့တာကိုသတိပြုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ ရာသီအစမှာ ရလဒ်ကောင်းခဲ့တာကြောင့် ၃၃ ပွဲအပြီးမှာ ရမှတ် ၃၂ မှတ်နဲ့ အဆင့်(၁၅) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ လက်ရှိ တိုက်စစ်ပိုင်းမှာ တိုနေးပြန်ပါလာပေမဲ့ နည်းပြကတော့ ပုံမှန်ပွဲထွက်ခွင့်မပေးသေးဘဲ ဝီဆာ၊ မီအူဘိုတို့ကိုသာအသုံးပြုနေတာကြောင့် တိုက်စစ်ကစားပုံကလဲ တည်ငြိမ်မှုမရှိသေးပါဘူး။ တိုနေးဟာလဲ တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းပေမဲ့ ဘောလုံးလောကနဲ့ ရှစ်လလောက် ကင်းကွာခဲ့ရတာကြောင့် အသင်းလိုက်ကစားတဲ့အခါ အားနည်းချက်ရှိနေသေးတာဖြစ်ပါတယ်။ အခုပွဲမှာတော့ ခံစစ်က အဓိက ကစားသမားသုံးယောက်ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ လူတန်အသင်းရဲ့ တိုက်စစ်ဆင်မှုကိုထိန်းချုပ်ဖို့တော့ ခက်ခဲမှာဖြစ်ပြီး အဝေးကွင်းနိုင်ပွဲရှာဖို့ခက်အုံးမှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ရမှတ်ရှာပြီး တန်းဆင်းဇုန်က ရုန်းထွက်မဲ့လူတန်အသင်းကို ရွေးချယ်ရမှာပါ။

**လူတန်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | ၁ | - | ၁ | နော်တင်ဟမ် |
| စပါး | ၂ | - | ၁ | လူတန် |
| အာဆင်နယ် | ၂ | - | ၀ | လူတန် |
| လူတန် | ၂ | - | ၁ | ဘုန်းမောက် |
| မန်စီးတီး | ၅ | - | ၁ | လူတန် |

**ဘရန့်ဖို့ဒ်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | မန်ယူ |
| ဘရန့်ဖို့ဒ် | ၀ | - | ၀ | ဘရိုက်တန် |
| အေဗီလာ | ၃ | - | ၃ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၂ | - | ၀ | ရှက်ဖီး(U) |

### ဂလာဘတ်အသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဟော်ဖန်ဟိမ်းအသင်းနဲ့ ဂလာဘတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဟော်ဖန်ဟိမ်းအသင်းဟာ အခုနှစ်မှာ ကစားသမားဖြည့်တင်းမှုမလုပ်နိုင်တာကြောင့် ခြေစွမ်းပိုင်းကျဆင်းသွားခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ၂၉ ပွဲအပြီးမှာတော့ ရမှတ် ၃၆ မှတ်နဲ့ အဆင့်(၉) မှာရောက်နေပေမဲ့ ဥရောပဝင်ခွင့်ရဖို့တော့ ဝေးကွာနေပြီး အမှတ်ပေးပြိုင်ပွဲပြီးဆုံးဖို့ငါးပွဲအလိုမှာ ရမှတ်ပြည့်ရခဲ့ရင်တောင် ဝင်ခွင့်ရနိုင်မှာမဟုတ်ပါဘူး။ လက်ရှိမှာလဲ နောက်ဆုံးငါးပွဲမှာ တစ်ပွဲနိုင်၊ လေးပွဲရှုံးထားပြီး ခံစစ်ပိုင်းအားနည်းနေတာကိုသတိပြုရမှာပါ။ ဒါ့ပြင် ခံစစ်ပိုင်းက နောက်ဆုံး ၂၆ ပွဲဆက် ဂိုးပေးခဲ့ရပြီး လက်ရှိအချိန်ထိ ပေးဂိုး ၅၇ ဂိုးထိခွင့်ပြုခဲ့ရတာကြောင့် ဂလာဘတ်လိုတိုက်စစ်ပိုင်းထက်မြက်လာတဲ့အသင်းကို ဟန့်တားနိုင်ဖို့မလွယ်ပါဘူး။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာလဲ ဂလာဘတ်က ဟော်ဖန်ဟိမ်းကို အသာရခဲ့တာကိုတွေ့ရမှာပါ။

တန်းဆင်းဇုန်ဖိအားရှိနေတဲ့ဂလာဘတ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်မြှင့်ကစားလာတာကြောင့် ပွဲတိုင်းလိုလိုဂိုးရခဲ့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ငါးပွဲမှာလဲ ဒေါ့မွန်၊ ဖရိုင်းဘတ်တို့လို ကစားအားကောင်းတဲ့အသင်းတွေကိုသာရှုံးခဲ့ပြီး ဝုဖ်ဘတ်၊ ဟီဒန်ဟိမ်း၊ အူပန်တို့လို အသင်းတွေကိုတော့ ခြေစွမ်းပိုင်းအသာနဲ့ကစားပြီး ရမှတ်ရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ ဂလာဘတ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းသုံးပွဲမှာလဲ ကိုလုံးကို သရေ၊ ဟီဒန်ဟိမ်းကို သရေ၊ ဝုဖ်ဘတ်ကိုအနိုင်ကစားခဲ့တာကြောင့် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကောင်းလာတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ ရမှတ် ၃၁ မှတ်ရထားပေမဲ့ တန်းဆင်းဇုန်က မိန့်ဇ်အသင်းနဲ့ ရမှတ်ငါးမှတ်သာကွာဟတာကြောင့် အခုပွဲကရှုံးခဲ့ရင် တန်းဆင်းရဖို့နီးစပ်သွားမှာဖြစ်လို့ ဟော်ဖန်ဟိမ်းလိုခြေစွမ်းပိုင်းတည်ငြိမ်ဖို့ရုန်းကန်နေရတဲ့အသင်းနဲ့တွေ့ချိန်မှာ အစွမ်းကုန်ရမှတ်ရှာဖွေရမှာဖြစ်ပါတယ်။ ဒါကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ကစားပုံထက်မြက်လာတဲ့ဂလာဘတ်အသင်းကိုပဲ အားပေးရမှာပါ။

**ဟော်ဖန်ဟိမ်းအသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၃ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၀ | - | ၃ | စတုဂတ် |
| လေဗာကူဆင် | ၂ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | အော့စ်ဘတ် |
| မိန့်ဇ် | ၄ | - | ၁ | ဟော်ဖန်ဟိမ်း |

**ဂလာဘတ်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟီဒန်ဟိမ်း | ၁ | - | ၁ | ဂလာဘတ် |
| ဂလာဘတ် | ၂ | - | ၀ | အူပန် |
| ဂလာဘတ် | ၀ | - | ၃ | ဖရိုင်းဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၃ | ဂလာဘတ် |
| ဂလာဘတ် | ၁ | - | ၂ | ဒေါ့မွန် |

### ဆဲလ်တာဗီဂိုအသင်းနဲ့ လက်တွဲရမှာပါ

စပိန်လာလီဂါပွဲစဉ် (၃၂) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆဲလ်တာဗီဂိုအသင်းနဲ့ လက်ပါးမက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြဘင်နီတက်ဇ်လက်အောက်မှာ တန်းမဆင်းရဖို့ကြိုးစားနေတဲ့ ဆဲလ်တာဗီဂိုဟာ ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ ဘက်တစ်ကိုနှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာကြောင့် တန်းဆင်းဇုန်က ရုန်းမထွက်နိုင်သေးတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ ဘက်တစ်ကို ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးကစားနိုင်ပေမဲ့ ဘက်တစ်အသင်းဂိုးသမားလက်စွမ်းပြသနိုင်မှုကြောင့် ဂိုးရဖို့ခက်ခဲသလို အသင်းရဲ့တိုက်စစ်မှူး လာဆင်နဲ့ အက်စ်ပက်တို့ အပိုင်အခွင့်အရေးတွေကို အသုံးမချနိုင်မှုကလဲ ရှုံးပွဲကြုံဖို့ အဓိကအချက်ဖြစ်သွားခဲ့တာပါ။ ဒါကြောင့် ၃၁ ပွဲအပြီးမှာ ရမှတ် ၂၈ မှတ်နဲ့ အဆင့်(၁၇) မှာ ရောက်ခဲ့ပြီး အဆင့်(၁၈) က ကာဒီဇက်နဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အခုပွဲကို အနိုင်ကစားနိုင်ရင်တော့ အမှတ်ပေးဇယားအဆင့်နှစ်ဆင့်လောက်ထိ တက်ရောက်နိုင်မှာဖြစ်ပါတယ်။ နောက်ဆုံးငါးပွဲမှာလဲ ရီးရဲလ်မက်ဒရစ်၊ ဘက်တစ်တို့ကိုသာ ရှုံးခဲ့ပြီး ဆီဗီလာ၊ အယ်မာရီယာ၊ ဗယ်လ်ကာနိုတို့ကို အနိုင်ရခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ လက်ပါးမက်လိုခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းကို နိုင်ပွဲရှာနိုင်မှာသေချာပါတယ်။

လက်ပါးမက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ခုနစ်ပွဲဆက်မှာ နိုင်ပွဲမရခဲ့ဘဲ ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီအိမ်ကွင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့တာကြောင့် ရမှတ် ၃၇ မှတ်ထိ စုဆောင်းနိုင်ခဲ့လို့ လာလီဂါမှာ ဆက်လက်ကစားခွင့်ရဖို့ သေချာနေတာဖြစ်ပါတယ်။ နောက်ပိုင်းပွဲစဉ်တွေမှာတော့ ကစားပုံပြောင်းလဲသွားတာကြောင့် ခံစစ်ပိုင်းအားနည်းချက်ဖြစ်ခဲ့ပြီး နိုင်ပွဲရဖို့ခက်ခဲနေတာဖြစ်ပါတယ်။အခုပွဲစဉ်ဟာ လက်ပါးမက်အနေနဲ့ ရှုံးခဲ့ရင် အမှတ်ပေးဇယားပြောင်းလဲမှုမရှိပေမဲ့ ဆဲလ်တာဗီဂိုအတွက်တော့ တန်းဆင်းရဖို့နီးကပ်သွားနိုင်တာကြောင့် တိုက်စစ်မြှင့်ပြီးနိုင်ပွဲရဖို့ ကြိုးစားလာမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း ၂၀၁၀ နောက်ပိုင်းတွေ့ဆုံမှုမှာ ဆဲလ်တာဗီဂိုအိမ်ကွင်းမှာ လက်ပါးမက်က တစ်ကြိမ်သာအနိုင်ရဖူးတာကြောင့် အိမ်ကွင်းအားသာချက်နဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ ဆဲလ်တာဗီဂိုအသင်းနဲ့ပဲလက်တွဲရမှာပါ။

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၀ | အယ်မာရီယာ |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | ဆဲလ်တာဗီဂို |
| ဆီဗီလာ | ၁ | - | ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၀ | - | ၀ | ဗယ်လ်ကာနို |
| ဘက်တစ် | ၂ | - | ၁ | ဆဲလ်တာဗီဂို |

**လက်ပါးမက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၃ | - | ၃ | လက်ပါးမက် |
| လက်ပါးမက် | ၀ | - | ၂ | ဘီလ်ဘာအို |
| လက်ပါးမက် | ၀ | - | ၁ | အယ်မာရီယာ |
| ဘာစီလိုနာ | ၁ | - | ၀ | လက်ပါးမက် |
| လက်ပါးမက် | ၀ | - | ၂ | ဆီဗီလာ |

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်တင်တင်မြင့်**
**ကထိက(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**
**အသက်(၉၃)နှစ်**

(ဆရာကြီး ဦးချစ်ဖေ)၏ဇနီး ဆရာမကြီး ဒေါ်တင်တင်မြင့်(၉၃)နှစ်၊ ကထိက(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်(ကန်တော့ခံဆရာမကြီး မြန်မာစာဌာန၊ စစ်တက္ကသိုလ်)သည် ၁၇-၄-၂၀၂၄ ရက်နေ့ ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

"ဆရာမကြီး ကောင်းရာသုဂတိရောက်ပါစေ"

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစု**

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နပ်၊ နာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ညအိပ်ရာမဝင်ခင် Cranberry ခေါ် အနီရောင်အချဉ်သီးဖျော်ရည် သောက်ပေးခြင်းဖြင့် အဆုတ်ထဲရှိ ဗက်တီးရီးယားပိုးမွှားများကို တိုက်ထုတ်ပေးနိုင်သည်။






# ယခုနှစ် မတ်လတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာလိုင်စင် ၁၅၄ ခု ခွင့်ပြုပေးခဲ့



**ရန်ကုန် ဧပြီ ၁၈**

ယခုနှစ် မတ်လတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာလိုင်စင် ၁၅၄ ခု ခွင့်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ သတင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်မှုများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍတွင် ဟိုတယ်လုပ်ငန်းလိုင်စင်၊ ဟိုတယ်တည်ဆောက်ခွင့်၊ ပြည်တွင်းခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ပြည်ပခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် ပြည်တွင်းဘုရားဖူး ခရီးသွားဝန်ဆောင်မှုလုပ်ငန်း အသိအမှတ်ပြုလက်မှတ် စသည်တို့ပါဝင်ကြောင်း၊ ယခုနှစ် မတ်လတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ လုပ်ငန်းလိုင်စင် ၁၅၄ ခု ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အတည်ပြုခွင့်ပြုပေးခဲ့သည့် လုပ်ငန်းလိုင်စင်များတွင် ဟိုတယ်လုပ်ငန်းလိုင်စင် လေးခု၊ ဟိုတယ်တည်ဆောက်ခွင့် တစ်ခု၊ ပါဝင်ပြီး လုပ်ငန်းလိုင်စင်များတွင် ပြည်တွင်းခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၆၄ ခု၊ ပြည်ပခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် ၄၂ ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၂၁ ခု၊ ပြည်တွင်းဘုရားဖူးခရီးသွားဝန်ဆောင်မှုလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၂ ခု ပါဝင်ကြောင်း သိရသည်။

ယခုနှစ် မတ်လအတွင်း ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းလိုင်စင်အားလုံးသည် ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ရာ ဟိုတယ်လုပ်ငန်းကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်း ၁၃၉ ဦး၊ ပြည်တွင်း၊ ပြည်ပခရီးလှည့်လည်ရေး လုပ်ငန်းမှ အလုပ်အကိုင်အခွင့်အလမ်း ၂၉၈ ဦး စုစုပေါင်း အလုပ်အကိုင်အခွင့်အလမ်း ၄၃၇ ဦး အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းလိုင်စင်များသည် ဟိုတယ်လုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ်အတွင်း ပထမဆုံးခွင့်ပြုပေးခဲ့သည့် လုပ်ငန်းလိုင်စင်များဖြစ်ကြောင်း သိရသည်။ (၁၃၆)

# မြိတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြိတ် ဧပြီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်းအိုးကျေးရွာအုပ်စု ဆလင်ကျေးရွာနှင့် တချင်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆလင်ကျေးရွာနှင့် တချင်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများ၊ ချေးငွေလျှောက်လွှာများ၊ ချေးငွေစာချုပ်များ၊ အတည်ပြုလွှာများ၊ လအလိုက် ပေးပို့ရသည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ အရင်း၊ အတိုးငွေများပြန်လည်ပေးဆပ်နိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆလင်ကျေးရွာနှင့် တချင်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၅၂၈ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။

ကိုညီ

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

The Best Quality Tyre

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR





TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

CAR TYRE

CYCLE TYRE



ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTOMEC



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ မန္တလေး (၆)မြို့နယ်အတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော မြက်ဖြတ်စက်၊ Mowen ချိန်းဆောကြိုး/လတ်၊ အပင်ပုံသွင်းစက်ရှည်/တို၊ ရေစုပ်စက်၊ ရေမော်တာ၊ ရေမြှုပ်မော်တာ၊ လက်တွန်း မြက်ဖြတ်စက်များ ဝယ်ယူသွားမည်ဖြစ်ပါသည်။

၂။ မန္တလေး (၆)မြို့နယ်အတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော မြက်ဖြတ်စက်၊ Mowen ချိန်းဆောကြိုး/လတ်၊ အပင်ပုံသွင်းစက်ရှည်/တို၊ ရေစုပ်စက်၊ ရေမော်တာ၊ ရေမြှုပ်မော်တာ၊ လက်တွန်းမြက်ဖြတ်စက်များ ဝယ်ယူမည်ဖြစ်ပါ၍ စက်ပစ္စည်း တင်သွင်းလိုသူများအနေဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) လျှောက်လွှာရောင်းချမည့်ရက် | - | ၂၅-၄-၂၀၂၄ မှ ၂-၅-၂၀၂၄ ထိ (ရုံးချိန်အတွင်း) |
| (ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက် | - | ၃-၅-၂၀၂၄ (သောကြာနေ့) ညနေ (၁၆း၃၀)နာရီ |
| (ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ | - | ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန (၆၂)Aလမ်း၊လမ်း၄၀နှင့်၄၁လမ်းကြား မနော်ရမ္မံရုံး |

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန (၆၂)Aလမ်း၊လမ်း၄၀နှင့်၄၁လမ်းကြားတွင် ဝယ်ယူနိုင်ပါသည်။
အသေးစိတ်သိလိုပါက (၀၉-၇၇၄၄၆၄၃၅၂) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဆရာမကြီး ဒေါ်တင်တင်မြင့်
### ကထိက(ငြိမ်း)မြန်မာစာဌာန၊ စစ်တက္ကသိုလ်
### အသက်(၉၃)နှစ်

ကန်တော့ခံဆရာမကြီး ဒေါ်တင်တင်မြင့်(မြန်မာစာဌာန၊ စစ်တက္ကသိုလ်)သည် ၁၇-၄-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက်(၁၁း၂၀)နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

"ဆရာမကြီးကောင်းရာသုဂတိရောက်ပါစေ"

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှ တပည့်များ**


### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာနေ ဦးခင်မောင်လွင်-ဒေါ်မာမာအေး တို့၏သားဖြစ်သူ **မောင်ဟန်ဝင်းအောင် (၉/မမစ(နိုင်)၀၈၄၀၈၄)**သည် မိဘဆွေမျိုးမောင်နှမတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်မောင်လွင်(၁၃/လရန(နိုင်)၀၈၁၁၇၆)**

**ဒေါ်မာမာအေး(၉/မရတ(နိုင်)၁၂၄၀၂၇)**

**မူးယစ် ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ဆရာ၊ ဆရာမ လျှောက်လွှာခေါ်ယူခြင်း

မန္တလေးမြို့၊ **အောင်ပန်းမြေ** ကိုယ်ပိုင်အလယ်တန်းကျောင်းတွင် သင်ကြားရေးတာဝန်ထမ်းဆောင်နိုင်မည့် (ဘွဲ့ရ) ဆရာ၊ ဆရာမများ (၃၀-၄-၂၀၂၄)ရက်၊ အင်္ဂါနေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံစာများနှင့်အတူ အောက်ပါကျောင်းလိပ်စာနေရာများတွင် လျှောက်ထားနိုင်သည်။ Green Card ရပြီးသူ၊ အင်္ဂလိပ်စာ ကျွမ်းကျင်သင်ကြားနိုင်သူကို ဦးစားပေးရွေးချယ်မည်။

၁။ ၆၂ (B)လမ်း၊ ၁၁၀ (A) နှင့် ၁၁၁ လမ်းကြား၊ မန္တလေးမြို့။

၂။ ၄၀ လမ်း၊ ၈၁ နှင့် ၈၂ လမ်းကြား၊ မန္တလေးမြို့။

ဆက်သွယ်ရန်ဖုန်း ၀၉-၄၀၂၇၀၈၈၄၃ (09-402708843)

**ကျောင်းကော်မတီ**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေးစနစ်နှင့်သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထား ဆောင်ရွက်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင်ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

## နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ

**မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မြန်မာနှစ်သစ်မင်္ဂလာအခါသမယမှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံး ဘေးရန်ကင်းကွာ၍ ကိုယ်စိတ်နှစ်ဖြာ အစဉ်ထာဝရ ကျန်းမာချမ်းသာကြပြီး အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး တိုးတက်အောင်ထမ်းရွက်နိုင်ကြပါစေကြောင်း၊ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။**

ရတနာပုံသတင်းစာတိုက်မိသားစု

## ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၈**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ဧပြီ ၁၈ ရက်တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဖြစ်သော

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**



**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၂၉/၂၀၂၄ ထုတ်ပြန်** *စာမျက်နှာ - ၁၈*

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၃၀/၂၀၂၄ ထုတ်ပြန်** *စာမျက်နှာ - ၁၈*

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၃၁/၂၀၂၄ ထုတ်ပြန်** *စာမျက်နှာ - ၁၈*

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၃၂/၂၀၂၄ ထုတ်ပြန်** *စာမျက်နှာ - ၁၈*

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။


၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

OUR SERVICES

Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Service
Loans , Overdraftand Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services




မှန်သည် မြန်သည် မြဝတီ

Phone No: (01) 2301367, 2301368, 2301452, 2301378